www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၅၊ ဇွန်လ။
ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဆက်
အမှတ် ၃၃၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ဈေး - ၁၆၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃

မမသဒ္ဒါမောင်
လကိုစားသည့်ဗိုင်းရပ်စ်နေ/ မမသဒ္ဒါမောင် - ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၈၀ - စာ ၊ ၁၂.၃ × ၁၈ စင်တီ။
(၁) လကိုစားသည့်ဗိုင်းရပ်စ်နေ

မမသဒ္ဒါမောင်

# လကိုစားသည့် ဗိုင်းရပ်စ်နေ

www.burmeseclassic.com

www.burmeseclassic.com

You cannot be lonely if you like the person you're alone with.

**(Wayne Dyer)**

သင်ဟာ တစ်ယောက်တည်းနေရတာကို ကြိုက်နှစ်သက်တယ်ဆိုလျှင် အထီးကျန်ခြင်းဆိုတာ မဖြစ်နိုင်ပါ။

(ဝိန်းနိုင်ရာ)

www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းလျှင် သနပ်ခါးရနံ့ လှိုင်လှိုင်မွှေးလျက် သူ့ကို လာနှိုးမည့်သူ၊ ညမအိပ်ခင် ခုတင်ထက်မှာ စာအုပ်ကိုယ်စီကိုင်လျက် စာအတူဖတ်မည့်သူ၊ ဖတ်ပြီးသည့် စာအုပ်တိုင်းကို အကြောင်းပြခွေးနွေးရင်း ငြင်းခုန်မည့်သူ၊ အလုပ်နားချိန်မျိုးမှာ ခြံထဲထိုင်ရင်း စကားလက်ဆုံကျမည့်သူ…ထိုသို့သော မိန်းကလေးမျိုးကိုသာ လိုလားစွာ တောင့်တမိနေတာပါ။

မင်းအက္ခရာ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

Bathroom ထဲမှာ ရေချိုးနေရင်း လေချွန်နေမိ၏။ English Song အေးအေးလေးရဲ့ သံစဉ်တေးသွားအတိုင်းပါပဲ။ ရေချိုးကန်ထဲမှာ ရေစိမ်နေတာမို့ shower gel အနံ့က ခပ်မွှေးမွှေး ဖြစ်နေသလို အမြှုပ်လေးတွေပါ ထနေတာပါလေ။ နိုင်ငံခြားဇာတ်လမ်းတွေမှာဆို မင်းသား Wine တစ်ခွက်မော့ရင်းပေါ့။

အတွေးဖြင့် သူပြုံးလိုက်မိပါ၏။ သူက လွတ်လပ်စွာ ပျော်ရွှင်ချင်သူ။ ချုပ်နှောင်တာကို မနှစ်သက်သူ။ စိတ်စေရာအတိုင်း ပျော့ပါတတ်သူပါ။ ဒယ်ဒီနှင့်မာမိက သူ့ကို မွေးပေးခဲ့သလို သူ့ရုပ်ရည်က



www.burmeseclassic.com

www.burmeseclassic.com



အများထဲမှာ ထင်းခနဲ မြင်သာထင်ရှားပြီး ချောမောနေသလို ယောက်ျား ပီသသည့် အမျိုးသားတစ်ယောက် ဖြစ်နေတာပါ။

ဒီတော့ ဒီမျက်နှာ၊ ဒီ body၊ ဒီ style ကိုမြင်ရုံနှင့် မဒီ ကညာလေးတွေ အလိုလို ယိမ်းယိုင်လာတော့တာ မဟုတ်ပါလား။ သူကလည်း လူပါးတစ်ယောက်ပါလေ။ ဒီလို ခပ်မိမိ ကောင်မလေး တွေနှင့် ခဏတစ်ဖြုတ် ငြိတွယ်တတ်သလို သိပ်မကြာခင်မှာပင် ငြီးငွေ့ပြီး ခေါက်လိုက်တော့တာပါ။ ဘာကိုမှ အစွဲအလန်း မထားတတ် သလို ဝါသနာပါသည့်အလုပ်ကိုသာ လုပ်နေတာလေ။

Free style, Free life နဲ့ နေနန္ဒနိုင် ပါပဲ။

"ဒေါက် ဒေါက်"

"သားရေ Sunny ... သားသူငယ်ချင်းရောက်နေပြီ။ မြန်မြန်လုပ်လေ၊ Hurry up"

ကျစ်။ မာမီ့အသံကြောင့် အတွေးစ ပြတ်သွားရပါ၏။ အတော်နှောင့်ယှက်တဲ့ ဘော်ဒါပါပဲလား။ သူက ရေချိုးလျှင် ဇိမ်ရှိရှိ ဖြင့် အချိန်ယူကျင့် ရှိတာပါ။ အလောသုံးဆယ်ဖြင့် မြန်မြန်မလုပ် တတ်သလို ဘာမဆို အကွက်ချပြီး Plan ဆွဲကာ ပြီးအောင် လုပ်ရ တော့မှာပါပဲ။

ဟိုကောင်က တခြားလူငယ်တွေလို မဟုတ်။ ညေ့ခန်းမှာ





ဆက်တီပေါ် ငုတ်တုတ်လေးထိုင်ပြီး စောင့်နေမှာကိုး။ လူငယ်ချင်း အတူတူ သူငယ်ချင်း အခန်းထဲ ဝင်ရမှာကို ရှိန်လန့်တတ်သည့် လူရိုးလေးပါပဲ။ ဝတ်ပုံစားပုံ ခေတ်မီပေမယ့် မင်းအကွာရဟာ သူ့ စည်းကမ်းနဲ့သူ နေကျင့်ရှိသည့် လူငယ်တစ်ဦးပါပဲ။

ရေပန်းအောက်မှာ သွားရပ်ကာ ရေချိုးခြင်းကို လက်စသတ် ရပါ၏။ အားနာရကောင်းမှန်း မသိတတ်ပေမယ့် နောက်ထပ်တစ်ကြိမ် မာမီ လာခေါ်မှာကို မလိုလားတာကြောင့်ပါ။ Towel အကြီးကို ခါးမှာ ပတ်ကာ Towel အလတ်ဖြင့် မျက်နှာနှင့်ခန္ဓာကိုယ်ကိုသုတ်ရင်း ရေချိုးခန်းထဲမှ ထွက်လိုက်ပါသည်။

စိုနေသည့် ဆံပင်တို့ကို ခပ်ထပ်ထပ်လေးသုတ်ကာ Hair Dryer လေနွေးနွေးဖြင့် မှုတ်လိုက်ပါ၏။ ပြီးနောက် ဘီးဖြင့် အကြမ်း ဖျင်းဖြီး လိုက်ပါသည်။ သူ့ဆံပင်က သိပ်မနု သိပ်မကြမ်းသလို အရမ်း တိုအောင် မညှပ်ထားသည့် Hair Style ပါ။ မျက်နှာ အဆီမပြန် အောင် Mistine မှထုတ်သည့် အမျိုးသားသုံး Cream ကို အသားထဲ စိမ့်ဝင်အောင်လူးလိုက်ပါ၏။

နံရံကပ်ဗီရိုထဲမှာ အစီအရီချိတ်ထားပါသည့် shirt တွေကို ကြည့်ကာ ခေါင်းခါလိုက်မိ၏။ နောက်ထပ် တစ်ဗီရိုမှာရှိသည့် sport shirt တွေထဲမှ မိုးပြာရောင်နုနုလေးကို ရွေးဝတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းမင်းက အဖြူရောင်နှစ်သက်ပြီး ဘယ်တော့မဆို စွပ်ကျယ်ခံဝတ်တတ်သူပါ။ Under ware ကို အရင်စွပ်ပြီးမှ Pants ထဲမှ နက်ပြာရောင်ကို ရွေးဝတ်လိုက်၏။ စီချိတ်ထားပါသည့် ခါးပတ်များထဲမှ လူငယ်ဆန်ဆန် ခပ်ရှင်းရှင်း ခေါင်းနှင့်အနက်ရောင်ကို ယူပတ်လိုက်ပါသည်။

မှန်ထဲမှာ ကိုယ့်ကိုယ်ကိုယ် သေချာပြန်ကြည့်ကာ သေသပ်စေရန် စစ်လိုက်၏။ ဆံပင်ကို Hair Spray ဖြင့် ခပ်ဖွဖွ မှုတ်လိုက်ပြီး အမွှေးနံ့သာနှစ်သက်သူမို့ မမေ့မလျော့ပါပဲ အံဆွဲထဲမှ Centric Perfume ကို အင်္ကျီလည်ပင်းကော်လံတစ်ဝိုက် နည်းနည်းစီ စွတ်လိုက်ပါ၏။ ပြင်ဆင်ခြင်း ပြီးလေပြီ။

ကားသော့နှင့် ပိုက်ဆံအိတ်ကို ယူကာ လက်ပတ်နာရီဝတ်လိုက်ပါသည်။ ခေါင်းအုံးနားမှာ ရှိနေသည့် ဖုန်းကိုလှမ်းယူလိုက်ပြီး အခန်းဝဆီ လှမ်းခဲ့ပါ၏။ စင်မှာတင်ထားသည့် shoe များထဲမှ အနက်ရောင်ကိုပင် လှမ်းယူကာ တံခါးဖွင့်ထွက်လိုက်ပါသည်။

လှေကားမှ ခပ်သုတ်သုတ် ဆင်းလာတော့ မင်းမင်းကို ထုံးစံအတိုင်း ဧည့်ခန်းမှ ငြိမ်ငြိမ်လေး ထိုင်နေတာကို မြင်ရလေ၏။ Shoe ကို အိမ်အဝင်ဝတံခါးနားမှာ သွားချလိုက်ပြီး ဧည့်ခန်းဆက်တီရှိရာ ပြန်လျှောက်ခဲ့ပါသည်။ ဒီသူငယ်ချင်းက သူ့အပေါ် သံယောဇဉ်အရှိဆုံး





မဟုတ်ပါလား။

"ဘယ်လိုလဲဟေ့ကောင် ... ကောင်မလေးရပြီလား"

"အာ ... မင်းကတော့ လုပ်ပြီ"

"ဟုတ်တယ်လေ၊ အသက်ပဲ (၃၀) ပြည့်နေပြီ။ ဘယ်မလဲ lady တွေ၊ baby တွေ"

"မရှိပါဘူး နန္ဒရာ"

"ညှိရင် ညှိတယ်လို့ဝန်ခံစမ်းပါကွ"

"အေးပါ ... အေးပါ၊ ငါမြင်တာနဲ့ နှိပ်ကွပ်ခန်းကစပြီ"

သူ ခပ်တိုးတိုးရယ်လိုက်မိ၏။ မာမီက မင်းမင်းဖို့ ကော်ဖီဖျော်လာပေးလေသည်။ ဒီကောင်က လူကြီးသူမတွေကို ရိုသေလေးစားတတ်တာမို့ အခုလာ အခုထပြန်တာမျိုး မလုပ်တတ်ပါလေ။ နည်းနည်းတော့ စောင့်ရဦးမှာပါပဲလား။

"သားလုပ်ငန်းရော အဆင်ပြေလား မင်းမင်း"

"ဟုတ်ကဲ့၊ ပြေပါတယ် အန်တီ"

"အမြတ်အစွန်းရော ရရဲ့လား သားရယ်"

"နည်းနည်းပါးပါးတော့ ရပါတယ် အန်တီ။ သိပ်အများကြီးတော့ မဟုတ်ဘူးပေါ့"

"ငါ ပြောသားပဲ၊ ငါ့ဆိုင်မှာ လာလုပ်ပါဆို။ လုပ်ငန်းငွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ထပ်၊ ငွေလည်း အမြတ်အများကြီးလည်း ရမယ်။ ပြီးတော့ မင်းအတွက် မျက်စိအဆာပြေလည်းရမှာ မဟုတ်ဘူးလား''

''သားကတော့ လုပ်ပြီ၊ မင်းမင်းအကြောင်းလည်း သိရဲ့ သားရဲ့ စပြန်ပြီ''

''ရှာပေးရမယ် မာမိရေ တော်ကြာ ဒီကောင် ဂုက်ပျောတုံး ဖက်မှမှာစိုးလို့ပါ''

''သားသာ မာမီ့အတွက် ချွေးမချောချောလေးသာ ရှာလာပါ Sunny ရယ်။ အပျော်ချည်း လျှောက်တွဲချင်စမ်းပါနဲ့''

''မိန်းမယူရင် ခြေချုပ်မိမှာပေါ့ မာမိရ။ ဒယ်ဒီ့ကို မြင်နေရ ကတည်းက lesson ရပြီးသား။ စိတ်ရှုပ်ရတာမျိုး နေနန္ဒနိုင်တို့ လုံးဝမလုပ်ဘူး မာမိရေ။ သောက်ပြီးရင်သွားမယ် မင်းမင်း let's go''

''ကြည့် . . . မအေပြောနေတာကို''

''မင်းကားကြီးထားခဲ့စမ်းပါကွာ။ ပွဲကပွဲနဲ့''

''ဆိုင်မှာ ဝင်ထားခဲ့ပါ့မယ် နန္ဒရာ၊ မင်းကလည်း''

''အသစ်ဝယ်ပါတော့ဆို။ ကားဈေးတွေ ဒီလောက်ကျနေတာ''

''ငါက မင်းလို ငွေမပေါဘူးကွ''



''မညည်းစမ်းပါနဲ့ အဘိုးလေးရာ''

နှစ်ယောက်သား တီးတိုးရယ်လိုက်ကြပါ၏။ ကားကိုယ်စီဖြင့် မြို့ထဲဘက် မောင်းလာရင်း မင်းအကျွရာ၏ Heart Coffee ဆိုင်မှာ ကားဝင်ထားခဲ့လေသည်။ သူစီးနေသည့်ကားက နောက်ဆုံးပေါ် Brand အသစ် မဟုတ်လား။ လူလည်း ခပ်လန်းလန်း၊ စီးတဲ့ကား လည်း ခပ်ဆန်းဆန်းဖြစ်မှ Match ဖြစ်တော့မှာလေ။ ဒီခေတ်မှာ ဒီလို style မှ မရှိရင် ဘယ်ခေတ်မီတော့မှာလဲ။

''သက်နောင်တို့နဲ့ တွေ့ဖြစ်သေးလား''

''အေး . . . ငါ့ studio ကို မကြာမကြာ လာပါတယ်''

''Outdoor ရော ထွက်လား''

''အင်း၊ customer တွေ ဆန္ဒရှိရင် ထွက်ရတာပေါ့။ ဘာလဲ တစ်ယောက်လောက် အမိဖမ်းချင်လာပြီလား''

''မဟုတ်ရပါဘူးကွာ၊ ဒီခေတ်ကောင်မလေးတွေ အသုံး အဖြုန်း ကြီးကကြီးနဲ့ မလွယ်ပါဘူး''

''လူပျိုကြီးလုပ်မယ်လို့တော့ စိတ်မကူးနဲ့ မင်းမင်း၊ ပျင်းစရာ ကြီးဖြစ်လိမ့်မယ်''

''အဲဒီလိုတော့ မရှိပါဘူး''

''မင်း ဘယ်လိုမိန်းမမျိုးကို သဘောကျလဲ''

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောမှပဲ နန္ဒရာ၊ မိန်းကလေးတွေက ငါတို့အတွက် အပန်းဖြေစရာကျနေတာပဲ။ အားမနာဘူးလား"

"ဟ . . . မှန်တာပဲလေ၊ သူတို့လုနေတာကို အားပေးဖို့က ငါတို့တာဝန်ပဲဟာ။ မလှလှအောင်ကိုလည်း ကြိုးစားခြယ်သနေကြတာ မဟုတ်လား။ ငါတို့မှအားမပေးရင် အလကား နှမြောစရာကြီးဖြစ်နေလိမ့်မယ်။ မှတ်ထား မင်းမင်းရ . . . မိန်းမဆိုတာ ကြည့်ဖို့ ချစ်ဖို့ ရင်ခုန်ဖို့အတွက် သဘာဝတရားကြီးက ဖန်ဆင်းပေးထားတာ"

"ရှုပ်ပါ့ကွာ"

"ဘာလဲ . . . ငါ့ကို စိတ်ထဲကနေ တဏှာရူးလို့တော့ ပြောမနေ့ပါဘူးနော်။ ယောက်ျားမှာ ဘူးနဲ့ဒူးပဲဆို။ ငါက ဘူးပဲရွေးမယ်မောင်။ ဂန်ဒူးလို့တော့ အခေါ်မခံနိုင်ဘူး။ သိတယ်မှတ်လား။ ဒီခေတ်မှာ ဒီရုပ်ရည်မျိုးဆို အများက မစိုတဲ့ကောင်လို ကြည့်ကြမြင်ကြတာ မဟုတ်လား"

မင်းအကွရာ ရယ်လေတော့၏။ အလုပ်လုပ်ကြတာချင်း အတူတူ သူက Camera တွေ အများကြီးနဲ့ Photographer လုပ်နေတာပါ။ အစကဖြင့် အပျော်တမ်းဓာတ်ပုံဆရာ ဖြစ်ခဲ့ပေမယ့် သူ့စိတ်ကြိုက်ရိုက်ခဲ့သည့် သဘာဝဓာတ်ပုံနဲ့ ပြိုင်ပွဲမှာ ဝင်ပြိုင်ရင်း ဆုရခဲ့တာမို့ နာမည်ကြီးခဲ့ရတာပါ။ သိတယ်မဟုတ်လား။ နာမည်လေးရတာနဲ့





သူ့အနီးနားမှာ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတော့တာပါလေ။

အထာမပေးပါဘဲ အလွယ်တကူ ကပ်တတ်ကြတဲ့မိန်းကလေးတွေကြောင့် သူက မျက်နှာများတဲ့မောင် ဖြစ်ခဲ့ရတာပါ။ ချစ်ဝယ်ဆိုတာကို သေသေချာချာ မပြောရပါဘဲ အိုကေဆိုပြီး တွဲခဲ့တဲ့ ကောင်မလေးတွေက လက်ချိုးရေလို့တောင် မရတော့တာပါလေ။ ဒီကမ္ဘာကြီးပေါ်မှ 'မ' ဦးရေက 'ကျား' ဦးရေထက် ပိုများနေတာ မဟုတ်ပါလား။

ဒီတော့ သူ့အတွက် အပျော်ညေးစားဆိုတာတွေကဖြင့် ဟောတစ်ယောက် ဟောတစ်ယောက်ဖြင့် လူမထပ်အောင်ရှိတာ ဘာများထူးဆန်းလို့ပါလဲ၊ စိတ်လှုပ်ရှားရတာ ဘာများထူးဆန်းလို့ပါလဲ၊ စိတ်လှုပ်ရှားရတာ၊ ရင်ခုန်ရတာတို့က သူ့အတွက် အထူးအဆန်းမဟုတ်သလို စိတ်အာသာပြေရုံသာ ဖြစ်နေတာပါ။ အချစ်ဆိုတာ ဘာလဲ၊ သူ သေချာမသိ၊ သိစရာလည်းမလိုဟုသာ ယူဆထားတာပါလေ။

"လာလိုက်တဲ့ဖုန်းတွေကွာ၊ ဘာတွေလဲ နန္ဒရ"

"ကျစ် . . . အလကား အီစီကလီတွေပါကွာ။ တမင်မကိုင်တာ"

"မင်းကောင်မလေးတွေလား"

"ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"နန္ဒ . . . နန္ဒ၊ ရင်ခုန်တိုင်းကစားရတာ ခုထိ မပျင်းသေးဘူးလား။ ကိုယ်လက်ထပ်မယ့်တစ်ယောက်ကိုပဲ သတ်သတ်မှတ်မှတ် ရွေးတော့လေကွာ"

"လက်ထပ်ဖို့"

"အေးလေ"

"မင်းသာရှာပါ မင်းမင်းရာ။ လွတ်လပ်နေရင် မြင်သမျှမိန်းမတွေကို စိတ်ကြိုက်ကြည့်လို့ရတယ်၊ ချစ်လို့ရတယ်။ မိန်းမယူလို့ ခြေချုပ်လည်းမိရော တစ်ယောက်ပဲ ချစ်ခွင့်ရှိတော့မှာပေါ့ကွ"

"မင်းက ဘူးအဆင့်မက ဂိုဒေါင်အဆင့်ဖြစ်နေပြီ"

သူ တဟားဟား အော်ရယ်လိုက်မိပါ၏။ သူငယ်ချင်းအုပ်စုထဲမှာ မင်းအကျရာက အအေးဆုံးမဟုတ်ပါလား။ ဆုံကြတိုင်း Heart မှာပဲဖို့ ညွှန်ခံရတာက မင်းမင်းပါလေ။ လူစုံတိုင်း သူနဲ့ တခြားသူငယ်ချင်းတွေက ပြောစရာတွေအကုန်ရှိပြီး မင်းမင်းကဖြင့် ပြောစရာမရှိသလို နှုတ်ဆိတ်ပြီး နားထောင်သမားသပ်သပ်သာ ဖြစ်နေတာပါ။

သို့သော် . . . ဒီကောင်က စာအုပ်တွေအများကြီး ဖတ်တာမို့ ဗဟုသုတမျိုးစုံက မင်းမင်းရဲ့ဦးနှောက်ထဲမှာ အပြည့်နီးပါးပါပဲ။ နိုင်ငံတကာကို လှည့်လည်တာမျိုး မရှိပေမယ့် ဒင်းမသိတဲ့နေရာက မရှိသလောက် ဖြစ်နေတာ မဟုတ်ပါလား။ တခြားသူငယ်ချင်းတွေ





နိုင်ငံခြားက ပြန်လာပြီးဆိုရင် ပင်တိုင်စကားပြောနိုင်သည့်လူက မင်းအကျရာသာပါလေ။

Internet တွေ ဘယ်လောက်သုံးသုံး ဘယ်လိုပဲ လေ့လာပါစေ အလယ်တန်းကတည်းက စာဖတ်ခဲ့သည့် မင်းမင်းလောက် ဘယ်သူမှ စကားပြောမပြည့်ဝနိုင်တာကို သူ ဝန်ခံပါသည်။ စာတွေ သိမ်းကျုံးဖတ်လို့လည်း ဒင်းမျက်စိ Power တွေတိုးပြီး မျက်မှန်အမြဲတပ်နေရပြီလေ။

"ငါမေးထားတာ မင်းမဖြေသေးဘူးနော်"

"အင်း"

မင်းမင်းက ပြုံးရင်း ကားပြတင်းမှ အပြင်ကို ငေးနေလေ၏။ ရှက်တဲ့နေရာမှာလည်း နှစ်ယောက်မရှိ။ ဒီခေတ်ကောင်မလေးတွေက ခပ်ကဲကဲနဲ့ ဆိုင်မှာ ဒင်းကို ပိုင်ရှင်မှန်းမသိဘဲ မထိတထိအကြည့်နဲ့ မကြားတကြား စသွားတတ်တာပါလေ။ ဒင်းအေးပုံနဲ့တော့ မိန်းကလေးကစပြီး I love you ပြောရမယ့်ပုံစံပါပဲ။

"စံသတ်မှတ်ထားတာမျိုး မရှိပါဘူးကွာ။ အေးအေးဆေးဆေး နေတတ်ရမယ်။ ငါနဲ့ ဝါသနာတူရမယ်။ ပြီးတော့ အမေ့ကို ရှိသေပြီး နားလည်မှုရှိရင် ပြီးပြီ"

"ဘာရယ်"



www.burmeseclassic.com

www.burmeseclassic.com



အထူးအဆန်းပါပဲလား။ ကိုယ်ရွေးချယ်မယ့်မိန်းကလေးကို ရင်ခုန်သံထပ်တူနဲ့ ချစ်ခြင်းတွေရှိမှသာ လက်တွဲဖော်အဖြစ် ရွေးသင့်တာ မဟုတ်ပါလား။ အခုတော့ အဆန်းတကြယ်ဖြင့် နားလည်မှုနဲ့ ရွေးမတဲ့လေ။ တကယ်ဆို အရပ်အမောင်းက ဘယ်လောက်၊ ခန္ဓာကိုယ် အချိုးအစားက ဘယ်လို၊ ဆံပင်က ဘယ်ပုံ၊ မျက်နှာက ဘယ်ရွေ့ဘယ်မျှ ပုံစံဆိုပြီး ပြောရမှာ မဟုတ်ပါလား။

"မင်းမင်း"

"ပြော"

"ဘယ်မှာလဲ အချစ်"

"အချစ်ဆိုတာ စိတ်ရဲ့ခံစားမှုပါ နန္ဒရာ။ အိမ်ထောင်ရေးမှာ အချစ်က မြူမှုန်လောက်ပဲ အရာထင်တတ်တာမျိုးပါ။ မင်းပြောတဲ့ အချစ်ဆိုတာနဲ့ ကမ္ဘာကိုတည်ဆောက်လို့ မရဘူး။ ပေးဆပ်ခြင်းတွေ၊ နားလည်မှုတွေ၊ ညှိနှိုင်းတိုင်ပင်မှုတွေနဲ့မှ တည်ဆောက်လို့ရတာကွ"

လုပ်ချလိုက်လေပြီ။ အလုံးကြီးကြီးနဲ့ ထုတယ်ဆိုတာ ဒါမျိုးပေါ့။ ဝါသနာမတူဘဲ ပေါင်းရတဲ့ သူငယ်ချင်းနဲ့ သူက ရည်ရွယ်ရာ လမ်းကြောင်းက မတူတာ အမှန်ပါပဲလား။



# အခန်း (၂)

ဆိုင်ကို သန့်ရှင်းစင်ကြယ်အောင် ကိုယ်တိုင်ပါဝင်ပြီး Cleaning လုပ်နေပါ၏။ ကော်ဖီဆိုင်မို့ မနက်စောစော Breakfast လာစားသူတွေ ရှိနေလို့ပါလေ။ လမ်းဘေးရှိ ဟာလာဟင်းလင်းဆိုင်မျိုး မဟုတ်ဘဲ မှန်လုံဆိုင် Aircon နဲ့မို့ ဆိုင်မှာရောင်းချသည့် အစားအသောက်က သိပ်ဈေးမကြီးပါလေ။

လူမျိုးဘာသာမရွေး လူတန်းစားမရွေး ဝယ်စားသောက်လို့ရအောင် ပြင်ဆင်ရောင်းချခြင်း ဖြစ်ပါသည်။ ဆိုင်ဝန်ထမ်းတွေကို ယောက်ျားလေး (၅) ဦးသာခန့်ထားပြီး အဖျော်ဆရာအပါအဝင် သူနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပါဆို (၇) ဦးသာ ဦးဆောင်ဖွင့်နေတာပါ။ ကော်ဖီ၊ လက်ဖက်ရည်၊ နွားနို့၊ ကွေကာ စတာတို့နှင့် တွဲစားလို့ရရန် မုန့်တွေကို order မှာပေးပြီး လက်ရှိ ပူပူနွေးနွေးစားသောက်ချင်ပါက သူကိုယ်တိုင် ဝင်လုပ်ပေးတာပါ။

ဆေးကြောတာတို့ကို အလိုက်သင့်သလို ဝင်လုပ်ပေးရပါ၏။ တစ်ချိန်လုံး ရေကိုင်ရတာမျိုး မဖြစ်စေချင်၍ ယခုလို သူ စီစဉ်ထားခြင်းပါပဲ။ သူကိုယ်တိုင် မညည်းမညူ ဝင်လုပ်တာမို့ နိုကပ်သည့် ဝန်ထမ်းဟူ၍ မရှိသလောက်ပါ။ နားရက်ကို အလှည့်ကျယူစေပြီး Kitchen မှ ကိုမျိုးနားပါက ထိုနေရာကို သူသာယူရလေ၏။ Waiter တွေက တာဝန်မကြီးပေမယ့် သူနှင့်ကိုမျိုးက အရေးကြီးတဲ့နေရာမှာ တာဝန်ယူထားရတာပါ။

"ဒေါက် ဒေါက်"

ကောင်တာမှန်ဗီရိုကို ပြောင်အောင်တိုက်နေစဉ် ဖိုးသားက မှန်ပေါ်ကို ခပ်တိုးတိုးမျှ ခေါက်ကာ သတိပေးလိုက်တာမို့ လူက သတိအနေအထားဖြင့် ခါးကိုမတ်လိုက်ရလေ၏။ အကြည့်က အဝင်ဝသို့ရောက်သွားစဉ် သက်ပြင်းကို ရှိုက်ထုတ်လိုက်မိတော့သည်။ စောစောစီးစီး လူကို အသက်ရှူကျပ်အောင် လာရှုပ်ပြန်ပါရောလား။

မှန်တံခါးကို တွန်းဖွင့်ဝင်လိုက်သည့် ကောင်မလေး သုံး





ယောက်ထဲမှ ရယ်မောသံထွက်လာလေ၏။ ထိုင်နေကျဝိုင်းမှာ ကောင်မလေးနှစ်ယောက်က ထိုင်ချလိုက်ပေမယ့် အားကစားဘောင်းဘီတိုနီနီရဲရဲလေးဝတ်ထားသည့် ကောင်မလေးက သူရပ်နေရာဆီ တည့်တည့်ကြီးကို လျှောက်လာတော့တာပါလေ။

ခါတိုင်း ရှောင်လို့ရခဲ့ပေမယ့် ဒီနေ့တော့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး တိုးတော့တာ မဟုတ်လား။ Customer ကို တလေးတစားဆက်ဆံတတ်ဖို့ သင်ပေးခဲ့တဲ့ ဆရာကြီးရဲ့ မျက်ဖြူဆိုက်ကိန်းကို ဝန်ထမ်းချာတိတ်တွေ၏ ကျိတ်ပြုံးကာ မခံချိ မခံသာဖြစ်စေတာပါပဲ။ ခက်ချေပြီကော မင်းအကွာရာ။

"မင်္ဂလာပါခင်ဗျာ ... ဘာများအလိုရှိလို့ပါလဲ"

"Morning! လိုချင်တာပြောရရင် တကယ်ပေးမှာမို့လို့လား"

အားပါး၊ စလာကတည်းက အချိုကြီးပါလား။ ကြည့်ရတာ စောစောထပြီး စက်ဘီးစီး Exercise လုပ်ခဲ့ပုံပါ။ ယခုနသည့်မျက်နှာက ရှိလှမှ (၁၇) (၁၈) ခန့် အရွယ်ဟု ခန့်မှန်းမိတာလေ။ သူ့ထက် (၁၀) နှစ်ကျော်ကျော် ငယ်လွန်းပါသည့် မိန်းကလေး၏ ရဲတင်းသွက်လက်ဟန်တို့က လူကို စိတ်ရှုပ်စေတာမဟုတ်ပါလား။

"ကျွန်တော်တို့ဆိုင်ထဲမှာ ရောင်းတဲ့ စားသောက်ကုန်တွေကို ပြောတာပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"Snow ကလည်း ဆိုင်ထဲမှာရှိတာကိုပြောနေတာပါပဲ"

လက်ထဲမှာ အဝတ်ကိုဆုပ်ကိုင်ထားရင်း မတ်မတ်ရပ်နေမိ၏။ လက်ဆေးရဦးမယ်။ စကားလာပြောနေသည့် ညှိုသည်ကို စကားမပြောဘဲ ရှောင်ပါက မလေးစားဘဲ ရိုင်းရာကျတော့မည်လေ။ သူ့အဖြစ်က သိပ်ကြီးမခက်ခဲပေမယ့် စိတ်ထဲမှာ တင်းကျပ်လာသည့် ခံစားမှုကတော့ အမှန်ပါပဲ။

"နာမည် ဘယ်လိုခေါ်လဲဟင်"

မျက်နှာမရဲအောင် မနည်းကြိုးစားနေရပါ၏။ ဝန်ထမ်းအားလုံး နာမည်ရင်ထိုးတပ်ကြပေမယ့် ဆင်တူ uniform အဖြူနှင့် ဘောင်းဘီအနက်ဝတ်ထားပါသည့် သူ့ရင်ဘတ်မှာ ဘာရင်ထိုးမှ ရှိမနေပါချေ။ မေးလေပြီကော။ မပြောရင် ပြဿနာဖြစ်လာနိုင်ပါသလား။

"ကျွန်တော်"

"ရင်းနှီးခင်မင်ချင်တဲ့ သဘောမျိုးနဲ့ မေးမိတာပါ။ ဒါမှ ခေါ်ပြော နှုတ်ဆက်လို့ရမှာလေ။ နှင်းပွင့်ဖြူဖြူပါ"

သူ့ထံကမ်းပေးလိုက်သည့် လက်ချောင်းဖြူဖြူလေးတွေမှာ ရွှေလက်စွပ် (မဟုတ်သေးပါဘူး) ပတ္တမြားလက်စွပ်က ရဲရဲနီနေတာပါ။ နှင်းပွင့်ဖြူဖြူတဲ့။ နာမည်နှင့်လူက လိုက်ဖက်ပါသော်ငြား အမှ





အရာကဖြင့် ပွင့်လင်းရဲတင်းသလိုနှယ်ပါလေ။

"ဟုတ်ကဲ့ ... မင်းအကွာရာပါ နှင်းပွင့်ဖြူဖြူ။ ကျွန်တော် လက်မဆေးရသေးလို့ စိတ်မရှိပါနဲ့"

"ရပါတယ်၊ စန်းတို့လည်း exercise လုပ်ပြီးမှ ဝင်လာတာပဲလေ။ သန့်နေတာမှ မဟုတ်ဘဲ။ ချွေးတွေထွက်နေတာပဲကြည့်။ နာမည်နဲ့လူ သိပ်လိုက်ဖက်တာပဲ။ စန်း ဘယ်လိုခေါ်ရမလဲ"

"ကျွန်တော့်အသက် (၃၀) ပြည့်ပါပြီ နှင်းပွင့်ဖြူဖြူ"

သူမ ပြုံးလိုက်လေ၏။ ဘာလဲ အသက်ပြောလိုက်လို့များလား။ တမင်ပြောလိုက်ခြင်းပါပဲ။ ဒါမှ သူက သူမထက် အသက်ကြီးမှန်း သိစေချင်လို့ပါ။ လူကို ရွယ်တူတန်းတူလို့ခေါ်ဖို့ထက် 'ကို' တပ်ခေါ်စေချင်လို့ ရည်ရွယ်လိုက်ခြင်းပါလေ။

"ဟင်း ဟင်း ... ကိုကိုလို့ခေါ်စေချင်လို့လား။ ဒါဆိုလည်း ခေါ်မယ်လေ"

ဟိုက် ... သေစမ်း၊ ပြောမိမှပဲ ပြဿနာဖြစ်ရပြီကော။ ဒီမိန်းကလေး ရဲတင်းပုံကဖြင့် စိတ်ညစ်ရပါရောလား။ သူက မိန်းကလေးသူငယ်ချင်းမရှိသလို နန္ဒလို ဘာညာသာရကာ ကောင်မလေးတွေပါ မထားတတ်ပါလေ။ ဆိုင်မှာထားသည့် ဝန်ထမ်းအားလုံးက ယောကျ်ားလေးတွေချည်းပင် မဟုတ်လား။ Customer ကို တရို



www.burmeseclassic.com

www.burmeseclassic.com



တသေဆက်ဆံလေ့ရှိပေမယ့် သာမန်ထက်ပိုသာသည့် ရင်းနှီးမှုကိုဖြင့် သူ မပြုမူတတ်ပါချေ။

"ကိုကို"

"ဘာများသုံးဆောင်ချင်လို့ပါလဲ နှင်းပွင့်ဖြူဖြူ။ ဆိုင်မှာ Waiter တွေရှိပါတယ်။ ဝန်ဆောင်မှုအပြည့် ရှိပါတယ်"

"snow က ကိုယ်တိုင်မှာချင်လို့ ထလာရတာပါ။ အခုမှ သိလို့ဆိုပြီး ဆလပ်ရွက်မလုပ်ချင်ပါနဲ့။ ကိုကို့ကို တွေ့ဖူးခဲ့တာ ကြာပါပြီ"

ခက်လိုက်တာနော်။ ဒီလောက် ယဉ်ကျေးစွာပြောနေတာတောင်မှ ဒီကောင်မလေးက သူ့ကို အနီးဆုံးမှာရှိနေပြီး တောက်တဲ့လိုကပ်နေတာပါလေ။ နန္ဒသာဆို အိုကေဆိုပြီး လမ်းဖွင့်ပေးဖို့ အဆင်သင့် ဖြစ်နေမှာပါ။ သူ့လိုလူက ရင်ထဲမှာ နှစ်နှစ်ကာကာ မချစ်နိုင်ဘဲ မိန်းကလေးတစ်ယောက်ကို အပျော်တွဲဖို့ စိတ်လုံးဝမကူးရဲတာလေ။

ကြောက်တာမျိုးတော့ မဟုတ်ပါဘူး။ တစ်ဖက်သားကို အားနာတတ်တာ၊ ကိုယ်ချင်းစာနာတတ်တာမျိုးက သူ့ရဲ့အားနည်းချက်ပင် မဟုတ်ပါလား။ အထူးသဖြင့် သူစိမ်းမိန်းကလေးတွေကို ထိကပါး ရိကပါးလုပ်ဖို့ နှုတ်သရမ်းဖို့ထက် မွေးချင်းနှမတွေနှယ် သဘောထားတတ်တာမို့ပါပဲ။ အခုလည်း သူ့ညီမလေးအရွယ်က လူ့ကို ရီညဲ့သဲ့ပုံစံ





လာလုပ်နေတာလေ။

"ကောင်းထက်ရေ . . . ဒီမှာ"

"ရှောင်ဦးမလို့လား"

ကျွမ်း သူ စိတ်ကျဉ်းကျပ်နေတာကိုတောင် အလိုက်တသိနဲ့ မရှောင်ပါလား။ လူကြီးဖြစ်ပြီး ကလေးကိုရှောင်ရတာ သိပ်တော့ သဘာဝမကျပါလေ။ နန္ဒဆီက နည်းစနစ်တွေ သင်ထားဦးမှပါပဲ။ ပြောတော့ဖြင့် "မိန်းမတို့ကျွန္ဒြေ ရွှေပေး၍မရ၊ ခြေတစ်လှမ်း ကုဋေ တစ်သန်း" ဆို၊ အခုလို Short Pants ဝတ်ထားပါသည့် မိန်းကလေး ၏ခြေလှမ်းကို ကြည့်ရလျှင်ဖြင့် ရင်တုန်စရာသာ ဖြစ်နေမည်သာ။

"ကျွန်တော်က"

"သိပါတယ်၊ ကိုကို့ကို waiter လို့ စနိုးမမြင်ပါဘူး"

ကဲ . . . ဒါဖြင့် သူ မည်သူမည်ဝါဆိုတာကို လေ့လာပြီးတော့မှ သေချာရင်းနှီးရန် သူမ ကြိုးစားတာပေါ့။ စိတ်တင်ထားပေတော့ မင်းအကွာရာ နေရာတကာ ရှိနေလို့ကဖြင့် ဒီမိန်းကလေးက မင်းကို လက်ညှိုးပေါ်တင်ပြီး မွှေ့သွားမှာလေ။

"ဒါဆို"

"နည်းနည်းမှ သတိမထားမိတာလား"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"ဘေးခြံကို ပြောင်းလာတာလေ"

သေစမ်း ... သူ အတော်ညံ့ဖျင်းသေးတာပါလား။ တစ်နေ့ တစ်နေ့ အိမ်နှင့်ဆိုင်ကိစ္စကိုသာ လုံးပမ်းနေရတာမို့ သူတို့ဘေးခြံရှိ တိုက်ကိုပြောင်းလာသည့် မိသားစုကို သတိမထားမိတာလေ။ ဒါကြောင့် ဒီကောင်မလေး သူ့အပေါ် အတော်ရင်းနှီးချင်တာကိုး။ အတွေးချော်သလို ဖြစ်သွားတာမို့ စိတ်တွင်းမှ အားနာစိတ်က ရုတ်ချည်း ဖြစ်တည်လေ၏။

အိမ်က သိလျှင်တော့ အဆူခံရတော့မှာပဲ။ အထူးသဖြင့် ပတ်ဝန်းကျင်နှင့် သင့်လျော်အောင် နေတတ်သည့်မေမေက ပိုဆိုးပေမည်။ ကိုယ့်အိမ်ထက် ပိုအခြေအနေမြင့်သည့် မိသားစုကို ခင်မင်ရမှာ ဝန်လေးမိသော်ငြား အခုလို လူငယ်ချင်း စခင်ရတာက လွယ်ကူသလို ပါပဲလေ။

"ဪ ... ဒါကြောင့် မြင်ဖူးတယ်လို့ ထင်နေတာကိုး"

ကောင်မလေးက ဟက်ဟက်ပက်ပက် ရယ်ချလိုက်လေ၏။ ငယ်ရွယ်သူမို့ လွတ်လပ်ပေါ့ပါးဟန်တို့အပြည့် ရှိနေပုံပါ။ ဝိုင်းမှာထိုင် နေသည့် မိန်းကလေးနှစ်ယောက်ထံမှ ခေါ်သံထွက်လာတော့ နောက် ကို လှည့်ကြည့်ကာ လက်ချောင်းလှလှလေးဖြင့် ခဏနေဟု ထောင်ပြ လိုက်လေသည်။ ကဲ ... ဟန်ကြီးပန်ကြီးနဲ့ တည်နေလို့ မဖြစ်တော့





ပါလား မင်းအကွာရာ။

"စနိုးဖို့ ပေါင်မုန့်ကြော်ပေးပါလားဟင်"

"ရပါတယ်"

"ကိုကိုကိုယ်တိုင် ကြော်ပေးနော်"

"ကောင်းပါပြီဗျာ"

"အဲဒီလိုလုပ်ပါ၊ ပြီးလိုက်တော့ ဘယ်လောက်ချောသွားလဲ။ အမြဲတမ်း မျက်နှာကိုစူပုပ်မထားပါနဲ့၊ သိလား"

ဟော ... ဖော်ရွေပြတော့လည်း ပြောပြန်တာပါလေ။ ရိုးရိုး သားသား ခင်ချင်တာပဲ ဖြစ်ပါစေလား။ သူက နှစ်နှစ်ကာကာ ချစ်မြတ် နိုးမိသည့် မိန်းကလေးကလွဲပြီး သူစိမ်းမိန်းကလေးတွေကို ခပ်ရိုးရိုး လေးတောင် မခင်ချင်တာအမှန်ပါ။ သို့သော်လည်းပေါ့လေ အိမ်နီးနား ချင်း ကောင်မလေးကိုတော့ ခြွင်းချက်အဖြစ် သဘောထားရတော့မှာ လေ။

ကိုယ်တိုင်လုပ်ပေးဆို၍ Kitchen ထဲ ဝင်ကာ ကိုမျိုးကို ဘေးဖယ်နိုင်းပြီး ကိုယ်တိုင်လုပ်ပေးရလေ၏။ ပေါင်မုန့်နှစ်ချပ်ကို ကြက်ဥခေါက်ကာ ပွပွလေးဖြစ်အောင် ဆီနည်းနည်းဖြင့် ကြော်လိုက်ပါ၏။ ပေါင်မုန့်ကြော်နှင့် လိုက်ဖက်သည်က နွားနို့ဖြစ်တာမို့ ကြိုထားပါ သည့် နွားနို့ပူပူကို သကြားအနည်းငယ်ဖြင့် ပျစ်ပျစ်လေးဖျော်ကာ



www.burmeseclassic.com

www.burmeseclassic.com



မလိုင်ဖတ်လေးတွေ အပေါ်မှာ ခပ်ထည့်လိုက်ပါသည်။ ကိုယ်တိုင်လုပ်ပေးတာ လိုချင်တာမို့ လင်ဗန်းအသေးလေးထဲမှာ သေသပ်စွာပြင်ပေးကာ စားပွဲရှိရာဆီ သယ်လာပေးလိုက်ရလေ၏။

"သုံးဆောင်လို့ရပါပြီဗျာ"

"တွေ့လား ... အဲဒီလို စေတနာတွေ ကမ်းပြီးကျလာတာ"

"မျက်နှာလိုက်လိုက်တာရှင်"

"လိုအပ်တာရှိရင် ပြောပါ"

"ဟင်းဟင်း ... အဲဒီစကား သိပ်မပြောပါနဲ့"

"ဗျာ ... ဘာဖြစ်လို့လဲ"

"I need you လို့ပြောလိုက်ရင် ဘယ်လိုလုပ်မလဲ ကိုကိုရဲ့"

သူ့မျက်နှာ အနည်းငယ်ရဲသွားရပါ၏။ ကောင်မလေးတွေ၏ လျှောင်ရယ်သံက နေရခက်စေတာလေ။ ဟန်ကိုယ့်ဖို့တဲ့။ နန္ဒလို ဟန်မဆောင်တတ်သည့်အတွက်ကြောင့် အခက်ခဲဆုံးပါပဲ။ လူကို မျက်လုံးထောင့်ကပ်ကာကြည့်လိုက်ပါသည့် နှင်းပွင့်ဖြူဖြူ၏အကြည့်က အသည်းယားဖွယ်ရာပင်။ ဘာကိုရည်ရွယ်နေပါသလဲ။

"မနက်တိုင်း ဒီလိုစားချင်စိတ်ဖြစ်လာရင် ဘယ့်နှယ်လုပ်မလဲဟင်"

"ရပါတယ်၊ ဆိုင်က မနက် (၇) နာရီဆို ဖွင့်ပါပြီ"



"လုတယ်ကွာ၊ ကိုကိုက ဂျက်စီဂျိန်းပဲ။ စနီးဆိုလိုတာကို ရှောင်တတ်တယ်ပေါ့လေ"

"ဆိုင်လာတဲ့ customer တိုင်းကို ဒီလိုပဲ ပြောတတ်လို့ပါ"

"နည်းနည်းလေးတောင် မပိုနိုင်ဘူးလား"

သူ ပြန်မပြောဘဲ ပြုံးမိတော့ ကောင်မလေးက မျက်စောင်းခဲလိုက်လေ၏။ မေမေမြင်ရင် ဘာပြောမလဲ၊ 'ကဲလိုက်တာ' ဟု ဖျစ်ဖျစ်နှစ်နှစ် ပြောမှာ အသေအချာပါ။ ခေတ်ကာလသမီးတွေ အဝတ်အစားဝတ်ရုံမှုမှက နှုတ်မှထွက်သည့်စကားကလည်း ရဲတင်းလွန်းတာလေ။ သူညီမသာဆို ခေါင်းခေါက်မိလေမလားပဲ။

မိန်းမလှလေးတွေကို 'ဖယ်' လေးတွေနှယ် လှလှပပ ကစားတတ်သည့် နန္ဒအတွက်တော့ ဒါမျိုးက ပါးပါးလေးလောက်သာ ဖြစ်မည်ထင်ပါ၏။ ဒီလိုကဲပုံနှင့် နန္ဒလိုရဲပုံနဲ့တော့ ကွက်တိပါပဲ။ သူကဖြင့် ခပ်အေးအေးနေတတ်တာမို့ သူလိုမျိုး အေးအေးဆေးဆေးနေသည့် မိန်းကလေးကိုသာ ဘဝလက်တွဲဖော်အဖြစ် ရာသက်ပန် ပေါင်းဖက်သွားချင်တာပါ။

မိုးလင်းလျှင် သနပ်ခါးရနံ့ လှိုင်လှိုင်မွှေးလျက် သူ့ကိုလာနိုးမည့်သူ၊ ညမအိပ်ခင် ခုတင်ထက်မှာ စာအုပ်ကိုယ်စီကိုင်လျက် စာအတူဖတ်မည့်သူ၊ ဖတ်ပြီးသည့်စာအုပ်တိုင်းကို အကြောင်းပြ

www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးရင်း ငြင်းခုန်မည့်သူ၊ အလုပ်နားချိန်မျိုးမှာ ခြံထဲထိုင်ရင်း စကားလက်ဆုံကျစေမည့်သူ။ ထိုသို့သောမိန်းကလေးမျိုးကိုသာ လိုလားစွာ တောင့်တမိနေတာပါ။

လက်တွေ့မှာဖြင့် အဲဒါတွေနှင့် ဆန့်ကျင်နေပါသည့် မိန်းကလေးနှင့် လာဆုံနေရတာပါလေ။ သက်ပြင်းငွေ့ငွေ့ကိုသာ ရှိုက်ထုတ်လိုက်မိလေတော့၏။ မင်းက နာမည်နှင့်မလိုက်ဖက်သည့် မိန်းကလေးပါပဲလား နှင်းပွင့်ဖြူဖြူ။



## အခန်း (၃)

ကားကို Plaza ရှေ့ ပါကင်မှာရပ်လိုက်ပါ၏။ Studio အတွက် လိုအပ်သည့်ပစ္စည်းတွေ ရှာရင်း ဝင်နေကျဆိုင်တွေ ပတ်မွှေချင်လို့ပါပဲ။ ဖုန်းသံကိုအကျယ်ကြီးမထွက်စေရန် ပိတ်ထားပေမယ့် message တွေ မကြာခဏဝင်နေတာမို့ vibration က အမြဲတုန်နေတော့တာပါလေ။

သူ့ အလေးအနက်မထားတာ သိသိကြီးဖြစ်ပါလျက် ဒီကောင်မလေးတွေက ခက်သားလား။ ဒီလောက် ရည်းစားတွေ အများကြီးထားနေတသည့်သူ့အကျင့်ကို သိနေပေမယ့် နာမည်ကြီး



www.burmeseclassic.com

www.burmeseclassic.com



လူချောမို့ လုံးဝမဖြတ်နိုင်ဘူးဆိုပြီး ငိုသည့်မိန်းကလေးတောင် ရှိနေတာပါ။

ဘဝဆိုတာ တိုတိုလေးမို့ စိတ်ကို ပျော်အောင်ထားရမှာ မဟုတ်ပါလား။ ဒီတော့ သူက စိတ်ကို အလိုလိုက်ပြီး စိတ်ညစ်စိတ်ရှုပ် မခံဟာတဲ့သူပါ။ 'အချစ်'ဆိုတာ ရင်ခုန်လှုပ်ရှားမှု၏ ပြယုဂ်တစ်ခုဟု သတ်မှတ်ပြီး စိတ်စေရာ အာသာပြေရုံ ချစ်တမ်းကစားခဲ့တာ ကြာခဲ့ပြီပဲ။

မိဘတွေဖြစ်ကြသည့် ဒယ်ဒီဒေါက်တာနေမျိုးနိုင်နှင့် မာမီဒေါ်သက်ထားခင်တို့က သူ့ကို အတည်တကျ အိမ်ထောင်ပြုစေချင်ကြပေမယ့် သူက ထောင်နှင့်တူသည့် အိမ်ထောင်ထဲမှာ ချောင်ပိတ်မခံချင်သူပင်။ သိတယ်မဟုတ်လား၊ တစ်ဦးတည်းပိုင်သာ ဖြစ်ပါက ခြေချုပ်မိပြီး ဘဝက ခြောက်သွေ့သွားတော့မှာကိုး။

"Hi ကို ... ဒီနေ့တော့ တစ်ယောက်တည်းပါလား"

Fashion တန်းဘက် ဖြတ်လျှောက်စဉ် မိန်းမချောလေး တစ်ဦးက သူ့ကို နှုတ်ဆက်လိုက်လေ၏။ ရင်းနှီးသည့်မျက်နှာမို့ သူ့အဆက်ထဲက တစ်ယောက်မှန်း သိလိုက်ပါသည်၊ သို့သော် နာမည်ကို ရုတ်တရက် စဉ်းစား၍မရ။ မာရီယာလား၊ ရှန်ဒီလား၊ ခရစ္စတင်းလား ဘာမှ မမှတ်မိပါလေ။





"ခြော် ... ဟုတ်တယ်"

"ဘာလဲ ... နာမည်မေ့နေမပြန်နဲ့ပြီ မဟုတ်လား"

"မမေ့ပါဘူး၊ ဘာလို့မေ့ရမှာလဲ ဟန်နီရာ"

"တော်သေးတာပေါ့ ... မှတ်မိလို့၊ ဘာလာရှာတာလဲ"

ဖောဖိတ်ရောကျိတ်ဆိုတာ ဒါမျိုးပေါ့။ နာမည်မမှတ်မိရင် Honey ဆိုပြီး ပစ်သာခေါ်လိုက်၊ ဟုတ်ဟုတ်မဟုတ်ဟုတ် ကောင်မလေးက မနောခွေ့သွားမှာအသေအချာပါ။ အခုလည်း သူ့လက်မောင်းကို ခပ်နွဲ့နွဲ့လာမှီလျက် ဆုပ်ကိုင်ထားပြီလေ။

"မသိရင် ပြောပြတော့မလို့၊ ဟန်နီဖော်လို့"

သူ ပြုံးလိုက်မိပါ၏။ ရမ်းပစ်လိုက်တာ မှန်သွားသားပဲ။ မှားလည်း ကိစ္စမရှိပါ။ ထိုကောင်မလေးတွေကပင် နာမည်ထပ်ပြောတော့မှာမို့ပါပဲ၊ နာမည်ဆိုတာ အရင်းလည်းဖြစ်ချင်မှဖြစ်မှာကိုး၊ သူ့ဆိုင်မှာ ဓာတ်ပုံလာရိုက်ကြတဲ့ မိန်းကလေးတိုင်း နာမည်အမှန် ပြောတတ်တာမှမဟုတ်တာလေ။

"ဆိုင်အတွက် ပစ္စည်းလာရှာတာ"

"ဟန်နီကူရှာပေးမယ်လေ"

"မင်းက Electroinic ပစ္စည်းတွေအကြောင်း နားလည်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ကို သင်ပေးပေါ့လို့"

ခပ်ချွဲချွဲဟန်ဖြင့် ပြောလေ၏။ တစ်ယောက်တည်းဆို ခပ်မြန်မြန် ရှာလို့လွယ်ပေမယ့် ဘေးမှာ အရှုပ်ပါလာလျှင်ဖြင့် နှေးတော့မှာ အသေအချာပါ။ သူကလည်းသူပါပဲ ရှုပ်သေးရှုပ်လို ကြိုးက ခပ်ရှုပ်ရှုပ်ပေါ့ကို။ အပျင်းပြေပေါ့လေ"

"ဘာစားချင်လဲ"

"ဝယ်ကျွေးမလို့လား"

"ဒါပေါ့"

"ကိုပဲ ပစ္စည်းရှာမယ်ဆို"

"အဲဒါ . . . နောက်မှရှာလို့ ဖြစ်ပါတယ်၊ အရေးမကြီးပါဘူး"

"ဒါဖြင့် . . . ဟန်နီက အရေးကြီးတယ်ပေါ့လေ။ စကားတတ်လိုက်တာ။ အဲဒါတွေကြောင့်လည်း ဟန်နီတို့ ပစ်ကျနေရတာပေါ့"

"ဒါဖြင့် ကိုယ့်ဘော်ဒါဆိုင်ပဲ သွားကြတာပေါ့။ ဒါမှမဟုတ် Restaurant သွားမလား"

"ကိုမှ အချိန်မပေးနိုင်တာ၊ Heart ပဲသွားစို့"

"အိုကေ"





Plaza ထဲမှ ပြန်ဆင်းခဲ့ရပါ၏။ ဒီတစ်ယောက်က သူနှင့် မင်းမင်းကိုပါ သိကျွမ်းဝင်သူပါ။ မင်းမင်းဆိုင် မကြာခဏသွားတိုင်း ပါလာတတ်တော့ ဟန်နီဖော်ပင် ရှိတာမဟုတ်လား။ ကားကို စက်နှိုးလျက် လမ်းထက် တက်လိုက်ရပါ၏။ ဟန်နီက ကားထဲမှစီဒီစက်ကို ခလုတ်နှိပ်လိုက်လေသည်။

သူက ကားမောင်းလျှင် လေများပြီး အာရုံပျက်တာမျိုးကို မနှစ်မြို့က်သူပါ။ ဒါကိုသိထားသည့် သူ့မိန်းကလေးတိုင်းက သတိထားပြီး သူ့ကားကို လိုက်စီးကြရတာလေ။ Heart ကိုရောက်ရင် ဟိုကောင်ဘာပြောဦးမည်မသိ။ သူ ကောင်မလေးတွေနှင့်တွဲလာတိုင်း မျက်မှောင်ကြီးကျုံ့ကာ ကြည့်တတ်တာမို့ပါ။ ဒီကောင်က လူအေးမို့ အချစ်ဆိုတာကို မခံစားတတ်သည့် ကျောက်ရုပ်ပါပဲ။

"ဆိုင်ကို ဟန်နီလာရဦးမယ်"

"ဘာပြောလိုက်တာလဲ"

"Sorry"

ဟန်နီက သီချင်းဖွင့်ထားတာကို လှမ်းပိတ်လိုက်လေ၏။ သီချင်းသံက ဆူဆူညံညံမို့ ဟန်နီ့အသံကို သေချာမကြားရပါ။ ပြောသက်စ စကားကို ကြားရစေဖို့ သီချင်းကို ပိတ်ရမှာမဟုတ်လား။ ဆိုင်ရှိရာလမ်းကိုကွေ့ရန် ပွိုင့်မှာ ကားခဏရပ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်လ မဂ္ဂဇင်းအဖုံးအတွက် ဓာတ်ပုံရွေးပွဲရှိလို့ ကိုဆိုင် လာရဦးမယ်လို့ ပြောတာ"

"နောက်လဆို ကပ်နေမှာပေါ့"

"ဘာဖြစ်လဲ၊ နေနန္ဒနိုင်ကို ယုံလို့ ဟန်နီတို့ ပုံအပ်ထားတာပဲ ဟာ"

"ဟာ ... ဘာစကားကြီးလဲကွာ၊ ကိုယ်က ဘယ်သူ့ဆီကမှ အဲဒီအဆင့်ထိ လက်သင့်မခံတတ်ဘူး ဟန်နီ။ မင်းမှားနေပြီ"

"သိပါတယ်၊ ဟန်နီက စကားအဖြစ်ပြောလိုက်တာပါ ရှင်ရယ်။ ကို့ character ကိုမှ မယုံရင် ဘယ်သူ့ကို သွားယုံရမှာ လဲ"

"ဟူး ... တော်သေးတာပေါ့၊ ကြက်သီးတောင် ထသွား တယ်"

နှစ်ယောက်သား ရယ်လိုက်ကြရင်း ကားပေါ်မှ ဆင်းလိုက်ပါ ၏။ Heart ဆိုင်တွင်းမှာ လူတော်တော်ရှိနေပါလား။ ကြည့်ရတာ ဒီအနီးနားက သင်တန်းတွေဆင်းလာကြတဲ့ လူငယ်တွေ ရောက်နေ တာ ထင်ပါရဲ့။ မှန်တံခါးကို တွန်းဖွင့်ဝင်လိုက်စဉ် အလုပ်များနေပါသည့် မင်းမင်းက သူ့ကို မြင်သွားပါ၏။

"ဒီအချိန်ကြီး လာရသလား။ လာ ... ဒီထဲကို"





"ဟင် ... အထဲမှာ ထိုင်ရမှာလား"

"VIP မို့ ထိုင်ခွင့်ရတာပါဗျာ၊ ဝင်ခဲ့ နန္ဒ"

နှစ်ဦးသား မင်းမင်းနောက်မှပါလာပါ၏။ အတွင်းတံခါးကို ဖွင့်ပေးလိုက်စဉ် ဆိုင်ဘေးဘက်တံခါးကို မြင်ရလေသည်။ အပြင်ကို ရောက်တော့ သစ်ပင်တွေ အုပ်ဆိုင်းနေပါသည့် ဝရန်တာလေး။ တကယ့်ကို View ကောင်းတဲ့နေရာလေးပါပဲ။ ဝရန်တာအပုလေး ဖြစ်ပြီး အရမ်းမသေးဘဲ အလောတော်ကျယ်တဲ့နေရာပါ။ စားပွဲဝိုင်း လေးမှာ ခုံနှစ်လုံးသာရှိနေပြီး စားပွဲခင်းအဖြူထက်မှာ လေးထောင့် ဆန်ဆန် အနီခင်းထပ်တင်ထားတာမို့ တစ်မျိုးလေး ကြည့်လို့ကောင်း နေတာပါလေ။

"ဒါ Propose လုပ်ဖို့နေရာလား ကိုမင်းအကွာရာ"

"ဗျာ၊ ဩော် ... အဲဒီလိုလည်း မဟုတ်ရပါဘူး"

"ကို"

"ထိုင်ပါ ဟန်နီရာ၊ ငါတို့ကို ထုံးစံအတိုင်းပဲပေးပါ မင်းမင်း"

"အေး ... ခဏလေးစောင့်ပါ နန္ဒ"

"ရပါတယ်ကွာ"

မင်းမင်းက ဘေးတံခါးမှ ဝင်သွားလေ၏။ မျက်နှာချင်းဆိုင်ခုံ ကိုယ်စီဝင်ထိုင်လိုက်ကြပါသည်၊ ဟန်နီဇော်က သူ့ကို လမ်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးနေတာ မဟုတ်ပါလား။ အပျော်တမ်းချစ်သူတွေ ထားနေပေမယ့် ကိုယ့်နှလုံးသားကို ဘယ်မိန်းကလေးထံမှာမှ အပြီးတိုင် မပေးဖြစ်သေးတာ သူကိုယ်သူ အသိဆုံးပါ။ ဒီနေ့အထိ သူ့စိတ်ကိုရော ကိုယ်ပါ ပုံပေးပြီးချစ်ရမယ့်ချစ်သူမျိုးနဲ့မှ မဆုံသေးတာကိုး။

မေတ္တာကိုတန်ဖိုးထားတတ်သည့် မင်းမင်းဆိုရင်တော့ တစ်မျိုးပေါ့လေ။ ဖူးစာဆိုတာ ကိုယ်ကရှာရတာလား၊ သို့တည်းမဟုတ် သူ့အလိုလို ရောက်လာတတ်တာမျိုးလား၊ သူ သေချာမသိပါ။ လောလောဆယ်တော့ ရင်ခုန်တမ်းကစားရတာ သူ့ဝါသနာပင် မဟုတ်ပါလား။

ဒီလောက်ပေါများနေတဲ့ မိန်းကလေးတွေကိုမှ မချစ်တတ်ရင် ဘာသွားလုပ်မှာလဲ။ ဖုန်းဆက်ရင် လိုင်းများဝင်သွားရင်လည်း အိုကေ အကြည့်ချင်းဆုံသွားပါကလည်း ခပ်ညုညုလေးသာကြည့်။ မာနကြီး သည်ထင်ရလျှင် လူမှားသလိုမျိုး ခပ်တည်တည်နဲ့ နာမည်တစ်ခုပြော ပြီးသာ ရောလိုက်။ Viber သုံးဖို့ ဖုန်းနံပါတ်တောင်း။ Interne သုံးပြီး chatting ထိုင်ကြည့်လိုက်။ မိန်းမဆိုတာ ရေလိုပေါများလွန်းနေ တာ အမှန်ပါလေ။

အဲဒီလို မိန်းကလေးတွေအကြောင်း နောကျေနေလို့လည် သူ မျက်နှာများခွင့်ရတာကိုး။ နေနန္ဒနိုင်ရဲ့ ရင်ထဲမှာ အချစ်အတုတွေ





အများကြီးအပြည့်အသိပ် ရှိနေမှန်း သိပါလျက် ချစ်တမ်းလာကစားကြ တာ သူ့အပြစ်မှ မဟုတ်တာလေ။

"ဘယ်တော့လောက်ကို လက်ထပ်ဖြစ်မှာလဲ"

"ဘယ်လို လက်ထပ်ဖို့"

"အင်းပေါ့"

"ခေါင်းထဲတောင် ထည့်မထားဘူး"

"ကိုနှမိဘတွေ မပြောဘူးလား"

"မိန်းမယူဖို့လား"

"အင်းလေ"

"ပြောသားပဲ"

"ဒါနဲ့တောင်မှပဲ"

မင်းမင်းကိုယ်တိုင် ကော်ဖီနှစ်ခွက်နှင့် ကြက်သားပတ်ဖ် တစ်ပွဲ ကော်ပြန့်စိမ်းတစ်ပွဲ၊ ကြက်သားပေါက်စီတစ်ပွဲနှင့် အချဉ်ရည် ဘူးကိုပါ လာပို့ပေးလေ၏။ နေ့လယ်အဆာပြေအတွက် အဆင်ပြေ မည် ထင်ပါသည်။ မင်းမင်းက Tissue Box ကိုပါ အသစ်လာထား ပေးသလို Jasmine Tea တစ်အိုးကိုပါ မမှာပါပဲ ယူလာပေးလေ ၏။

"သုံးဆောင်ကြပါခင်ဗျာ။ လိုအပ်တာရှိရင် ထပ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေတော့ကွာ၊ ဒါတွေတောင် များနေပြီ"

မင်းမင်း ပြန်ဝင်သွားတော့ သူက ကော်ဖီကို နွေးအောင် မှုတ်လိုက်ပါ၏။ အရမ်းအေးသွားလျှင် သောက်လို့မကောင်းတော့တာမို့ သိပ်မပူအောင် စောင့်ပြီး မှုတ်နေတာပါ။ ဟန်နီဇော်က စကားစ ပြတ်သွားတာကို စိတ်မရှည်သည့်နှယ် မျက်နှာမှာ ပေါ်လွင်နေလေ၏။

"စိတ်မကူးချင်တဲ့သူက စိတ်ကူးယဉ်ပုံပြင်တွေ ဖန်တီးတတ်သားပါလား"

"ဘာကိုဆိုလိုတာလဲ ဟန်နီ"

"ကိုယ့်ကိုယ်ကိုယ် အသိဆုံးဖြစ်မှာပါ။ ဟန်နီပြောတာ မှားနေလို့လား"

"အင်း . . . များတော့မမှားပါဘူး"

သူက ပေါက်စီတစ်လုံးကိုယူကာ ဖဲ့စားလိုက်ပြီး ကော်ဖီကို တစ်ငုံသောက်လိုက်ပါ၏။ မင်းမင်းကိုယ်တိုင် ပေါင်းထားသည့် ပေါက်စီက နူးညံ့လွန်းပြီး အိနေတာပါလေ၊ ဒီကောင် အချက်အပြုတ်ဝါသနာပါတာနဲ့ ဒင်းရတော့မိန်းမတော့ ကံကောင်းပြီမဟုတ်လား။ သူနဲ့တော့ ဝေးလေစွ။

"ကိုယ်က စိတ်ရောလူပါ လွတ်လပ်စွာထားရတာကိုပဲ





နှစ်သက်တယ် ဟန်နီ။ ချုပ်ချယ်တာတွေ၊ ပိတ်ပင်ဟန့်တားတာတို့ကို သိပ်မုန်းတဲ့လူပါ။ ဒါကြောင့် အိမ်ထောင်ပြုဖို့ကို စိတ်မကူးဘူးလို့ ပြောတာပေါ့"

"လိပ်ပြာဆိုတာ အဆင့်မျိုးစုံ၊ ပုံသဏ္ဌာန်မျိုးစုံ ကူးပြောင်းပြီးမှ လိပ်ပြာဘဝကို ရလာတာပါ ကို။ အဲဒီ လိပ်ပြာဘဝမှာတောင် ပန်းတွေရဲ့ဝတ်ရည်ကို သောက်သုံးပြီး အသက်ဆက်ရှင်ရတဲ့ရက်ကတိုပါသေးတယ်။ ကို့လို မိန်းကလေးတွေရဲ့အသည်းကို ကစားတတ်တဲ့လူက ဘယ်လောက်အထိ နေနိုင်မှာတဲ့လဲ"

အလကားပေါ့ပါလား။ တွဲခဲ့သည့် (တွဲနေဆဲ) ကောင်မလေးတွေထဲမှာ ဒီမိန်းကလေးက သူ့အပေါ် အလေးအနက်ထားသည့်ပုံပါ။ ကျန်ကောင်မလေးတွေကဖြင့် တွေ့လျှင်ချွဲ ကွယ်လျှင်မေ့ သဘောပေါ့လေ၊ Model အဖြစ် နာမည်လည်းရကာစဖြစ်သည့် ဟန်နီဇော်ကို လျှော့တွက်ထားလို့ မရပါလား။

"နေနိုင်လို့လည်း အခုထိ တစ်ယောက်တည်းရှိနေတာပေါ့ ဟန်တီ"

"ကို့ကို ဟန်နီ တကယ်ချစ်တာပါ"

"အဲဒီအတွက် ဝမ်းသာပါတယ်"

"ဒါကြောင့်လည်း ကို ဘယ်လောက်မျက်နှာများများသည်း



www.burmeseclassic.com

www.burmeseclassic.com



ခံနိုင်ခဲ့တာပေါ့။ ဒါပေမဲ့ ကို၊ နှလုံးသားဆိုတာ ကစားစရာ မဟုတ်ဘူးဆိုတာကိုတော့ ကိုသိထားသင့်ပါတယ်''

''Please ကိုယ့်ကို ဦးနှောက်ခြောက်စေမယ့်စကားလုံးတွေနဲ့ မဖိပါနဲ့လား ဟန်နီ''

''မလှောင်ပါနဲ့ ကို၊ ဟန်နီ အစကတည်းက သိနေပါတယ်။ ကိုက ဘာမဆို အလေးအနက် မထားတတ်ဘူးဆိုတာပါ''

''မှားနေပြီ ဟန်နီ၊ ကိုယ့်အလုပ်ကိုတော့ ကိုယ် ဂရုစိုက်ပါတယ်''

ဟန်နီ့မျက်နှာ မှို့မဲ့လေးဖြစ်သွားလေ၏။ စိတ်ညစ် စိတ်ရှုပ်ရတာကို မကြိုက်ဘူးဆိုကာမှ ရှေ့မှာ ပုလဲက 'ခ' ပြတော့မှာပါလား။ သူက ရယ်မောတာကိုသာ လက်သင့်ခံပြီး မျက်ရည်ကျတာမျိုးကို ရွံမုန်းတတ်သူလေ။ ဒီမဒီလေးတော့ သူ့ကို မူလီကျပ်ချေလေပြီ။

''မုန်ပါတယ်၊ အဲဒီလိုပဲ ဟန်နီ့လို မိန်းကလေးတွေကို အလေးအနက်ထားစေချင်တာပါ''

''ကိုယ့်ကို စာမသင်ပေးပါနဲ့ ဟန်နီ''

''ဟုတ်ပါပြီလေ၊ အခုနေ လမ်းခွဲစကားပြောရင်တောင် ဟန်နီပြောတာကို လွယ်လင့်တကူ ကို လက်ခံမှာမဟုတ်လား''





''ဟန်နီ့သဘောပါ''

''ကောင်းပြီ ကို၊ ဟန်နီတို့လို မိန်းကလေးတွေရဲ့ ကျခဲ့တဲ့ မျက်ရည်တွေကြောင့် ကို မပူလောင်ပါစေနဲ့လို့ နောက်ဆုံး ဆုတောင်းပေးခဲ့ပါတယ်။ ဟန်နီသွားမယ်''

လွမ်းစရာနေ့လယ်ခင်းပါပဲလား နေနန္ဒနိုင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"Hello"

ခြံထဲမှာ ရေပိုက်ဖြင့် ရေလောင်းရေဖြန်းနေစဉ် ခြံဘေး သံတိုင်များကြားမှ လှမ်းနှုတ်ဆက်သံကို ကြားလိုက်ရပါ၏။ ညနေပိုင်း ခဏ အိမ်ပြန်၊ ရေချိုး ဘာနီး မေမေ့ကိုယ်စား အလုပ်လုပ်ပေးနေချိန်မှာမှ ဒီကောင်မလေး မြင်သွားရတယ်လို့။

"ကိုကို ဘာလုပ်နေလဲ"

"မျက်စိပါတယ် မဟုတ်လား"

"ဟင်းနော် . . . ဒီက နှုတ်ဆက်စကားပြောတာကို"





ရေပိုက်ကို နေရာရွှေ့ရင်း တစ်ဖက်ခြံကို ကြည့်လိုက်မိပါ၏။ ထုံးစံအတိုင်း ကောင်မလေးက စွပ်ကျယ်ဆန်ဆန်အင်္ကျီနှင့် ဘောင်းဘီ တိုတိုလေးဝတ်ထားပြန်တာလေ။ သူများတွေအေးတဲ့အချိန်မှာတောင် ဒီလိုဝတ်ရဲပါ့။

"မအားဘူးကွ၊ ဆိုင်ပြန်သွားရဦးမှာ၊ အချိန်မရှိဘူး"

"ဘာလို့ ဒီလောက်တောင် ငွေကြိုးစားရှာနေရတာလဲ"

"ရှာရတာပေါ့၊ မကြားဖူးဘူးလား။ ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ငွေဥစ္စာရှာ၊ တတိယအရွယ်မှာ ဘာဝနာရှာတဲ့"

"ဟွန့် . . . ပျင်းစရာကြီး"

သူ ပြုံးလိုက်မိပါ၏။ အပူအပင်မရှိသည့် အရွယ်လေးကို နားဝင်အောင် ပြောရခက်မှာလေ။ ကောင်မလေးက သူရွှေ့သည့်ဘက်ကို သံတိုင်တစ်ဖက်မှာ လိုက်ရွှေ့ရပ်လိုက်လေ၏။ စကားမပြောအားဘူးပြောနေတာတောင်မှ မရမက ပြောချင်နေပုံပါပဲလား။

"ကိုကို့ off ရက်က ဘယ်နေ့လဲ"

"အတိအကျမရှိဘူး၊ ဒီလိုပဲ အလျဉ်းသင့်သလို ယူကြရတာ"

"ဘာလုပ်ဖို့မေးတာလဲ" ဟူသည့်စကားကို သူ ဆက်မပြော



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါ။ အကြောင်းမဲ့ လေဆက်ရှည်ရမှာစိုးလို့ပါပဲ။ ဒီမဆလာမလေး ကမြင့် အလိုက်မသိဘဲ အကြောင်းမရှိ အကြောင်းရှာ စကားပြောချင် နေသေးပုံပါလေ။

"ကိုကို"

"ဗျာ"

"ဟယ် . . . လိမ္မာလိုက်တာနော်"

"လူကြီးကို စ,စရာလား၊ ကျောင်းမတက်ရဘူးလား"

"ကြည့် . . . လူကို baby လေးထင်နေတာလား။ စနီးက Master တက်နေတာပါနော်။ လူကိုအထင် မ small ပါနဲ့"

"တယ်ဟုတ်ပါလား၊ ဘာ major လဲ"

"Psycho"

"အားပါး၊ လန့်စရာကြီး"

ကောင်မလေးက တခစ်ခစ်ရယ်လေတော့၏။ စာတော့ အတော်သားပါပဲလား၊ အင်းပေါ့လေ၊ ကြည့်ရတာ အိမ်မှာ အလို စွတ်လိုက်ထားလို့ ဆိုးပြနေတာပဲထင်ပါရဲ့။ မျက်နှာလေးက အပြစ်ကင်း ပြီး အပြုံးက ချိုသာလွန်းတာပါလား။ နေပါဦး၊ အစကဖြင့် ဆတ်စလူး ဆိုပြီး ကြည့်မရဖြစ်ခဲ့ရာမှ အခုတော့ အမြင်ကြည်လင်နေပါရောလား။ အံ့သြပေစွ မင်းအကျွရာ။





"ကိုကို"

"ရော် . . . လူကို တစ်ချိန်လုံးခေါ်နေရလား"

"မေးစရာရှိလို့ပေါ့"

"မေးပျာ . . . မေး"

"မျက်မှန်က ပါဝါ ဘယ်လောက်ရှိလဲ"

"အင်း . . . မပြောတတ်တော့ဘူး။ ဆရာဝန်နဲ့ (၆) လ တစ်ကြိမ် စစ်နေရလို့ မျက်မှန်လည်း ခဏခဏ ပြောင်းရလို့ပါ"

"အဝေးမှုန်လား"

"အဝေးရော အနီးရောပဲ"

"ဟင် . . . ဘာလို့ မှုန်ရတာလဲ"

"အသက်ကြီးလာလို့ပေါ့ကွ"

"အံမယ် . . . ဘာအသက်ကြီးရမှာလဲ။ အခုမှ (၃၀) လေး ကို။ အဘိုးကြီးလေသံနဲ့ ပြောနေပြန်ပါပြီ"

ကောင်မလေး၏ နှုတ်ခမ်းလှလှလေး စူသွားလေ၏။ နန္ဒသာ မြင်လျှင် 'အသည်းယားစရာလေး' ဟု ပြောမည်သာ။ ငယ်ငယ်လေးဟု ထင်ထားပေမယ့် သူမ Master တန်းတက်နေတာမို့ အနည်းဆုံး အသက်က (၂၂) နှစ်တော့ ရှိပေမည်။

"ဘာပြုံးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ပါဘူး"

"အံမယ် . . . မညာပါနဲ့နော်၊ စနိုးတို့က ဒီလောက် လူ့ကဲ ခတ် မညံ့ပါဘူး။ ဒီအပြုံးမျိုး ဒီအကြည့်မျိုးက လူကို ငယ်သေးတယ် အမိဆိုတဲ့ အထာမျိုးမှန်း သဘောပေါက်ပြီးသားပါ"

သူ့ တဟားဟား အော်ရယ်မိလေတော့၏။ လူတစ်ဖက်သား ရဲ့ အတွင်းစိတ်ကို ဤကလေးမ ဖတ်တတ်သားပါလား။ ဒီပုံအတိုင်း လျှော့တွက်လို့မရပါလေ။ ခပ်ပေါ့ပေါ့နေတတ်သူလို့ ထင်မှတ်ထားတာ မို့ နဒ္ဒရန်ကို ကြောက်ရမှာမှန်ပေမယ့် ဒီလိုဆိုတော့ နှင်းပွင့်ဖြူ အတွက် စိတ်ဆေးသွားရတာပါ။

"ကြည့်စမ်း . . . လူကို လှောင်ရယ်နေပြန်ပါပြီ။ ကိုကို မကောင်းဘူး"

"Sorry, Sorry ၊ အဲဒီသဘောမျိုး မဟုတ်ရပါဘူး။ အဲဒီ အမြဲစိတ်ကောက်နေတာလား"

"မဟုတ်ပါဘူးနော်၊ ဘာလဲ ခဏခဏ စိတ်ကောက်ရင် ကိုကို မချစ်တော့ဘူးလား"

ဗုဒ္ဓေါ၊ သူ တွန့်ခနဲဖြစ်သွားရပါ၏။ နှုတ်ရဲ့ပဲ့ နှင်းပွင့်ဖြူ စိတ်ထဲ ချိုးမွမ်းလို့မှ မဆုံးသေး ယောက်မခြင်းစီးတွက်တယ်ဆိုတာ ဒါမျိုး ခေါ်တာထင်ပါ၏။ သက်ပြင်းကျိတ်ရှိုက်ကာ ခေါင်းခါလိုက်





တော့သည်။ ဒါကြောင့် မိန်းကလေးတွေနဲ့ စကားပြောရတာ သူ့အဖို့ အဆင်မပြေရတာပေါ့။

"အဲဒါဆို အန်တီအမရာနဲ့ တိုင်ပြောမှာနော်"

"ဘယ်လို . . . မေမေနဲ့လည်း သိနေတာပဲလား"

"ဒါပေါ့၊ တစ်အိမ်လုံးမှာ စနိုးတစ်ယောက်တည်းပဲ ဒီနားက လူတွေအားလုံးကို အရင်သိတာ။ ကိုကိုတစ်ယောက်ပဲ အထာကိုင်နေ လို့"

"အထာကိုင်တာ မဟုတ်ရပါဘူးဗျာ။ အစကတည်းက ခပ် အေးအေးပဲ နေတတ်လို့ပါ"

"ဒါဖြင့် . . . စနိုးကို Spicy လို့ပြောချင်တာပေါ့လေ ဟုတ် လား"

"ဟော . . . တွေ့လား။ သူ့စိတ်ထဲ ဘာပြောလဲမှန်း ဤ ကလေးမ သိသွားတာပါပဲ။ မလွယ်ပါလားနော်။ သူ့မိဘတွေနှင့် သိပြီး သားမို့ သူ့ကိုလာပြီး ယောရောရှိလုပ်တာက အကြောင်းမဟုတ်။ မေမေနဲ့သူက စိတ်တူကြတာမို့ မေမေ မျက်စိနောက်မှဖြင့် ဒီအိမ်ကို ဝင်ထွက်ဖို့ မလွယ်ပါ။

"ပူလား၊ မပူလား အရင်ပဲကိုင်ကြည့်ပါဦး . . . ရော့ အဲ့" ရော် . . . ခက်တော့တာပဲ။ သံတိုင်ကြားကနေ လက်တံ



www.burmeseclassic.com

www.burmeseclassic.com



သွယ်သွယ်လေးက ထွက်လာလေ၏။ လှလိုက်တာနော်။ လက်ဆစ်လေးတွေကအစ အဖုအထစ်မရှိဘဲ ရှည်လျားဖြောင့်တန်းသည့် လက်ချောင်းသွယ်သွယ်လေးတွေ မဟုတ်လား။ ဘယ်လိုအမေကများ ဒီလိုသမီးချောချောလှလှလေးကို မွေးထားတာပါလိမ့်။

"ကိုင်ကြည့်လေ"

"ကိုက်စားမိရင် ဘယ့်နှယ်လုပ်မလဲ"

ရယ်ပြန်ပါ၏။ အပူအပင်သောကကင်းဝေးတယ်ဆိုတာ ဤသို့သော မျက်နှာလေးသာ ဖြစ်ပေမည်။ သူ့မှာဖြင့် တစ်နေ့ထက်တစ်နေ့ ဆိုင်ရောင်းအားမကျစေရန် ဂရုစိုက်ရတာ၊ ဝင်ငွေတိုးလာဖို့သာ အားစိုက်နေရတာ မဟုတ်ပါလား။ ဖေဖေက ကုမ္ပဏီမှာ ဝင်လုပ်နိုင်ပေမယ့် သူက မလုပ်ချင်တာမို့ ဖေဖေ့ဆီမှာ လက်မှတ်ထိုးခဲ့ပြီး ငွေအရင်းယူကာ ကိုယ်ပိုင်စီးပွားရေးလုပ်ဖြစ်တာပါ။

ဒီဆိုင်သာ မအောင်မြင်မိလျှင် ဖေဖေ့ထံမှာ လခစားဝန်ထမ်းလုပ်ရတော့မှာလေ။ သူက ဆိုင်အလုပ်တစ်ဖက်ဖြင့် မအားမလပ်သလို ဖြစ်ရပေမယ့် ည (၉) နာရီ အိမ်ပြန်ပါလျှင် ရေမိုးချိုး အနားယူရင်း စာဖတ်တော့တာပါ။ အခုတလော ဆိုင်မှာ Menu အသစ်ပြင်ဆင်ရသဖြင့် စာအုပ်တန်းကို ဝင်မမွှေဖြစ်တာ အတော်ကြာလေပြီ။ တစ်ရက်တော့ အချိန်ယူပြီးသွားမှပါပဲ။





"ကိုကို"

"ဗျာ"

"Off ရက်မှာ ဘာလုပ်တတ်သလဲ"

"အင်း ... ဘော်ဒါတွေနဲ့ လျှောက်လည်တယ်။ ဝယ်စရာရှိတာ ဝယ်တာ၊ အားလို့ အချိန်ရရင် စာဖတ်တယ်"

"ဟင် ... ပျင်းစရာကြီး။ စနီးဖြင့် ကျောင်းစာကျက်ရတာတောင် ငြီးငွေ့နေရတာ၊ ဘာလဲ စာအုပ်အထူကြီးဖတ်တာလား"

"ဒါပေါ့ ... အထူကြီးဖတ်မှ မှတ်စရာတွေ အများကြီးရမှာလေ"

ကောင်မလေး နှာခေါင်းရှုံ့သွားလေ၏။ စာကျက်ရသည့်လူက စာဖတ်ရတာကို ပျင်းသတဲ့လေ။ စာကြိုးစားလို့ ချီးမွမ်းချင်သည့်စိတ်က ထွက်ပြေးပြီကော။ အတော်ရယ်ရသည့် မိန်းကလေးပါပဲ။ လူကို မထိတထိ လာကလိနေပေမယ့် ရိုးရိုးသားသား ဖြစ်ပါစေလား။

"ကိုယ်နဲ့ခင်ရင်တော့ ပျင်းရမှာပဲလေ။ ကိုယ်က နားဆူမျက်စိရှုပ်ရတာကို မခံနိုင်ဘူး စနီးရဲ့"

"ခက်တာပဲ၊ မမနဲ့သွားတွေ့ရင် ပျင်းလွန်းလို့ အစ်ကိုတစ်ယောက်ရှာမိပါတယ် ထူးမခြားနားပါပဲလား"

"မမ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့"

"စနိုးမှာ အစ်မရှိလို့လား"

"ရှိပါသော်ကော ကိုကိုရယ်။ Cousin ပါ။ စနိုးထက် အင်း ... (၈) နှစ်ကြီးမယ်ထင်တယ်။ သူလည်း ကိုကို့လိုမျိုး လောကကြီးကို ဘောင်ခတ်ကြည့်တဲ့သူလေ"

"ဘယ်လို ... လောကကြီးကို ဘောင်ခတ်ကြည့်တဲ့သူ၊ အဆန်းပါပဲလား"

"Glass တပ်တဲ့သူလို့ တင်စားပြီးပြောတာလေ"

"ဩော် ... ဟား ဟား ဟား ဟား"

သူ သဘောကျစွာ ရယ်မိပြန်၏။ ဤချာတိတ်မနှင့် စကားပြောရတာတော့ အတော်လေး စိတ်ချမ်းသာရသည်ပင် စာရှုပေရှုတွေကို မပေါင်းချင်သည့်လူက သူနှင့်မှ လာခင်ရတယ်လို့ အတော်ညစ်သွားမှာ အမှန်ပါပဲ။

"ဒီတော့လည်း ဝါသနာတူနှစ်ယောက်ကို ပေးတွေ့လိုက်ပေါ့ကွ"

"အံမယ် ... လူလည်ကျတတ်လိုက်တာ"

"ဘာဖြစ်လို့လဲ"

"စနိုးမမက အရမ်းချောတာ။ ပြီးတော့ ... မာနလည်း





သိပ်ကြီးတာကိုကိုရ"

"ဟောဗျာ"

"စနိုးကိုတောင် ညီမဝမ်းကွဲမို့ စကားပြောတာ။ မမက ယ်သူနဲ့မှ စကားသိပ်ပြောတာမဟုတ်ဘူး"

"ဘာအလုပ်လုပ်သလဲ"

"Professor"

"Ph.D လား"

"အမှန်ပါပဲရှင်"

"အားပါးပါး"

Master တန်းကျောင်းသားတွေကို စာသင်ပေးရသည့် ာကွဆိုပါလား။ ဒီလောက်ပညာတွေတတ်နေမှဖြင့် မာနကြီးတာ ယ်ဆန်းပါတော့မလဲ။ ညီမဖြစ်သူတောင် ဤမျှ ချောနေလျှင် အစ်မ သူက အဘယ်မျှ လှနေမည်လဲ။ မြင်ချင်စိတ်က ပို၍ဖြစ်တည်လာ ၏။

"အဲဒီလို မပြုံးနဲ့နော်၊ အဲဒီအပြုံးကို စနိုးသိတယ်"

"ရော် ... ဘာဖြစ်ရပြန်တာလဲ"

"မမနဲ့ ဝါသနာတူဆိုပြီး စိတ်ကူးယဉ်လိုက်တာ မဟုတ်လား"

"မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မရပါဘူး၊ သူများအစ်မကို"

"ဒါဖြင့် . . . မိတ်ဆက်မပေးဘူးပေါ့လေ"

"ဟုတ်တယ်"

"စိတ်ပုပ်လိုက်တာ"

"ခပ်ပုပ်ပုပ်ပဲ၊ မသိဘူးလား"

"နာမည်လေးတော့ ပြောပြလေ"

"မပြောပါဘူး"

"ရပါတယ် . . . ရပါတယ်၊ ဒီလိုတားနေလည်း တစ်နေ့ မဟုတ်တစ်နေ့ ဆုံရမှာပဲ မဟုတ်လား"

"ဟာဟ . . . မမက အပြင်သိပ်ထွက်တဲ့သူမှ မဟုတ်တာ"

"ဒါပေမဲ့ . . . သူ့အဒေါ်အိမ်ကိုတော့ ခဏတစ်ဖြုတ် လာနိုင်တာပဲလေ။ မဟုတ်ဘူးလား"

"ကိုကိုနော် . . . မမကို အိမ်မလာဖို့ ကြိုပြောထားရမယ် ဟွန်း"

"သားရေ . . . မပြီးသေးဘူးလား။ ရေချိုးပြီးထမင်းစား ဆိုင်ပြန်သွားဦးမှာဆို"

မေမေက တိုက်ခေါ်ဖြတင်းပေါက်မှ အသံလှမ်းပြုလိုက် လေ၏။ မေမေ့အသံကြားသွားသဖြင့် စနိုးက လည်ပင်းဆန့်



ရှာကြည့်လေသည်။ မေမေက ပြောပြီးသည်နှင့် မီးဖိုခန်းဘက် ပြန်ဝင် သွားတာမို့ မမြင်လိုက်ရပါ။ ညနေစာစားရန် စောနေသေးသော်ငြား အချိန်နှင့် အလုပ်လုပ်နေရတာမို့ ဆာတာနှင့် စားကျင့်ရှိနေတာပါလေ။

"ကဲ . . . စကားပြောလို့လည်း ကောင်းပါတယ်၊ အလုပ်ရှိ သေးတာမို့ မြန်မြန်လုပ်ရဦးမယ် ချာတိတ်မရဲ့"

"အံမယ် . . . လူကို ချာတိတ်မတဲ့"

"မမနဲ့ မိတ်ဆက်ပေးဖို့ မမေ့နဲ့နော်"

"ကိုကို"

သူ ရေပိုက်ကို အမြန်ပြေးပိတ်ကာ ပိုက်ရှည်ပျော့ကို သူနေရာ နှင့်သူ စနစ်တကျ ပြန်တင်ထားလိုက်ရပါ၏။ ကောင်မလေး ခြေဆောင့်ကျန်ခဲ့တာ သိပေမယ့် ကိုယ်က အလုပ်ရှိသူမို့ အိမ်ထဲဝင် ကာ ရေချိုးရန် ပြင်ဆင်ရတော့သည်။ သမုဒ္ဒရာ ဝမ်းတစ်ထွာကို ပြည့်အောင် ဖြည့်ရဦးမှာလေ။

ဒါမှသာ အလုပ်ဆက်လုပ်ဖို့ အားရှိနေမှာ မဟုတ်ပါလား။ ဒီတစ်ပတ် အချိန်ပေးပြီး စာအုပ်ဆိုင်တွေ သွားရဦးမှာပါပဲ။ ဆိုင်မှာ နေရတာ ပျင်းတဲ့အတွက် နန္ဒလည်း တစ်ခါတလေ သူနှင့်အတူလိုက် တတ်လေ့ရှိပါ၏။ လိုက်မလိုက် ဖုန်းဖြင့် မေးကြည့်ဦးမှာပါပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ကားကို 'အင်းဝစာပေ' ရှေ့ မနီးမဝေးမှာ Parking ရပ်လိုက်ပါ၏။ နေပြည်တော်၊ ရွှေဆောင် ရုပ်ရှင်ရုံနှင့် နီးနီးလေးမို့ ရုပ်ရှင်လာကြည့်ကြသည့် စုံတွဲလေးတွေ တော်တော်များများနှင့် ဆုံကြရပါသည်။ ပျော်နိုင်ကြတာပါလား။ ဒီအရွယ်ဆိုတာ ကျောင်းထက်ပညာသင်နေတုန်း ဖြစ်သလို သင်တန်းတွေ အပြေးအလွှား ယူနေရဘဲ့ အရွယ်ပါလေ။

ထားပါလေ။ ကိုယ်နဲ့မှမဆိုင်တာဘဲ။ လမ်းကူးကာ စာပေဘိုက်ထဲ ဝင်လိုက်စဉ် "စိတ်ကူးချိုချို" စာပေတိုက်မှ Promotion





စာအုပ်ပွဲတော် လုပ်သည်နှင့် တန်းတိုးလေ၏။ သူ့ အတော် ကံထူးတာပါလား။ ဆိုင်းဘုတ်ကို သေချာမဖတ်ဖြစ်ဘဲ ဆိုင်ထဲဝင်တော့ လူက ပုံမှန်အတိုင်းသာ ရှိနေတာပါ။

ဘာလဲ၊ ဒီရက်မဟုတ်ဘူးလား။ စာအုပ်ပွဲတော်ဆိုတာ အနည်းဆုံး တစ်ပတ်တော့ ရောင်းရတာပါ။ စိတ်ထဲ မတင်မကျဖြစ်သွားတာမို့ သေချာစေရန် အရောင်းစာရေးလေးကို သူသွားမေးလိုက်ရလေ၏။ နှုတ်နှင့်မေးမှသာ တိကျတဲ့အဖြေကို ရနိုင်တာမဟုတ်ပါလား။

"ညီ စာအုပ်ပွဲတော်က"

"ဪ . . . အပေါ်ထပ်မှာ လုပ်တာပါအစ်ကို။ ဘေးလှေကားကနေ တက်သွားလိုက်ပါ"

"ကျေးဇူးပါပဲ"

သူ အပေါက်ဝသို့ ပြန်လျှောက်ကာ ဆိုင်ဘေးရှိလှေကားမှ အပေါ်သို့ တက်လာခဲ့ရပါ၏။ အလို အပေါ်မှာ လူတော်တော်ရှိနေတာပါလား။ လူငယ်တွေထက် လူကြီးပိုင်းတွေသာ ပိုများနေတာမို့ ယနေ့ခေတ်ကလေးတွေ စာဖတ်အားနည်းလာကြတာ သိသာလှပါ၏။ တချို့ကတော့ ဖုန်းဖြင့် download လုပ်ကာ ဖတ်ကြတာမျိုးတော့ ရှိကြပါသည်။

စားပွဲခုံတွေနှင့်ရော ကြမ်းမှာပါ ပုံထားသည့်စာအုပ်တွေက



www.burmeseclassic.com

www.burmeseclassic.com



အတော့်ကို စုံလင်လှပါ၏။ ဝတ္ထုရှည် (လုံးချင်း) အပုံရှေ့မှာ ခဏရပ်ကာ သူဖတ်နေကျ စာရေးဆရာတို့ကို ရှာလိုက်မိသည်။ ရွှေဥဒေါင်း၊ ဇော်ဂျီ၊ မြသန်းတင့် စတာတို့ရှိနေပြီး ဘာသာပြန်ရေးကြသည့် ဆရာဖေမြင့်၊ မောင်မိုးသူတို့တွေကို မတွေ့ရပါချေ။ စာပေလောကထဲ ဝင်မွှေမှ ရမည်ထင်ပါရဲ့။

စာအုပ်အနည်းငယ်ရွေးပြီး လှည့်ထွက်လိုက်စဉ် သူ့နောက်မှ စာအုပ်တစ်ပွေ့ကြီး ပိုက်လာသည့်လူနှင့် တိုးမိတော့၏။ ကြမ်းပြင်ပေါ် လျှောခနဲ ကျလာသည့်စာအုပ်တို့ကို ငုံ့ကြည့်လိုက်မိစဉ် သူလိုချင်သည့် စာအုပ်အတော်များများကို မြင်လိုက်ရလေသည်။ အားပါးပါး၊ သူ့ထက် အရင်ဦးတဲ့သူ ရှိနေပါရောလား။

"Sorry မတော်လို့ပါ"

သူ ထိုင်ချကာ စာအုပ်တွေကို ကူကောက်ပေးစဉ် သူ့ဘေး ထိုင်ချလိုက်သည့် သူ့ထံမှ ရလိုက်သည်က ရှင်မတောင်သနပ်ခါးရနံ့ပါလေ။ ဘုရား . . . ဘယ်လိုဖြစ်ပြီး သူနဲ့တိုက်မိတာ အမျိုးသမီးတစ်ဦး ဖြစ်နေရပါသလဲ။ နှစ်ယောက်ပြိုင်တူ ထိုင်လိုက်မိသည့် စာအုပ်ထက်မှာ အမျိုးသမီး၏လက်ပေါ် သူ့လက်အုပ်မိသွားရပြန်လေ၏။

"Sorry"

"ဒါနဲ့ပဲ အချိန်ကုန်နေပြီ"





"ဗျာ"

လေသံခပ်ပြတ်ပြတ်ထွက်လာတာမို့ သူ အံ့ဩသွားရပါ၏။ မျက်နှာကိုမော့ကြည့်မိစဉ် အမျိုးသမီးက ဆတ်ခနဲ ထရပ်လိုက်တာမို့ ကျစ်ဆံမြီးကျစ်ထားပါသည့် ဆံနွယ်ရှည်တို့က သူ့လက်မောင်းကို လာရိုက်မိလေသည်။ အို . . . မည်းနက်ဖြောင့်စင်းလွန်းပြီး အိနေပါသည့် ဆံနွယ်တွေပါပဲလား။

"ကျွန်တော် တကယ်တောင်းပန်တာပါ"

"မလိုပါဘူး . . . ရတယ်"

"ကူသယ်ပေးပါရစေ"

ကိုင်းမည်းမျက်မှန်တပ်ထားပါသည့် မျက်ဝန်းများက သူ့ထံ ဒိုင်းခနဲ ရောက်လာလေ၏။ အလို အင်မတန် တောက်ပလွန်းသည့် မျက်ဝန်းနက်တွေပါပဲလား။ အကြည့်က စူးသလို မျက်နှာထားကပါ တည်လွန်းနေတာပါလေ။ ဒီလောက်တည်တင်းနေတာတောင် ခပ်သွက်သွက်လေး ဖြစ်နေသည့် မျက်နှာကျပုံကအစ အတော့်ကို ကြည့်ကောင်းလျက် ကျက်သရေရှိကာ ချောမောလှပသည့် အမျိုးသမီးပါပဲ။

ဆံပင်ကို နဖူးပေါ်အောင် လှန်ဖြီးထားကာ သေသပ်စွာ ကျစ်ထားတာ။ လုံချည်ကို ခြေမျက်စိဖုံးသည်အထိ ညီအောင်ဝတ်ထားတာ။ မြန်မာဆန်ဆန် ရင်စေ့လက်စကနှင့် မျက်စိအေးစေသည့် အလှ



www.burmeseclassic.com

www.burmeseclassic.com



တရားက သူ့ရင်ကို ခုန်လှုပ်စေလျက် ငေးမောကြည့်နေမိတော့တာပါလေ။

"ဒီမှာ"

"ဗျာ"

"ဂိုမယ်ဆိုလည်း ကောင်တာအထိ ယူခဲ့ပေးပါ"

"ဩော် . . . ဟုတ်ကဲ့"

သူမနောက်မှ သူလိုက်ခဲ့ရပါ၏။ သူ့လက်ထဲမှာတင် စာအုပ်က (၁၀) အုပ်ကျော်မက ရှိနေတာတောင်မှ သူမလက်ထဲမှာ အုပ် (၂၀) ကျော်ခန့် ကိုင်ပြီး ကောင်တာရှိနေသည့်နေရာကို လူအုပ်စုထဲမှ ရှောင်ရှားကာ သွားရလေသည်။ ဒီလောက်တောင်မှ ဝယ်ရသလား။ Original စာအုပ်တွေပါမက ဘာသာပြန်စာအုပ်တွေပါ အကုန်လုံး ဝယ်နေတော့တာလေ။

"သမီးရေ"

"ရှင် မမ"

"ဘေးမှာ ခဏလောက်စုထားပေးပါလား။ Voucher မဖြတ် ချင်သေးလို့ပါ။ ရွေးစရာတွေ ရှိသေးလို့လေ"

"ဩော် . . . ရပါတယ် မမ၊ ထားခဲ့ပါ"

"ဒီမှာ ရောပါ"





"အဲ"

သူ့လက်ထဲက စာအုပ်တွေကိုပါ ဖျတ်ခနဲ လှည့်ယူလိုက်သဖြင့် အကုန်ပါသွားလေတော့၏။ ဟိုက် . . . သူရွေးထားသည့် (၆) အုပ်ပါ ရောပါသွားပါရောလား။ သူပြောမလို ပြင်လိုက်ပေမယ့် စာရေးမလေးက တစ်ထပ်တည်း စုပုံလိုက်တာမို့ ပါးစပ်ပိတ်လိုက်ရလေသည်။ နှုတ်နည်းသည့်အကျင့်ကြောင့် ဒုက္ခတော့တွေ့ချေပြီ။

နောက်လှည့်ပြီး 'တက်ကြွမ်း' စာအုပ်ပုံဘက် လျှောက်ပြီမို့ သူပါ လိုက်ခဲ့ရလေ၏။ သူလည်း ဒီပုံကို မွှေရမှာမဟုတ်ပါလား။ 'လောကကြီးကို ဘောင်ခတ်ကြည့်တဲ့သူ' တဲ့။ အတွေးထဲမှာ နှင်းပွင့်ဖြူဖြူ၏စကားကို ပြန်ကြားယောင်မိပြီး သူ ပြုံးလိုက်မိစဉ် ခုနအမျိုးသမီး၏အကြည့်က သူ့ထံ ဒိုင်းခနဲ ရောက်လာပြန်လေ၏။

"ကျွန်မရွေးမယ့်စာအုပ်တွေကို ရှင် လိုက်လုရွေးမှာတော့ မဟုတ်ပါဘူးနော်"

"ဗျာ . . . အာ မဟုတ်ရပါဘူး"

"မဟုတ်ဘူးသာဆိုတယ်။ အခုပဲ ကျွန်မယူမယ့်စာအုပ်သုံးလေးအုပ် ရှင့်လက်ထဲရောက်နေပြီလေ"

"ဟုတ်လား . . . စောစောကလည်း ကျွန်တော်ရွေးထားတဲ့ (၆) အုပ်ကို ခင်ဗျားယူသွားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်တုန်းက”

“ကောင်တာဘေးမှာ ပုံလိုက်တဲ့အထဲ ပါသွားတာ”

“ဟုတ်လား၊ ဒါဖြင့် ငွေရှင်းတဲ့အခါ ပြန်ယူပေါ့”

“ကျွန်တော်က စာအုပ်ပဲယူမှာပါ”

“ကျွန်မကလည်း စာအုပ်တွေကိုပဲ ပြောတာပါ”

တော်ပါသေးရဲ့။ သူက ခင်မင်ဟန်ဖြင့် ပြုံးပြနေပါသော်လည်း ထိုအမျိုးသမီးက ခပ်တည်တည်ဖြင့်ပင် သူ့ကိုပြန်ကြည့်လေ၏။ ကြည့်ရတာ ကျွန်တော်နှင့် ရွယ်တူလောက်ပင် အသက်ရှိလောက်မှာပါ။ သို့သော် အရွယ်ထက် ပို၍ ရင့်ကျက်တည်ငြိမ်ဟန်က သူမ မျက်နှာထက်မှာ ပေါ်လွင်နေတာလေ။

အထူးသဖြင့် သူမ ရွေးဝတ်လာသည့် ငှက်ခါးရောင်ပါတိတ် One set ကြောင့် ပိုမို့င်းနေသည့်နှယ်ပါ။ သို့သော်ငြား ဝင်းဝါသည့် အသားအရေက ထင်းနေတာမို့ အများထဲမှာ သူမက ပေါ်လွင်နေတာ အမှန်ပင်။ ဒီခေတ်မှာ ဒီလိုစတိုင်လ်ဖြင့် မြန်မာအမျိုးသမီးမျိုးက ဒီ အရွယ်တောင်ရှားနေပြီ မဟုတ်ပါလား။ မေမေတို့အရွယ် (၅၀) ကျော် တွေတောင် style pants ဖြင့် လမ်းထွက်နေကြတာပါလေ။

“ဟော . . . တွေ့လား”

“Sorry ဒါ ကျွန်တော်ယူမယ်လေ”



“ကျွန်မလည်း လိုချင်လို့ မနည်းရှာရွေးနေတာ မမြင်ဘူးလား”

“ခင်ဗျားလက်ထဲမှာ (၁၀) အုပ်ကျော်နေပြီပဲဟာ။ ပြီးတော့ စောစောကအပုံလည်း အုပ် (၃၀) လောက်ရှိမယ်ထင်တယ်”

“ကျစ်”

သူမက စိတ်ပျက်ဟန်ဖြင့် စုတ်တစ်ချက်သပ်လိုက်လေ၏။ ပြီးနောက် သူနှင့် စကားမများချင်သည့်နှယ် ဘေးမှာရှိနေရာမှ ကောင်တာထံ လှည့်ထွက်သွားလေတော့သည်။ သူ စာအုပ်ဆက်ရွေးနေရင်းမှ ခုန စာအုပ် (၆) အုပ်ကို သတိရကာ သူမနောက် ခပ်မြန်မြန်လိုက်ခဲ့ရတော့၏။ ငွေရှင်းကောင်တာမှာ လူက ကျပ်နေပြန်ချေပြီ။

“မတိုးနဲ့လေ”

“ကျွန်တော့်စာအုပ်မမေ့နဲ့နော်”

“မေ့စရာလား၊ သိတယ်”

အင်း . . . လေသံကတော့ အမာစားသံမဏိပါပဲ။ ဝတ်စားပုံက ယဉ်ကျေးပေမယ့် လေသံကဖြင့် သိမ်မွေ့ဟန် နည်းနည်းမှတောင် မရှိပါလားနော်။ ဘယ်လိုအမျိုးသမီးပါလိမ့်။ တကယ်ဆို စာပေဝါသနာပါတဲ့သူအချင်းချင်း ရင်းနှီးခင်မင်စွာ ပြောဆိုဆက်ဆံသင့်တာ မဟုတ်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



ထားပါတော့လေ။ လူတစ်ကိုယ် စိတ်တစ်မျိုးမို့ ဘယ်တူနိုင်ပါ့မလဲ၊ နှင်းပွင့်ဖြူဖြူပြောထားသည့် သူမရဲ့မမကို စိတ်ယဲ မြင်ယောင်မိရင်း ဒီအမျိုးသမီးကို သူကြည့်မိတာပါလေ။ လူအုပ်ထဲမှာ ရုတ်တရက် ရလိုက်သည့် သနပ်ခါးရနံ့ကြောင့် ရင်ထဲမှာ ဒိတ်ခနဲ ခုန်မြည်ခဲ့တာက အမှန်ပါပဲ။

သို့သော် သူ့ကို စိမ်းစိမ်းကြီးကြည့်ကာ မာဆတ်ဆတ်ကြီး ဆက်ဆံပြောဆိုလိုက်သည့် သူမ၏ဟန်ပန်က သူ့ကို အတွေးတွေ ရှေ့မဆက်ရဲရလေအောင် stop ဆိုပြီး မီးနီပြလိုက်သည့်နှယ်ပါလား။

"ခဏလေး ... ရှင်ပြောတာ အဲဒီစာအုပ်တွေလား"

"ဗျာ ...ဪ ဟုတ်တယ်၊ ဟုတ်တယ်။ အဲဒီ (၆) အုပ်ပဲ"

"သမီးရေ ... အဲဒီ (၆) အုပ်ဖယ်ပြီးတော့မှ စာရင်းပေါင်း မှတ်ပေးပါနော်။ Please"

English speaking သံက ပီသလိုက်တာနော်။ ဗမာလူမျိုးဟု မထင်ရလောက်အောင် ဆိုသံ လုံးဝ ပေါ့ပေါ့ပါးပါးလေးဖြစ် ထွက်လာတာမျိုးပါပဲ၊ Slimbag က ခပ်ရိုးရိုးပုံစံပင် လွယ်ထားသည့် အညိုရောင်ပါ။ အိတ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်လိုက်စဉ် လက်ပတ်ထားသည့် နိုင်ငံခြားဖြစ် ရွှေအိုရောင် watch ကိုမြင်ရလေ





ရွှေဆိုး၍ နားမှာပန်ထားသည့် စိန်သေးသေးနားကပ်တစ်ရံသာ ရှိပြီး ဘာလက်စွပ်၊ ဘာလက်ကောက်၊ ဘာ Handchain မျိုးမှ ဝတ်မထားပါလေ။ မျက်နှာကိုလည်း ပြင်ဆင်ခြယ်သထားတာမျိုး မရှိဘဲ သနပ်ခါးရေကျဲသာ လူးထားပုံပါ။ မျက်ခုံးက မထူမပါး၊ နှာတံခပ်ပေါ်ပေါ်နှင့် နှုတ်ခမ်းက အထက်အောက်ညီပြီး ပြောသည့် စကားတိုင်း အတည်ဟူသည့် ပြတ်သားသည့် နှုတ်ခမ်းပုံစံမျိုးပင်။

မျက်ခုံးခြယ်တာ၊ ပြုပြင်ထားတာမျိုး မရှိသလို နှုတ်ခမ်းဆိုးဆေးလည်း တင်ထားခြင်းမရှိပါလေ။ အဝတ်အစားကို မြင်သာထင်ရှားသည့် အရောင်မျိုးမရွေးဘဲ ထသွားထလာပုံစံမျိုးသာ ရွေးဝတ်လာပုံပါ။ ဒါတောင်မှ သူမအရွယ် သူမရုပ်ရည်အသွင်အပြင်က အများထဲ မြင်သာနေတော့ ခက်သားလား။

အလို ဘယ်လိုဖြစ်ပြီး သူမကို တစိမ့်စိမ့်ကြည့်ကာ သူ အတွေးလွန်နေမိတာပါလိမ့်။ ခက်ချေပြီကော မင်းအကွာရာ။

"စုစုပေါင်း တစ်သိန်းရှစ်သောင်းနဲ့ ခြောက်ထောင့်ငါးရာ ကျပါတယ်။ မမ (20) Percents discount ပါရှင်"

"Thanks ပါ သမီးရယ်"

"အစ်ကို့စာအုပ် (၁၂) အုပ်က ဘယ်လောက်ကျသလဲ"

"ဟုတ်ကဲ့ (၆) သောင်း (၃) ထောင်ပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာနော်"

"ဟုတ်ကဲ့ပါ အစ်ကို"

"ကျွန်တော် ကူသယ်ပေးပါ့မယ်"

"ရပါတယ်"

"ဒီလောက်အများကြီး ဘယ်နိုင်မှာလဲ။ ကျွန်တော့်စာအုပ်ထုပ်က ပေါ့တယ်။ ဒီနှစ်ထုပ်သယ်လိုက်ပါ။ ကျန်တာ ကျွန်တော် သယ်ခဲ့ပေးမယ်၊ ကားပါတယ် မဟုတ်လား"

"ပါပါတယ်၊ အားနာလိုက်တာ။ လိုချင်တာတွေ့တာနဲ့ အကုန်ယူမိတော့လို့"

"ရပါတယ်ဗျာ"

သူမနောက်မှ လိုက်လာပြီး လှေကားထစ်ကိုဆင်းလိုက်ပါ၏။ အတော်လေး မတ်နေသည့်လှေကားထစ်တွေမို့ အထုပ်တွေကို မမြင်ရဘဲ ဆင်းနေသည့် သူမက ခြေလှမ်းကို တုံ့ခနဲရပ်သွားလေ၏။ ခြေချော်ကျမှာကို စိုးရိမ်လို့ ထင်ပါရဲ့။

"ကျွန်တော် အရင်ဆင်းလိုက်မယ်လေ။ ခဏစောင့်ပါလား။ အောက်ရောက်ရင် လာပြန်တက်ယူပေးမယ်"

"ဖြစ်ရဲ့လားဟင်"

"ဖြစ်ပါတယ် ခဏနော်"





သူမအားမှ သူ ခပ်သွက်သွက် ဆင်းလာခဲ့ရပါ၏။ အောက်ရောက်တော့ လက်ထဲမှစာအုပ်ထုပ်တွေကို ခဏချကာ လှေကားပေါ် ပြန်တက်ပြီး သူမလက်ထဲမှ အထုပ်တို့ကို လှမ်းယူလိုက်ပါသည်။ စောစောက မကြည်သလိုဖြစ်နေသည့်မျက်နှာက အနည်းငယ်ပျော့သွားလေ၏။ ဒီလိုပဲ ဖြစ်ရမှာပေါ့လေ။ မင်းအကွရာဆိုတာ လူတွေကို အလျဉ်းသင့်တိုင်း ကူညီတတ်ကျင့်ရှိတာပါလေ။

"ကျေးဇူးပါ"

သူမ ကားပေါ်ထိတင်ပေးစဉ် ကျေးဇူးတင်စကား ခပ်တိုးတိုး ပြောလေ၏။ ရင်ထဲမှာ အမှတ်တရဖြစ်ခဲ့သည့်နေ့လေး တစ်နေ့ပါပဲလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

Camera Zoom ကို အနီးကပ် ယူလိုက်ပါ၏။ မေးစေ့မှာ မွဲလေးပါသည့် Model girl လေး၏အပြုံးက ဆွဲဆောင်မှုရှိလွန်းလှလေသည်။ မျက်ဝန်းတောက်တောက်လေးတို့၏ ပါဝါက အနီးကပ်ကြည့်တော့မှ ပိုသိသာစေတာပါလေ။ နာမည်ကိုက 'ညို့' တဲ့။ အင်မတန် လိုက်ဖက်လွန်းသည့်အမည်ပါပဲ။

"မကြိုက်ဘူးလား ကိုနေ့၊ ဘယ် Post ပြောင်းပေးရမလဲ"

"ရတယ် အဲဒီအတိုင်းလေးပဲနေပါ။ မျက်နှာကိုမော့လိုက်ပါလား။ ကျစ် ... များသွားပြီ"





Stand ဖြင့် ထောင်ထားသည့် Camera နောက်မှ သူထွက်လိုက်ပါ၏။ နောက်ခံပိတ်ကား မှိုပြာရောင်ရှေ့မှာ Post အမျိုးမျိုးဖြင့် ဓာတ်ပုံအရိုက်ခံနေပါသည့် Model အနီးသို့ သွားလိုက်လေသည်။ ထိုင်ခုံမှာ ခါးကော့ပြီးထိုင်နေသည့်မို့ ခုံကို အနည်းငယ် လှည့်လိုက်ကာ ပုခုံးကို ရှေ့ဘက်အနည်းငယ် ရွှေ့စေကာ မေးစေ့ကိုကိုင်မော့ပေးစဉ် ကောင်မလေးက နှစ်လိုဖွယ် ပြုံးလိုက်လေ၏။ ရော်၊ လူကို ရင်တုန်စေမည့်အပြုံးမျိုး ပြုံးပြပြန်ပါပြီ။ ခက်ပြီကော ညို့ရယ်။

"ဒီလိုလေး သိပ်မစောင်းမှလှမှာ"

"ညို့က ကိုနေ့စိတ်ထဲ မလှလို့လား"

"အလုပ်လုပ်နေတာလေ"

"ဒါပေါ့လေ"

တွေ့လား။ မျက်လုံးထောင့်ကပ်ကြည့်လိုက်ပုံကိုက တခြားမိန်းကလေးတွေနှင့် မတူတာပါ။ ဤမျက်နှာလေးကိုက သရုပ်ဆောင်တွေနှယ် ပီပြင်လွန်းတာလေ။ Model လောကကနေ သရုပ်ဆောင်လောကထဲကူးချင်နေသည့် သူမအတွက် အလားအလာကောင်းမည့်ပုံပါပဲ။

"နံပါတ် ဘယ်လောက်ရှိပြီလဲ"

"ဘာကိုမေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေ Girl friend တွေကို ပြောတာလေ"

သူ နှုတ်ခမ်းတွန့်ရုံပြုံးလိုက်ပြီး Camera ဆီ ပြန်လျှောက်လာခဲ့ပါ၏။ ပင့်ထိုးရမည့် မီးဆလိုက်ကို သိပ်မလင်းစေရန် အလင်းချိန်ကာ ဖွင့်လိုက်ပါသည်။ သူ ရိုက်ပေးသည့် တတ်ပုံတိုင်းမှာ သိပ်မလှသည့် မိန်းကလေးတွေတောင်မှ အလန်းစားလှသွားတာ မဟုတ်ပါလား။

ဒါကြောင့်လည်း ယုံယုံကြည်ကြည်နဲ့ သူ့ရဲ့ PRINCE Studio မှာ လာရိုက်တတ်ကြတာပေါ့။ Fashion ဆိုင်နှင့် တွဲဖွင့်ထားတာမို့ ဝတ်စုံကို ရှာစရာမလိုဘဲ လိုအပ်သည့် ဝတ်စုံ Design အမျိုးမျိုးကို ဆိုင်ထဲမှာ သွားယူရုံ ready ပါပဲ။ လိုချင်သည့်ပုံကို စိတ်တိုင်းမကျမချင်း မရပ်တတ်တာမို့ သူ့ဆီလာတိုင်း အချိန်ပေးနိုင်ဖို့တော့ လိုအပ်မည်သာ။

"ပြောလေ"

"ဘာနံပါတ်မှ မတပ်ပါဘူး ညို့ရဲ့"

"ဟာဟ . . . ယုံကြည်ချင်စရာပဲ"

"ငြိမ်ငြိမ်နေလေ၊ Post ပျက်သွားဦးမယ်။ Ok ညာဘက်ကို လှည့်လိုက်ပါလား။ စောစောကနဲ့မတူအောင် ကျောပေးထားပြီး ပြန်လှည့်ကြည့်တာမျိုးလေ။ အာ များသွားပြီ။ အရမ်းမစောင်းနဲ့လေ၊





ခါးလေးသေးသေးလေးပေါ်အောင်ရိုက်မှာ။ ဟုတ်ပြီ . . . ဟုတ်ပြီ။ အဲဒီအနေအထား မိုက်တယ်။ ခါးထောက်လိုက် . . . အိုကေ"

ကောင်မလေးက ခစ်ခနဲရယ်လိုက်တာမို့ မျက်နှာအပြောင်းအလဲကို တစ်ပုံပြီးတစ်ပုံ တဖျပ်ဖျပ် အမိအရရိုက်လိုက်ပါ၏။ မတ်တပ်ရပ်ရန် လက်ဖြင့်ပြလိုက်စဉ် ကောင်မလေးက ခုံကျောမှီကိုတံတောင်ထောက်ကာ ကိုယ်ကိုကိုင်းလိုက်ပြီး ခြေကိုလိမ်ရပ်လိုက်လေသည်။ ရှိသည့်အလှအပတွေ တစ်ပြုံကြီးပေါ်လွင်သွားသည့်နှယ်ပါ။

သိပ်ကြီး မပြင်ပေးရပါဘဲ အနေအထားလုပ်တတ်တာမို့သူ သိပ်မပင်ပန်းလှပါ။ 'ရပြီ' ဟုပြောလိုက်ပြီး Camera ကို ဖြုတ်ယူကာ ပုံတွေကို ပြန်စစ်လိုက်ပါ၏။ မကြိုက်သည့်ပုံတွေကို ဖျက်ရမည်ကိုး။ ကောင်မလေးက အဝတ်လဲခန်းထဲဝင်ကာ ဝတ်လာသည့်ဝတ်စုံကို ပြန်လဲဝတ်နေလေသည်။

"ကိုနေ"

"အင်း"

"ဘယ်နှပုံရလဲ"

"ကြည့်နေတုန်းပဲ"

ဆက်တီခုံမှာထိုင်ကာ ပုံတွေကို ထိုင်စစ်နေမိစဉ် ညို့က သူ့အနီးမှာ အတော်လေးနီးကပ်စွာ ထိုင်ချလိုက်လေ၏။ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့တော့ ခက်ပါရဲ့။ သူက စမရောရပါဘဲ ဒီလိုဒီလို အထာတွေ ပေးမှတော့ ရင်ထဲမှာ မရိုးမရွနှင့် ဘာညာ ဘညာတွေ ဖြစ်ကုန်တော့မှာလေ။

"အဲဒါ လှတယ်လေ"

"No အမြင်ရိုင်းတယ်။ cancel"

"နှမျောစရာကြီး"

"လှတာတွေ အများကြီးပါ။ ပုံသုံးလေးဆယ်ကျော်တာပဲကို"

"ကိုနေ"

"အင်း ပြော"

Camera အတူလိုက်ကြည့်နေတာမို့ ခေါင်းနှစ်ခုက ထိလုနီးပါးပင်။ သူမထံမှ Make-up နှင့် ရေမွှေးနံ့က သူ့ထံ ထောင်းခနဲ ပျံ့လာလေ၏။ ကြာကြာရှူမိရင် ခေါင်းမူးတော့မည့်ပုံပဲ။

"ညို့ကို ဘယ်လိုသဘောရလဲဟင်"

"ဘာရေမွှေးသုံးလဲ"

"ဟင် ... မေးတာကိုဖြင့် အရင်မဖြေဘူး၊ တကယ်ပဲ အနံ့ကြိုက်လို့လား၊ လက်ဆောင်ဝယ်ပေးမယ်လေ"

"မကြိုက်ပါဘူး၊ အနံ့ပြင်းလွန်းလို့ မေးမိတာ"





တွန့်ခနဲဖြစ်သွားလေ၏။ ပူးကပ်လုနီးပါးပုံစံမှ အနည်းငယ် ခွာရွှေ့ထိုင်လိုက်လေသည်။ ဒီလိုပဲ ဖြစ်ရမှာလေ။ နေနန္ဒနိုင်တို့က မိန်းကလေးတွေကို ဘယ်လိုဆွဲယူရတာ၊ တွန်းထုတ်ရတာ၊ လက်သင့်ခံတာ၊ ငြင်းဆန်တတ်တာတို့ကို အကျွမ်းကျင်ဆုံးဘာသာရပ်အဖြစ် တတ်မြောက်ခဲ့တာ မဟုတ်ပါလား။

ဘယ်လောက်ပဲ မာနကြီးပါသည်ဆိုသည့် မမလှလှလေးတွေတောင် သူ့ရှေ့မှာ နောက်ဆုံး ကြွေကျလာတော့တာပါလေ။ နူးညံ့သည့်နေရာမှာဆိုလည်း ဖယောင်းနှယ် ပျော့ပျော့ပြောင်းပြောင်း၊ နူးနူးညံ့ညံ့လေး ပြောတတ်ပါပေ့။ ခပ်တင်းတင်း ခပ်မိုက်မိုက် ကြိုက်တတ်သည့် မဒီလေးတွေဆိုလည်း ဂျစ်ကန်ကန် မာဆတ်ဆတ်လေး ဆက်ဆံပြတတ်တဲ့နေရာမှာ သူက ဆရာကြီးပါပဲ။

"ပေါ်တင်ကြီးပြောရလား"

"ဘာလဲညို့ရဲ့၊ ရေမွှေးနံ့ပြင်းတာကိုပဲ ကိုယ်ဝေဖန်ပြတာပါ။ လူကိုဖွဲ့တာမှ မဟုတ်ဘဲ၊ စိတ်မကောက်လိုက်နဲ့လေ"

"သိပါဘူး၊ ညို့ကိုများ ငြင်းတာလားလို့"

သူက ပုံတွေထဲ အာရုံပြန်စိုက်လိုက်စဉ် လက်မောင်းကို မှီလိုက်သည့် အနေအထားက ချက်ချင်းပြောင်းသွားလေ၏။ ပြောတာမဟုတ်လား။ သူက ကျွမ်းကျင်ပါတယ်လို့၊ သို့သော် ဤ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ သတိထားရမှာ အသေအချာ။ သူ့နောက်မှာ Brack-ground က အတော်ခပ်တောင့်တောင့်မို့ သူ့အတွက် Danger ပါပဲ။

"ကိုနေ"

"အင်း"

"ညို့လို မိန်းကလေးတွေ ဘယ်နှစ်ယောက်လောက်ကို မျက်ရည်ကျအောင်လုပ်ပြီးပြီလဲ"

"ဟား ... မေးခွန်းက လန့်စရာကြီး"

"အမှန်အတိုင်း ဖြေရမှာနော်"

သူက ဆိုင်တွင်းမှာထားထားသည့် ရေခဲသေတ္တာအသေးလေးထဲမှ အအေးနှစ်ဘူးကို ထုတ်ယူကာ ဖောက်လိုက်ပြီး ဖန်ခွက်ထဲထည့်ကာ ယူလာပါ၏။ သူက သံဘူးဖြင့် သောက်တတ်ပါသော်လည်း မိန်းကလေးတိုင်း သောက်တတ်တာမှ မဟုတ်တာကိုး။ ညို့က အအေးဖန်ခွက်ကို လှမ်းယူလိုက်ပြီး အနည်းငယ်မျှ သောက်လိုက်လေသည်။

လှတဲ့မိန်းကလေးများ ဘယ်လိုပဲ အမှတ်တမဲ့ထိုင်ထိုင် ကြည့်ကောင်းနေတာလေ။ သူက နှစ်ယောက်ထိုင်ဆက်တီမှာ ပြန်မထိုင်တော့ဘဲ တစ်ယောက်ခုံမှာ ထိုင်ချလိုက်ပါ၏။ ခပ်စောင်းစောင်း အနေအထားမို့ ဆိုင်တံခါးကို မြင်သာသည့် နေရာပါပဲ။ တံခါးကို Lock





မချထားတာမို့ အပြင်ထွက် ထမင်းစားနေသည့် သူ့ဝန်ထမ်း ချာတိတ်တွေ အချိန်မရွေး ဝင်လာနိုင်တာလေ။

"ကိုယ်ကတော့ သူတို့ကို ငိုအောင်မလုပ်ခဲ့ဘူးလို့ ထင်တာပဲ"

"ယုံမယ် အားကြီးကြီး"

"ယုံတာ, မယုံတာ တစ်ကဏ္ဍပါ ညို့ရဲ့။ သူတို့လိုချင်တာကို ကိုယ်က ဖြည့်ဆည်းပေးတယ်။ ဒီတော့ သူတို့လည်း စိတ်ချမ်းသာတယ်။ ကိုယ်လည်း စိတ်ပျော်ရတယ်။ ဒါပဲ"

"ပြတ်သွားတာကရော ဘယ်နှယောက်ရှိပြီလဲ"

"ကိုယ် ပြောပြီးပြီလေ။ နံပါတ်စဉ်မတပ်ထားဘူးလို့။ တွေ့ရင်ခေါ်ပြောမယ်။ မတွေ့ရင်လည်း ခေါက်ပေါ့"

ညို့က အအေးသောက်ရင်း ပြုံးလိုက်လေ၏။ မေးနေသည့် မေးခွန်းတွေက Journelist တွေနီးနီး ရှိနေတာပါလေ။ ဘာသဘောလဲ။ သူ့အကြောင်းသိချင်လျှင် သူနှင့်တွဲလေ့ရှိကြပြီး နောက်တော့လည်း ခွာသွားတတ်ကြတာမျိုးပါ။ ဘယ်သူမှ ဒီလို စေ့စေ့ပေါက်ပေါက် မေးတတ်မှ မရှိတာလေ။

"ပေါ့ပေါ့လေးပါလား"

"ဒါပေါ့ ညို့ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေထဲမှာ ကိုနေ့ရဲ့အချစ်ဆိုတဲ့အရာ သေးသေးလေးတောင် မပါဘူးလား"

"အချစ်"

"ဟုတ်တယ်လေ"

"မပြောတတ်ဘူး၊ ကိုယ်က ရင်ခုန်ရတဲ့အရသာကိုပဲ ခံစားတာပါ။ အချစ်တွေ မေတ္တာတွေကို အလေးအနက် အဓိပ္ပာယ်ပြန်ဆိုလို့ နားမလည်ဘူးဆိုပါတော့"

"မလွယ်ပါလား"

ဝေဖန်ခံရလေပြီ။ သူ မမှုပါ။ တွဲကြတယ်ဆိုတာ သူ့စိတ် ကိုယ့်စိတ် သဘောတူအလိုကျ တွဲဖြစ်တာပဲမဟုတ်လား။ ဆန့်ကျင်ဘက် ယောက်ျားနဲ့မိန်းမ လူလွတ်အချင်းချင်း မတွဲရဘူးလို့ ဥပဒေပြဋ္ဌာန်းထားတာမှ မဟုတ်တာကို။ သို့သော် ဒီလိုကြားမှာတော့ စောင့်စည်းလိုက်နာရမည့် Rule ကိုဖြင့် သူ့ကိုယ်သူ ဆင်ခြင်စောင့်စည်းရတာပါလေ။

ကိုယ် လက်မထပ်နိုင်ဘဲနဲ့တော့ သူများသားသမီးကို ကျော ရုံကြံတာ၊ စည်းကျော်တာမျိုးကိုတော့ သူ အလိုလို ရှောင်တတ်ပါ မိန်းကလေးတွေဘက်မှ မည်သို့ပင် မီးစိမ်းပြနေပါစေ သူက ဇာခန်းဆီ ကို ဖယ်ဖို့ လုံးဝစိတ်မကူးတာ အဓိကအချက်ပါပဲ။ ကိုယ့်စိတ်





ကိုယ်သာ အထိန်းချုပ်နိုင်ဆုံး မဟုတ်လား။

"လိုချင်တာကို ဖြည့်ဆည်းပေးတယ်ဆိုတာကရော ဘယ်အဆင့်ထိတောင်မှလဲ"

"သိချင်တယ်ပေါ့လေ"

"ဒါပေါ့"

"သိချင်ရင် ကိုယ်နဲ့ နှစ်လလောက်တွဲကြည့်ပေါ့။ သိလိမ့်မယ်"

"ကြည့်စမ်း"

"တစ်ခုတော့ကြိုပြောထားမယ်နော်။ ကိုယ်နဲ့တွဲမယ်ဆိုရင် သည်းခံစိတ်မွေးနိုင်ဖို့တော့ လိုလိမ့်မယ်"

"ဘာကိုလဲ"

"ကိုယ့်ဆီ မကြာမကြာ ဆက်နေတဲ့ phone call တွေ၊ ပို့နေတဲ့ message တွေ၊ လမ်းသွားရင်း ကြုံတတ်တဲ့ဖယားတွေကို ပေါ့။ အဲဒါကို သည်းမခံနိုင်ရင် ကိုယ်နဲ့တွဲဖို့ စိတ်မကူးလေနဲ့"

"ရင့်လိုက်တာ"

"ပြီးတော့ ရှိသေးတယ်"

"____"

"ကိုယ်က တွဲလက်စရော တွဲခဲ့တဲ့မိန်းကလေးတွေရဲ့ နာမည်



www.burmeseclassic.com

www.burmeseclassic.com



ကို မမှတ်ထားတတ်တာပဲ။ ခေါင်းထဲမှာ နေရာကျပ်လို့လေ''

သူမ ဟက်ဟက်ပက်ပက် ရယ်ချေလေပြီ။ ဒါပဲလေ၊ ဒီလောက် ပွင့်ပွင့်လင်းလင်း ပြောပြထားတာတောင်မှ နေနန္ဒနိုင်ကို တွဲချင်ရင်လည်း သဘောပါပဲ။ ဘာကိုမှ (အလုပ်ကလွဲ၍) အလေးအနက်မထားတတ်သည့်အကျင့်ကို သိထားပါလျက်နှင့် သူ့ကိုလာတွဲတာ သူ့အပြစ်မှမဟုတ်တာလေ။

''ဒါဖြင့် ကိုနေ အလေးအနက်ထားပြီး ပြောခဲ့သူရော ဘယ်နှယောက်လောက်ပါလဲ''

''အလေးအနက်''

''ဟုတ်တယ်လေ၊ ချစ်တယ်လို့တော့ ကောင်မလေးတစ်ဦးပေါလေကိုတော့ ပြောဖြစ်မှာပဲမဟုတ်လား''

''ဒေါက် ဒေါက်''

တံခါးခေါက်သံထွက်လာပြီး သူ့ချာတိတ်နှစ်ယောက် ပြန်ရောက်လာလေ၏။ Make-up ပြင်ပေးသည့် ချစ်စုမပါလာပါလား။ အချည်ကြိုက်လွန်းသည့် ချာတိတ်မကတော့ လမ်းဘေးဆိုင်မှာ ဝင်ဝယ်နေပြန်ပြီထင်ပါရဲ့။ ထူးနိုင်နှင့် ရာဇက သူတို့နှစ်ယောက်အနေအထားကို သေချာကြည့်ပြီးမှ စကားပြောလေ၏။

''ညီ့ုအိမ်ကကား လာကြိုတာရောက်နေပြီ အစ်ကို''





''ဟုတ်လား။ ပြန်လို့ရနေပါပြီ''

''ညီ့ုမေးတာဖြေဖို့ အကြွေးနော်''

သူ ပြုံးရုံသာပြုံးနေလိုက်မိပါ၏။ ညီ့ု အိမ်ပြန်မှာမို့ ဆိုင်ရှေ့အထိ လိုက်ပို့ပေးကာ လက်ပြနှုတ်ဆက်လိုက်ပါ၏။ အိမ်က ကြိုပို့လုပ်ပေးသည့်အထိ ဂရုစိုက်မှတော့ သာမန်မိသားစုမှ မဟုတ်တာကို သတိထားမိစေတာလေ။ ကားလေးမောင်းထွက်သွားတာကို ငေးကြည့်ကာ သူ ကျန်ခဲ့ပါ၏။

''ချစ်တယ်'' တဲ့လား။ ထိုစကားလုံးကို တစ်ခါမှ မသုံးဖြစ်ပါဘဲ သူ့နံဘေးမှာ မိန်းကလေးပေါင်းများစွာက Auto ရောက်လာတတ်တာလေ။ အလေးအနက်ထားပြီးပြောတာတဲ့။ သူက ခေါင်းကိုက်စိတ်ရှုပ်စရာတွေက သိပ်မစဉ်းစားတတ်တဲ့လူပါလေ။ သရက်သီးစိတ်တုတ်ချောင်းထိုးထားတာကို ကိုက်စားရင်း လမ်းကူးလာသည့် ချစ်စုကို ကြည့်ကာ သူ သက်ပြင်းရှိုက်လိုက်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ကားကို Platform ဘေးမှာကပ်၍ ရပ်ကာ ကုမ္ပဏီ
သူ ဝင်ခဲ့ပါ၏။ သူ့ဒယ်ဒီက ဆေးကုပေမယ့် မင်းမင်း၏အဖေဖြစ်
ဦးဘမင်းထံမှာ member ဝင်ထားလေသည်။ ခုတလော ဒယ်
သွေးတိုးနေတတ်တာမို့ ဒီနေ့ meeting ကို ဒယ်ဒီ့ကိုယ်စား တက်
တာပင်။

ဒီလိုမျိုး မကြာခဏ လာတတ်ပေမယ့် ကုမ္ပဏီကားပါကင်
ကားမရပ်ဖြစ်ပါ။ အစည်းအဝေးပြီးပါက ကားထုတ်ရခက်တာမို့
အပြင်မှာပင် ကားကိုရပ်ခဲ့ခြင်းဖြစ်လေသည်။ သူရော မင်းမင်း





ကိုယ်ပိုင်အလုပ်မျိုးသာ ဝါသနာပါပြီး ဒီလိုလုပ်ငန်းကြီးတွေကို မလုပ်ချင်တာမို့ အဆူခံရပေါင်းလည်း မနည်းခဲ့ပါ။

သိတယ်မဟုတ်လား။ ကုမ္ပဏီလုပ်ငန်းဆိုတာ တာဝန်ကြီးပါဘိ။ အရှုံးအမြတ်တွေ၊ သွင်းကုန်ထုတ်ကုန်တွေ၊ စာရင်းဇယားတွေကို စိတ်ရှုပ်လွန်းလို့ ဝေးဝေးကရှောင်ခဲ့တာပင်။ Lift ဖြင့် အပေါ်ထပ်ကို တက်လာတော့ ရုံးခန်းရှေ့မှာ အန်ကယ့် PA ကိုကျော်ဇေယျက အစည်းအဝေးသွားရန် MD ကိုစောင့်နေလေ၏။

"အန်ကယ်ရော"

"ဖုန်းပြောနေလို့ပါ ကိုနေနန္ဒနိုင်"

"ဩော်"

"စိတ်ချပါ ကိုထင်လင်း၊ ပြောရမယ့်လူတွေမှ မဟုတ်တာဗျာ။ ဟုတ်ကဲ့ . . . ဟုတ်ကဲ့၊ ဒါပဲနော်။ ကျွန်တော် meeting ရှိလို့ပါ။ ဟုတ်ကဲ့ပါ ခင်ဗျာ"

ဘယ်သူနဲ့ပြောနေတာပါလဲ။ တရိုတသေပြောနေတာမို့ အလေးထားရမယ့်ပုဂ္ဂိုလ် ဖြစ်မည်ထင်ပါရဲ့။ တံခါးဖွင့်ကာ ထွက်လာသည့် အန်ကယ်ဦးဘမင်းက သူ့ကိုမြင်သွားပါ၏။ သူက ဦးညွတ်၍ နှုတ်ဆက်လိုက်ပါသည်။

"Morning, Uncle"



www.burmeseclassic.com

www.burmeseclassic.com



“Morning မောင်နန္ဒ၊ နေမျိုး ဘာဖြစ်ပြန်ပြီလဲ”

“အခုတလော သွေးတိုးတိုးနေလို့ပါ အန်ကယ်”

“ဆရာဝန်ဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် ဂရုမစိုက်ဘူးလား”

“ဒယ်ဒီ့အကြောင်းလည်း အန်ကယ်သိတာပဲ၊ အဆီအစိမ့် ချည်းဟားနေတာ။ မာမီလည်း ပြောလို့မရဘူး”

“ဟုတ်တာပေါ့၊ ဒီကောင် ခေါင်းမာပုံနဲ့ သူ့ Patient တွေ စောင့်ရတော့မှာပဲ”

“သေချာတာပေါ့ အန်ကယ်၊ အခု ဒယ်ဒီ့လူနာတွေကို လက် ထောက်ဆေးရုံအုပ် တာဝန်ယူပြီး ကြည့်ပေးနေရတယ်တဲ့”

“အင်း ... ဒီကောင့်ကို ပြောဦးမယ်၊ လာ လာ သွားကြို နောက်ကျနေပြီ”

Meeting Room ရှိရာဆီ ခပ်သွက်သွက် လျှောက်ကြ ဝင်လိုက်ပါ၏။ အနည်းဆုံး တစ်နာရီကျော်လောက်တော့ နားေ ခါးပါ ဒုက္ခခံရဦးမှာပါလေ။ ဒါကြောင့်လည်း သူရော မင်းမ တစ်နေကုန်ထိုင်ရတဲ့အလုပ်ကို မလုပ်ချင်ကြတာပါ။ ထားပါတော့ ဒယ်ဒီမအားလပ်၍ သူ ခဏတဖြုတ်လာရတာပဲ၊ သည်းခံရမှာ





ပန်းချီပြခန်းထဲမှာ အချိန်အတော်ကြာကြာ ကြည့်ဖြစ်နေပါ ၏။ ဒီခေတ်လူငယ်တွေက Internet သုံးတာ၊ chatting ထိုင်ကြ တာကိုသာ ဝါသနာပါတာမို့ ဒီလိုနေရာမျိုးမှာ (မျက်စိနောက်စရာ) လူငယ်တို့ ရှိမနေပါ။ လူလတ်ပိုင်းနှင့် လူကြီးပိုင်း အနည်းငယ်မျှသာ ရှိနေလေ၏။

“မစန္ဒာ”

“ရှင်”

“ပြပွဲလာကြည့်နေတာကိုး”

“သြော် ... ဟုတ်ကဲ့ရှင့်၊ ကိုမြတ်မင်း တစ်ယောက်တည်း လား”

“မဟုတ်ဘူး ခင်ဗျာ၊ group နဲ့လာတာပါ။ Foreigner တွေ လေ့လာချင်တယ်ဆိုတာနဲ့ ပြခန်းတွေ ဒီနေ့လိုက်ကြည့်တာပါ”

“ဟုတ်လား၊ အဲဒီအလုပ်ကို ကျွန်မ သိပ်အားကျတာရှင့်။ လူမျိုးစုံနဲ့လည်း တွေ့ရတယ်။ မြန်မာပြည်ရဲ့ အထင်ကရနေရာမျိုးစုံ လည်း ရောက်တယ်။ ဘယ်လောက်ကောင်းလိုက်လဲ”

“ပြောတော့မယ်ဗျာ၊ ကျွန်တော်က မစန္ဒာလို စာမတော်လို့



www.burmeseclassic.com

www.burmeseclassic.com



ဒီ Tourist Guide လိုင်းကို ယူလိုက်ရတာပါ။ မစန္ဒာကမှ နိုင်ငံရပ်ခြား မှာ ပညာဆက်သင်ခွင့်ရတာပါခင်ဗျာ။ အမြင်ဘယ်လောက်ကျယ်လိုက်မလဲ''

''ဟင်းဟင်း ... အချင်းချင်းမြှောက်နေတာနဲ့ပဲ ကြာနေပြီ။ အဖွဲ့သားတွေကော ဘယ်မှာလဲ''

''ဟိုဘက်က ရေဆေးပန်းချီခန်းမှာ စုကျုံနေခဲ့တယ်''

''ကျွန်မလည်း ရေဆေးပန်းချီကို ပိုသဘောကျတယ်''

''ဒါနဲ့ ကျောင်းဆက်တက်နေတုန်းလား မစန္ဒာ''

''ဟုတ်ကဲ့ ... အင်္ဂလန်ပြန်သွားရဦးမှာပါ။ လောလောဆယ် စာတမ်းပြုစုနေရလို့ သုံးလပြန်နားနေတာလေ''

''တယ်ဟုတ်ပါလား၊ စပ်စုချင်လာပြီ။ ဘာခေါင်းစဉ်နဲ့လဲ''

''ရပါတယ်၊ လူတွေရဲ့စိတ်အမျိုးမျိုးကို လေ့လာနိုင်သလောက် လေ့လာဖို့လေ''

''မလွယ်ပါလား''

ကျွန်မ ပြုံးရုံသာပြုံးလိုက်ပြီး အဖြူအမည်းဖြင့် ဆွဲထား သည့် ပန်းချီကားရှေ့မှာ ဆက်ရပ်ကြည့်နေမိပါ၏။ Master တန်း တက်စဉ်က အတူတက်ခွင့်ရသည့် class mate မို့ မြင်ရုံနှင့် တန်း မှတ်မိတာပင်။ ကျွန်မက အပေါင်းအသင်းနည်းရုံမျှမက တစ်ဦးတည်း နေရတာကို ပိုနှစ်သက်ပါ၏။

ကျောင်းတက်ရတုန်းက လက်ချိုးရေတွက်နိုင်သည့် လူနည်း စုမို့ အတူတူ စာတွေလေ့လာရသမျှ ဆွေးနွေးဝေမျှရင်း ခင်မင်ခဲ့ကြ တာပါ။ M.Sc ရပြီးတော့ ကိုယ်ဝါသနာပါရာလမ်းကြောင်းကို ရွေး လျှောက်ကြပြီး ကျွန်မလည်း နိုင်ငံရပ်ခြားမှာ ကျောင်းဆက်တက်ဖြစ် တာမို့ သူငယ်ချင်းတွေနှင့် မဆုံဖြစ်တာ အတော်ကြာလေပြီ။

''ဟူး ... ရန်ကုန်မှာတင် ရက်အတော်ကြာနေပြီ''

''ဘယ်သွားကြဦးမှာလဲ။ မန္တလေး၊ စစ်ကိုင်း၊ အင်းဝ၊ မြောက်ဦး၊ ကျောက်ဆည်၊ ပုဂံ၊ ညောင်ဦးတွေ မရောက်သေးဘူး လား''

''သွားရမယ် မစန္ဒာရေ့ အကုန်အစုံ လိုက်ပို့ပေးရမှာ။ ရက် ညှိမယ်။ ခရီးထွက်ရင် လိုက်ဦးမလား''

''အို ... ကျွန်မ အချိန်မပေးနိုင်ဘူး ကိုမြတ်မင်းရဲ့။ သွားတာ တော့ သွားချင်တာပေါ့။ လူကမှမလိုက်နိုင်တာ။ စာသင်ပေးနေတုန်း တော့ ကလေးတွေနဲ့ ပုဂံညောင်ဦး ရောက်ဖြစ်သေးတယ်''

''အခု အဖော်ကောင်းတုန်း လိုက်ခဲ့ပေါ့ဗျာ။ မစန္ဒာလို နယ်ခံ လမ်းယောက်တိုးတော့ ကျွန်တော် အားရှိတာပေါ့''

''အပြောက ကောင်းပါ့ရှင်။ ကိုယ့်အလုပ်မပြီးသေးတော့





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်လို့မဖြစ်လို့ပါ။ သိတယ်မဟုတ်လား၊ သူများနိုင်ငံမှာ နိုင်ငံရပ်ခြား သားတွေကြား ရင်ဘောင်တန်းနိုင်အောင် မနည်းကြိုးကြိုးစားနေရတာ ရှင့်။ ကိုယ့်ကိုယ်ကိုယ် ငါ မြန်မာဆိုပြီး လက်မထောင်နိုင်အောင်''

နိုင်ငံခြားသားအုပ်စု ဒီဘက်ကူးလာပြီမို့ ကိုမြတ်မင်းက ကျွန်မနှင့်မိတ်ဆက်ပေးလေ၏။ နိုင်ငံပေါင်းစုံမှ လူမျိုးပေါင်းစုံမို့ စကား ပြောရခက်သည့်လူတွေပင် ပါနေပါသည်။ ပြင်သစ်လူမျိုးတွေက ပြင်သစ်စကားပင် သုံးလေ့ရှိတာမို့ ကိုမြတ်မင်း အကြပ်ရိုက်မယ်ဆို လည်း ရိုက်စရာပဲကို။

''အမှတ်တရ ဓာတ်ပုံရိုက်ချင်လို့တဲ့ မစန္ဒာရေ လုပ်ပါဦး''

''ရှင်''

''မစန္ဒာနဲ့ ကျွန်တော့်ကိုတွဲပြီးတော့တဲ့''

''ဟောတော် ... မဖြစ်ဘူးထင်တယ်။ ကျွန်မက ဒီနေ့ ခေါင်းလျှော်ပြီးထွက်လာတာ။ မသေမသပ်ပုံစံနဲ့''

''ရပါတယ်ဗျာ။ ဒီလောက်ကျက်သရေရှိတဲ့ အမျိုးသမီး ကို''

''ပြောပြန်ပြီ''

တောင်းတောင်းပန်ပန်ပြောနေတာမို့ ပြခန်းအပြင်ဘက် ကိုမြတ်မင်းနှင့်ယှဉ်ရပ်လျက် ဓာတ်ပုံအရိုက်ခံရလေ၏။ ခါတိုင်း



ဆံပင်ကျစ်တာမျိုး၊ ဆံထုံးထုံးတာမျိုး မဟုတ်ဘဲ ဒီအတိုင်းချထားသည့် ဆံပင်ကြောင့် နေရခက်ပါတယ်ဆိုမှပဲ။ နဖူးအပြောင်လွန်ဖြီးကာ အနည်းငယ်စုလျက် ကလစ်ဖြင့် နောက်မှာ စုကာတပ်ထားတာမို့ သိပ်မပွယောင်းဘူး ထင်ပါရဲ့။

Tourist တွေက မှန်လုံကား အလတ်စားဖြင့် လာကြတာမို့ ကားပေါ်တက်တာကို ကျွန်မရပ်ကာ နှုတ်ဆက်လိုက်ပါသည်။ ကား ထွက်သွားလေမှ ဝင်းအပြင် ခပ်လှမ်းလှမ်းမှာရပ်ထားပါသည့် ကားထံ လှမ်းလိုက်ရလေ၏။ ဒီနေ့ အချိန်ကို အလဟဿမဖြစ်အောင် လုပ်ရ ဦးမှာလေ။

ကားကို လမ်းမဘက်တွေ ထွက်လိုက်ပေမယ့် ရှေ့မှာရပ်ထား သည့်ကားကို မလွတ်ဘဲ နောက်မှ ဆောင့်မိလေတော့၏။ တောက်၊ သူရပ်ထားတုန်းက ရှိမနေပါဘဲ ဒီကားက ဘယ်ကဘယ်လို ရောက် နေတာပါလိမ့်၊ ပြဿနာတော့ အကြီးကြီးတက်တော့မှာပါပဲလားနော်။

''ကျစ်''



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှ သူဆင်းလိုက်စဉ် ရှေ့ကားထဲမှ တံခါးဖွင့်လိုက်သည့်အသံကြောင့် လှမ်းကြည့်လိုက်မိ၏။ ကားပေါ်တက်ရန် ပြင်လိုက်ပါသည့် အမျိုးသမီး၏ ခပ်စူးစူးအကြည့်က သူ့ထံရောက်လာလေသည်။ အလို သူတိုက်မိတာ မိန်းကလေးတစ်ယောက်ရဲ့ကား ဖြစ်နေပါရောလား။

"ဘယ်လိုဖြစ်တာလဲ"

"ရှေ့မှာ မလွှတ်မလပ် လာပိတ်ရပ်ထားတော့ တိုက်မိတာပေါ့"

"ကားထုတ်တာ မကျွမ်းကျင်ရင် ခဏလေးစောင့်မှပေါ့။ ကြည့်စမ်း ... အတော်ထိသွားတာပဲ"

"မင်းပြန်လာတာကို စောင့်ရအောင် ငါက အချိန်အားတဲ့လူ မဟုတ်ဘူးကွ"

"ရိုင်းလိုက်တာ"

"ဘာ"

အနားရောက်လာသည့် အမျိုးသမီးကို သူ ဂရုစိုက်ကြည့်လိုက်မိပါ၏။ လှလိုက်တာ။ လှတာထက် ကျက်သရေရှိလွန်းတာ၊ ရင့်ကျက်တည်ငြိမ်လွန်းပါသည့် အလှပိုင်ရှင်ဖြစ်နေတာပါလေ၊ အထူးသဖြင့် မစည်းနှောင်ပါပဲ ဖားလျားလေးချထားပါသည့် ပေါင်လယ်





ကျော်ကျော်ခန့် ရှည်လွန်းပါသော ပိတုန်းရောင်ဆံနွယ်များ။ ထိုဆံပင်ရှည်များထံမှ ရှန်ပူနံ့ခပ်သင်းသင်းနှင့်အတူ ရောပါလာသည်က သနပ်ခါးရနံ့ပါပဲ။

အသားအရေက ဖြူတာထက် ဝင်းပြီးဝါဝါလေးဖြစ်နေတာ။ အရပ်အမောင်းမြင့်မားလွန်းပြီး ကိုယ်ဟန်ကောက်ကြောင်းလှပလွန်းတာ၊ မြန်မာဆန်ဆန် ဝတ်ထားပါသည့် လက်စက ခါးတင်အင်္ကျီနှင့် ခြေမျိုးထိရှည်သည့် လုံချည်တို့က မယ်ဗမာတစ်ဦးအလား အထင်မှားလောက်စရာပင်။

ဘဲဥပုံသွယ်လျပါသည့် မျက်နှာကို ပင့်တင်ထားသည့် လည်တိုင် သွယ်သွယ်လေးက လှလွန်းပါဘိ။ နက်မှောင်ပြီး မထူမပါး ဖြစ်နေသည့် မျက်ခုံးတန်းလေး။ အဲဒီအောက်မှာမှ မိုးမြင့်ထက်က 'သောက်ရှူးကြယ်ညီနောင်' ခုန်ဆင်းလာသည့်နှယ် တောက်ပလင်းလက်လွန်းပါသည့် မျက်ဝန်းနက်များ။ ပေါ်လွင်ကာ ဖြောင့်စင်းနေပါသည့် နှာတံနှင့်အတူ တင်းတင်းစေ့ပိတ်ထားပါသည့် နှုတ်ခမ်းဖူးဖူးတစ်စုံက သူ့ရင်ခုန်သံကို အမြန်ရထားခုတ်မောင်းသံနှယ် မြန်လာစေတော့တာပါပဲ။

ဘာတွေဖြစ်ကုန်ပြီလဲ နေနန္ဒနိုင်။

"ရှင်ကလည်း လွန်သေးတယ်၊ တောင်းပန်စကား ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



မပြောဘဲ ရန်စကားပြောရလား''

''မင်း''

''တစ်လောကလုံး အချိန်အားကြတဲ့လူ ဘယ်သူမှမရှိတာ မဟုတ်မှန်း ရှင်လည်း သိမှာပါ။ စိတ်ရှည်သည်းခံတတ်ရမှာပေါ့''

ကြည့်စမ်း၊ မျက်နှာလေးနှင့်မလိုက်ဖက်စွာ ပြောတတ်လာသည့် အေးစက်စက်လေသံနှင့် ဆုံးမဟန်က သူ့စိတ်ကို ဆွပေးနေသည်နှယ်ပါ။ အင်းပေါ့လေ၊ ကိုယ်က မှားတဲ့လူမို့ တောင်းပန်ရမှာပေါ့။ ခက်တာက ဘယ်မိန်းမကိုမှ အောက်ကျို့ပြီး မပြောတတ်တဲ့ သူ့အကျင့်ကြောင့်ပါပဲ။ ဒီလို ခပ်မိမိ တောင့်တောင့်ဖြောင့်ဖြောင့် အမျိုးသမီးလေးနဲ့ ပြေပြေလည်လည် မဖြစ်ဘဲ ပြဿနာလာဖြစ်ရတယ်လို့။

''ဒါ ...ငါ့တစ်ယောက်တည်း အမှားမှမဟုတ်တာ။ မင်းကား မရှိခင်ကတည်းက ငါ့ကားကို ရပ်ထားတာကွ''

''ရှင့်နာမည်နဲ့ ကားလိုင်စင်နံပါတ်ပြောပါ''

''ဘာရယ်''

''ကျွန်မ ရှေ့နေနဲ့ ဆက်ဆွေးနွေးဖို့ ပြောတာလေ''

အမျိုးသမီးက တကယ်ပင် Note book အသေးလေး ထုတ်ကာ သူ့ကားနံပါတ်ကို ခပ်မြန်မြန် ရေးချလိုက်လေ၏။ အလိုလေး။ သေးသေးလေးအမှုက အကြီးကြီးဖြစ်ကုန်တော့မှာပဲ။ စိတ်မြန်





ပါသည်ဆိုသည့် သူ့ထက်ပင် ပိုပြီး စိတ်မြန်သည့် အမျိုးသမီးနှင့်မှ လာဆုံရ တယ်လို့။

''ဒီမှာ နေစမ်းပါဦး''

''ခုချက်ချင်း ရှင့်လက်ကိုလွှတ်ပါ။ လက်ရောက်မှုပုဒ်မနံပါတ် ဘယ်လောက်လဲ ရှင်သိရဲ့လား။ မိန်းမတစ်ယောက်ပဲဆိုပြီး အထင် မသေးပါနဲ့၊ ရှင်နာမည် ပြောတော့''

အားပါးပါး၊ ရှားမှရှားတဲ့ အမျိုးသမီးပါပဲလား။ တကယ်ဆို သူမလက်ကို သူကိုင်လိုက်မိတာနှင့် ရှက်ရှုံ့မျက်နှာပျက်သွားရမှာလေ။ သို့သော် ထိုအရာနှင့်ဆန့်ကျင်စွာ စူးခနဲကြည့်လိုက်ပါသည့်အကြည့်က ပြင်းထန်လွန်းနေတာ အမှန်ပါ။ ကိုင်လိုက်မိသည့်လက်ကို သူ အမြန် လွှတ်လိုက်မိတော့၏။

တကယ်ပါ နေနန္ဒနိုင်ရဲ့ဘဝတစ်သက်မှာ ဒီလိုတားမြစ်တာမျိုး၊ ဆန့်ကျင်ခြိမ်းခြောက်တာမျိုး၊ အမိန့်ပေး ဆုံးမတာမျိုးကို မည်သည့်အမျိုးသမီး တစ်ဦးတလေကမှ မလုပ်ခဲ့ဖူးတာလေ။ မာမီ ကျွန်တော့်ကို ဒီလိုမျိုး လေသံမာနဲ့ ပြောတတ်တဲ့မိန်းကလေးကို ဒီနေ့ တွေ့နေရတာ မာမီယုံပါ။



www.burmeseclassic.com

www.burmeseclassic.com

A man's hatred is always concentrated upon that which makes him conscious of his bad qualities.

**(Carl Gustav Jung)**

လူတစ်ယောက်၏ အမုန်းတရားဆိုသည်မှာ အမုန်းခံရသူ၏ မကောင်းသောအကျင့်စရိုက်အပေါ် ပစ်မှတ်ထားကာ အမြဲတမ်း အာရုံ စိုက်ထားခြင်း ဖြစ်လေသည်။

(ကားလ်ဂူစတက်ဗ်ဂျုန်း)

www.burmeseclassic.com

www.burmeseclassic.com



"အချစ်" ဆိုတာ ပြန်လမ်းမရှိတဲ့ခရီးကို သွား
နေရသည့် မြစ်တစ်စင်းနှင့် အတူတူပါပဲ။

ချစ်မိသွားရင် နောက်ဆုတ်လို့မရတော့ဘဲ
ရှေ့ကိုဆက်ပြီး တွန်းပို့ခံနေရလို့ပါလေ။

(လင်းလက်စန္ဒာ)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"တီချယ် မမကြီး"

ရောက်လာပါပြီ၊ အိမ်လာလည်တာနှင့် ဒီအသံစာစာလေးကို ကြားရတော့တာပါလေ။ ကျွန်မမှာ မေမေ့ဘက်မှ ညီမလေးနှင့် ဖေဖေ့ဘက်မှ ညီမတစ်ယောက်စီရှိပါ၏။ ဖေဖေ့ဘက်မှညီမက ကျွန်မထက် ၃) နှစ်ငယ်ပြီး မေမေ့ဘက်မှ ညီမလေးကဖြင့် (၈) နှစ်ကျော်ငယ်လေသည်။

ဖေဖေ့ဘက်မှညီမက ရိုးရိုးမေဂျာဖြင့် ဘွဲ့ယူကာ ယခု အနု ညာနယ်ပယ်မှာ ခြေချစပြုနေသူပါ။ လေးလေး၏ဇနီး အန်တီဒီယိက



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က မယ်ဗမာပွဲ ဝင်ပြိုင်ဖူးခဲ့သူမို့ သခင်ဖြစ်သူက ဒီဇီပေါလာပြီး ဒီလမ်းကိုရွေးခဲ့သူပင်။ မေမေ့ဘက်မှ အန်တီဖြူလေး၏သမီးဖြစ်သူက ကျွန်မလို စာတော်ကာ ယခု M.Sc First year စတက်နေသူပါ။

"မမရေ"

"လာပြီ၊ ဘယ်လိုဖြစ်ပြီး အော်နေတာလဲ၊ မိန်းကလေးဖြစ်ပြီး"

အောက်ထပ် စာကြည့်ခန်းထဲမှာပဲမို့ ခေါ်သံကြားသည်နှင့် ထထွက်လာရတာပင်။ Laptop ဖြင့် စာစီနေတာကို save လုပ်ထားကာ ပိတ်လိုက်ရတော့၏။ ဤသူငယ်မရောက်လာလျှင် တော်တော်နှင့် ပြန်ရိုးထုံးစံမ မရှိတာကို။ ဧည့်ခန်းကိုရောက်တော့ တစ်ယောက်တည်း မဟုတ်ဘဲ မိဇော်ပါ လိုက်လာတာကို မြင်လိုက်ရပါသည်။

"ထူးထူးဆန်းဆန်း နားရက်လား မိဇော်"

"ဟုတ်"

"မမ ဘာလုပ်နေတာလဲ"

"စာတမ်းရေးနေတာ"

"စနိုးတို့ကြောင့် အလုပ်ပျက်ပြီ ထင်တယ်။ စနိုးက စာမေးဖို့ လာတာပါ။ မဇော်က ဒဏ်ရာရနေလို့တဲ့"

"ဟယ် ... ဒဏ်ရာရရင် ဆေးခန်းသွားမှပေါ့။ ဘယ်နှယ်





မမဆီ ရောက်လာတာလဲ"

"သူ့ဒဏ်ရာက ရင်ဘတ်ထဲမှာတဲ့ မမရဲ့"

ဟန်နီဇော်က နှင်းပွင့်ဖြူဖြူ၏လက်မောင်းကို ဖျတ်ခနဲ ဆိတ်လိုက်လေ၏။ နှစ်နှစ်လေးကွာတာတောင် တစ်ယောက်က ဖျတ်လတ်တက်ကြွနေသလို ကျွန်တစ်ယောက်ကဖြင့် မျက်နှာညှိုးပြီး ငိုမဲ့မဲ့ဖြစ်နေပါလား။ အနုပညာလောကမှာ ရပ်တည်နေပြီး နာမည်တစ်လုံးနှင့် နေနိုင်တဲ့သူက ဘယ်လိုဖြစ်ပြီး မျက်နှာမဖော်နိုင်ဘဲ သိမ်ငယ်နေရပါလိမ့်နော်။

"ကဲ ... ဘယ့်သူ့အရင်စပြောမှာလဲ"

"စနိုးထက် မဇော်က ပိုပြီးအရေးကြီးနေပုံပါ မမကြီးရယ်။ ဟိုရက်က ခွင့်ယူလိုက်လို့ စာလွတ်သွားတာ လာမေးမလို့ပြင်တုန်း ဇော်လာတာနဲ့ အတူလာဖြစ်တာပဲ"

"Major လား"

"ဟုတ်"

"ပြပါဦး"

စနိုးက ကျွန်မလက်ထဲသို့ lecture စာအုပ်ကို ကမ်းပေးလိုက်ပါ၏။ ကလေးတွေ ရောက်လာတာ မေမေမမြင်ပုံထောက်ရှုင် နောက်ဖေးဘက်မှာ ရှိနေမည်ထင်ပါရဲ့။ မျက်မှန်ဖြင့် စာအုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ ခဏမျှ ဖတ်လိုက်မိ၏။ အခုက စာမသင်တော့ဘဲ ကျောင်းဆက်တက် စာမေးပွဲဖြေနေရတာက ကျွန်မပါလေ။

"မိဇော် ဘာပြောမှာလဲ။ ဘာလဲ ရည်းစားနဲ့ပြတ်လာတာမျိုးလား"

"ဟုတ်တယ် မမ"

"ကျစ် . . . မမ အစောကြီးကတည်းက ပြောမှုးတာ သမီးကမှ နားမထောင်တာ။ Rule number one ကိုယ့်ပါတနာ လုပ်ဖော်ကိုင်ဖက်အချင်းချင်း မတွဲမိစေနဲ့တဲ့"

စာအုပ်ကိုပိတ်ကာ စကားစလိုက်ပါ၏။ ကျွန်မပြောတာကို စနိုးပါ စိတ်ဝင်တစားဖြင့် နားထောင်ချင်နေပုံပါ။ ဆုံးမစကားပြောမှတော့ နှစ်ယောက်စလုံးကို ပြောရမှာပါပဲ။ စကားများများပြောလေ့မရှိပေမယ့် စာသင်ရသည့်အချိန်နှင့် မိသားစုဆုံချိန်တို့မှာတော့ ကျွန်မက စကားအတော်ပြောဖြစ်တဲ့သူပါလေ။

"ဘာဖြစ်လို့လဲဟင် မမကြီး"

"အကြောင်းသိဆိုတာ မိတ်ဆွေသူငယ်ချင်းအဆင့်မျိုးပဲ ရှိသင့်တယ် စနိုးရဲ့။ တချို့ကတော့ အတွင်းသိ အစင်းသိတွေ အချင်းချင်း လက်ဆက်တာ အကောင်းဆုံးလို့ ဆိုတယ်။ မမကတော့ အဲဒီ ယူဆချက်ကို မှားတယ်လို့ ပြချင်တယ်"





"ပိုရင်းနှီးတာ မကောင်းဘူးလား"

"မှန်တယ်"

"ဟင် . . . မမကြီးကလည်း"

"အမြဲမြင်တွေ့နေရတာ ရိုးလာတယ် မိဇော်ရဲ့။ ဒီလိုပြောလို့ မမက ဒီပညာရပ်ကို ကျွမ်းကျင်တယ် မထင်လိုက်နဲ့။ မမလေ့လာထားသလောက် ပြန်ပြောပြတာပါ။ အမျိုးသမီးဆိုတာ အမျိုးသားတွေရဲ့ အဖြည့်ခံလို့ သဘောထားတဲ့သူတွေက (90%) ကျော်ရှိတာလေ။ ကမ္ဘာမှာ သူတို့နဲ့ ရင်ဘောင်တန်းပြီး စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေးတွေ ဘယ်လောက်ပဲလုပ်လုပ် မိန်းမဆိုတဲ့လူထုကို သူတို့ရဲ့အောက် တစ်ဆင့်မှာပဲ ထားချင်ကြတာ"

စနိုး၏ပြုံးစိစိမျက်နှာ မြင်လိုက်ရပါ၏။ ဒီကလေးမ ကျွန်မပြောတာကို နားလည်မှုလွဲနေပုံပါပဲ။ ကျွန်မဆိုလိုတာကို လူကြီးဖြစ်တဲ့ ကျွန်မကိုယ်တိုင်ပဲ နားလည်နေတာပါလား။ ကလေးတွေ သဘောပေါက်တဲ့အထိ ရှင်းပြရမည့်တာဝန်က ဆရာ့ထံမှာသာ ရှိတာမဟုတ်လား။

"စိတ်ထဲမှာ ယောကျ်ားတွေကို မျက်မုန်းကျိုးနေတဲ့ အပျိုကြီးလို့ တွေးနေတယ်မဟုတ်လား စနိုး"

"အဟင်း . . . ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုသဘော မဟုတ်ပါဘူး။ မမဆိုလိုတာက အမျိုးသမီးတွေကို အလေးထားစေချင်တာ၊ လေးစားမှု ရှိစေချင်တာပါ။ အားနွဲ့တာပဲဆိုပြီး ပေါ့ပေါ့လေး သဘောထားတာ၊ အလွယ်တကူ အနိုင်ယူတတ်တာကို မနှစ်သက်တာပါ"

"စနိုးရဲ့ကိုကိုကတော့ အဲဒီလိုစိတ်မျိုး မရှိပါဘူး မမကြီးရဲ့"

"မှန်တယ်၊ မမက အားလုံးကို ခြုံငုံပြီး ပြောတဲ့သဘောမပါဘူး။ ယေဘုယျကို ပြောပြတာ၊ သူတို့မှာသာ မမတို့လို အမျိုးသမီးတွေကို အလေးထားလေးစားသမှုမျိုးသာရှိရင် အသည်းကွဲတဲ့ဇာတ်လမ်းတွေ အများကြီးဖြစ်မလာဘူး။ ရည်းစားထားတာ အပြစ်မဟုတ်ပေမယ့် ... ဒါက စိတ်အာသာဖြေစရာ ကစားနည်းတစ်ရပ် မဟုတ်တာကိုတော့ သဘောပေါက်စေချင်တယ်"

မိဇော် မျက်ရည်ပိုဝဲလာလေ၏။ ညီမလေးတွေကို ချစ်သည့်အစ်မမို့ ရင်ထဲအတော်မကောင်းဖြစ်ပေမယ့် ကာယကံရှင် စိတ်ဖြေသာအောင် မည်သို့ ကျွန်မပြောရမည်နည်း။ ဝေဒနာဆိုတာ ဆေးရှိမှသာ ပျောက်အောင်ကုသနိုင်မှာလေ၊ အထူးသဖြင့် ရင်တွင်းမှ ဝေဒနာကို ကုသပေးနိုင်သည့် ချစ်ခြင်းက ဆေးတစ်ခွက်ဖြစ်နိုင်သလို အဆိပ်အဖြစ်လည်း ပြောင်းလဲသွားနိုင်တာ မဟုတ်ပါလား။

"ဟန်နီ ... သူ့ကို တကယ်ချစ်တာပါ"





"ချစ်ပါ၊ ချစ်တာ အပြစ်မှမဟုတ်ဘဲ"

"ဒါပေမဲ့ ... သူက ... သူက အချစ်တွေ အများကြီးနဲ့ ကောင်မလေးတွေအများကြီးကို ဆွဲဆောင်နိုင်တော့"

ပါးပြင်ထက် မျက်ရည်ပေါက်စီးကျလာသည့် ညီမလေးကို ထွေးပွေ့ဖက်လိုက်မိပါ၏။ ကျောကုန်းကို အသာအယာ ပွတ်သပ်နှစ်သိမ့်ပေးနေပေမယ့် ထိရောက်မှု ရှိမှာမှ မဟုတ်ဘဲ။ မေတ္တာတရားကို တန်ဖိုးမထားတတ်တဲ့ လူထံမှာမှ ချစ်ခြင်းတွေပုံပေးမိတာတဲ့လား ဟန်နီဇော်ရယ်။

"သူ့ character ကို အစကတည်းက မသိဘူးလား ဇော်ရယ်"

"ဟန်နီ သိပါတယ်။ သိသိကြီးနဲ့ ဘယ်ကနေ ဘယ်လို ချစ်မိသွားမှန်းကို မသိလိုက်တာ မမရဲ့။ သူ့ မျက်နှာများတာကို အပြစ်မမြင်တတ်ခဲ့ဘူး"

ရှုံးလိုက်တာ၊ အငဲးပေါ့လေ။ ရှူးရှူးမိုက်မိုက် (၁၀) ကျော်သက်အရွယ်မဟုတ်ပေမယ့် အဦးဆုံးချစ်မိတဲ့ ချစ်ဦးသူမို့ ဤမျှ ခံစားနေရှာတာပေါ့။ ဖြစ်ရလေ ... ကျွန်မညီမ်တွေကို ဝါသနာအလိုက် ဆော့မွေ့နေကြတာလို့ ယူထားမိပေမယ့် အခုလို ထိရှနာကျင်လာရတာကိုတော့ မလိုလားပါချေ။ မိန်းကလေးဆိုတာ နာတဲ့ဘက်ကချည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါလား။

"အဲဒါ ဖော့်အပြစ်ပေါ့။ သူ့အကြောင်းသိသိကြီးနဲ့ ဖော်က သွားပတ်သက်မိတာကိုး"

"အနေနီးစပ်တာလည်း ပါပါတယ်။ သူက ဟန်နီတို့လောက နဲ့ စိမ်းလို့မရတဲ့လူပါ။ အပြောကောင်းတယ်၊ အလုပ်လုပ်တာ တော်တယ်၊ သူ့ရဲ့လက်ရာကောင်းလွန်းလို့ တော်ရုံပါချီပါချက် ကောင်မလေး တွေတောင် အလန်းစား ပုံစံမျိုးပြောင်းပြီး နေရာရနေတာ အားလုံး အသိပါ"

မျက်ရည်သုတ်ကာပြောနေသည့် ညီမလေး၏ စကားကို စိတ်ရှည်စွာ နားထောင်ပေးရပါသည်။ ရင်ဖွင့်ဖော်ဆိုတာ သူငယ်ချင်း ဆိုတာထက် ညီအစ်မတွေကမှ နှုတ်လုံကြမှာမဟုတ်ပါလား။ ချစ်သူဆို တာထက် ထိုလူအပေါ် အထင်ကြီးအားကိုးလိုသည့်စိတ်က ပိုထင် သန်နေသည့်နှယ်ပါလေ။ အချစ်စစ်နဲ့ ချစ်တာရော ဟုတ်ပါ့မလား မော်ရယ်"

"သူက ရည်းစားတော့ထည်လဲထားပြီး အိမ်ထောင်ပြုဖို့တော့ လုံးဝစိတ်မကူးဘူး မမရဲ့"

"ဟမ် . . . ဒါဖြင့် မဖော်က သူ့ကို လက်ထပ်မယ်ပြောလိုက် လို့လား"



"ပြောတာမဟုတ်ပါဘူး စန်းရယ်။ ဆွေးနွေးကြတာပါ"

"ဒီတော့"

"ငြင်းတယ်လေ၊ အချုပ်ချယ်မခံနိုင်ဘူးတဲ့၊ စိတ်ရောကိုယ်ပါ လွတ်လပ်ချင်လို့ ဒီလိုနေနေတာတဲ့၊ အိမ်ထောင်ပြုဖို့ လုံးဝ ခေါင်းထဲ မထည့်ဘူးတဲ့လေ"

"အတ္တကြီးလိုက်တာ"

"ဒါနဲ့ပဲ . . . လမ်းခွဲလိုက်ရရော ဆိုပါတော့လေ။ ဟုတ် လား"

"Heart Cafe မှာ ဟန်နီ အသည်းကွဲခဲ့ရတာပါ မမရယ်။ သူ့အတွက် ခပ်ပါးပါးဖြစ်ပေမယ့် ဟန်နီ့ရင်ထဲမှာ အထူကြီး တနင့် တပိုးကြီးပါ"

"ဒါနဲ့များ မဖော်ရာ . . . . ဒင်းကို လက်ဝါးလက်ဆောင်ပေးခဲ့ ရောပေါ့"

"ဟယ် . . . စန်းကလည်း"

"မရိုက်ပါဘူး စန်းရယ်။ ရိုက်လည်း ငါ့လက်နာရုံပဲ ရှိမှာပါ။ သူ့ပါးကဒဏ်ရာက ခဏတဖြုတ်ပဲ နာမှာလေ။ ဟန်နီ ဆုတောင်းပါ တယ် မမရယ်။ အခု ဟန်နီခံစားရသလို သူ မခံစားရပါစေနဲ့။ ဟန်နီ မျက်ရည်ကျရသလို သူ မငိုရပါစေနဲ့လို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ညီမဖြစ်သူကို တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်မိတော့၏။ သစ္စာဆိုတာ စူးတတ်ပါတယ် ညီမလေးရယ်။ ကိုယ့်ဘက်က မှန်ကန်တဲ့သစ္စာတရားသာ ထားပေးရင် အဲဒီသစ္စာက ဖောက်ပြန်တတ်တဲ့လူအတွက် စူးတတ်တဲ့ ဆူးတစ်ချောင်းဖြစ်လာမှာပါ။ ချစ်သူရည်းစားဘဝမှာ ဖောက်ပြန်တာလို့ မဆိုနိုင်ပေမယ့် သစ္စာမဲ့တာလို့တော့ သတ်မှတ်လို့ရနိုင်တာပါလေ။

"လောလောဆယ်တော့ ခံစားနေရဦးမှာပါ။ ကြာတော့လည်း အနည်ထိုင်သွားမှာပါ ဇော်ရယ်"

"ဟန်နီ အလုပ်ကောင်းကောင်းမလုပ်နိုင်တာ အမှန်ပဲ။ ရှေ့လထဲမှာ VCD ရိုက်ဖို့တွေ ရှိတယ်။ မင်းသမီးတွေ မှုလိုပေါ်နေတဲ့ခေတ်မှာ ဒီလိုနေရာ တစ်နေရာက ရဖို့မလွယ်ဘူး"

"ဒါဖြင့်လည်း အလုပ်ထဲမှာ စိတ်နှစ်အောင် ကြိုးစားကျင့်ယူပေါ့ ဇော်။ မေ့ပါလို့ မမ မပြောချင်ပေမယ့် ဇော့်အလွမ်းတွေက ဇော့်အချိန်တွေကို တိုက်စားကုန်ဆုံးသွားမှာကို စိုးလို့ပါ"

"ဟန်နီ နားလည်ပါတယ် မမ။ ရင်ထဲမှာ တော်တော်ပျော့သွားတာ အမှန်ပဲ"

"ဇော့်အတွက် ရေအေးအေးလေး သွားယူပေးပါ စန်း။ ပြီးရင် မမ စာရှင်းပြမယ်"





"ဟုတ်"

ဟန်နီဇော် ရေသောက်ပြီး အမောဖြေစဉ်မှာ ကျွန်မက အညောင်းပြေလမ်းထလျှောက်ရင်း ဧည့်ခန်းထဲမှာပင် စန်းကို စာသင်ပေးပါ၏။ လက်ရှိပြုစုနေသည့်စာတမ်းနှင့် တစ်စိတ်တစ်ဒေသ ဆက်နွယ်မှုရှိနေတာမို့လည်း စာရှင်းရလွယ်ကူသွားတာပင်။ စန်းက ဖုန်းဖွင့်တာ ကျွန်မအသံကို Recording လုပ်ရန် ပြင်လိုက်လေသည်။

"စိတ်ဆိုတာ အမျိုးမျိုးရှိတယ်။ သိစိတ်နဲ့ မသိစိတ်။ အတွင်းစိတ်နဲ့ အပြင်စိတ်။ အဲဒီအခြေခံကစပြီး မှန်ကန်ဖြောင့်မတ်တာ ယုတ်ရင်း ညံ့ဖျင်းတာ စသည်ဖြင့် ကွဲပြားမှုတွေရှိလာလိမ့်မယ်။ ဒါ လူတစ်ဦးတစ်ယောက်မှာပဲ ဖြစ်တတ်တဲ့ စိတ်ကိုပြောတာနော်"

"သိစိတ်ဆိုတာ ဆင်ခြင်တုံတရားရှိတယ်။ အမှန်အမှားကို ခွဲခြား ဆုံးဖြတ်နိုင်တယ်။ အမှန်ကိုပဲ ဦးတည်နေတဲ့အတွက် အဲဒီသိစိတ်မှာ အရောင်ကင်းစင်တယ်။ လွယ်လွယ်မှတ်မယ်ဆိုရင် Mind ပေါ့"

"မသိစိတ်ဆိုတာက အမှောင်ဖုံးတဲ့အရာ။ ရုတ်တရက် ဖျတ်ခနဲ လုပ်လိုက်မိတဲ့အရာမျိုးကိုပြောတာ။ စာစောက ပါးကိုရိုက်ချမိလိုက်တာမျိုး။ ညအိပ်ရင်း လမ်းထလျှောက်တတ်တာမျိုး။ ခန္ဓာကိုယ်က ဦးဆောင်ရာနောက်ကို သူ့အလိုလိုပါသွားတာကို ပြောတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူက အများအမှန်ကို မသိတဲ့ မပိုင်းခြားနိုင်တဲ့အရာကို ဆိုလိုတာ delusion ပေါ့''

''အတွင်းစိတ်နဲ့ အပြင်စိတ်ကိုတော့ လူတိုင်း တော်တော်များများ သိပါတယ်။ အဲဒီကမှ အမြင်နဲ့အထင်ဆိုပြီး ထပ်ခွဲရတာ။ အဲဒါ နက်ခုမတူဘူးနော်။ မြင်တာက မျက်စိနဲ့မြင်ပြီး ဦးနှောက်အာရုံက သိမှု (Preception) ပေါ်မှုတည်တာ။ တိကျတယ်၊ ရုပ်ဝတ္ထုကို တွေ့ရတာမျိုး။ ထင်တယ်ဆိုတာက တွေးတောယူဆတာ၊ သတ်မှတ်တာ (Cognition) ပေါ့။ ဥပမာ–ဒီပစ္စည်းကို ချိန်မယ်ဆိုရင် ဘယ်နှကီလိုလောက်ရှိမလဲဆိုတာမျိုး။ မှန်းဆကြည့်တာ။ မတိကျဘူး၊ မရေရာဘူး''

''ဒီတော့ ... လူတွေရဲ့စိတ်ကို အတွင်းကျကျ လေ့လာဖို့ဆိုတာ မလွယ်ကူတဲ့အလုပ်ပဲ။ အပြင်ပန်းမှာ လှတယ်၊ သန့်တယ်၊ အတွင်းမှာ မည်းတယ်၊ ညစ်တယ် စသဖြင့် ရှင်းပြရရင် အများကြီးပေါ့''

''ဟဲ့ ကလေးတွေ ... ထမင်းစားချိန်ရောက်နေပြီ၊ သမီးတို့မမ စာသင်တာပြီးရင် လာစားကြတော့''

''အာ ... ဗိုက်မဆာပါဘူး၊ စားချင်စိတ်မှ မရှိတာ''

''အဲဒါ အတွင်းစိတ်လား၊ အပြင်စိတ်လား မမကြီး''





''သိစိတ်ကို အနိုင်ပေးလိုက်ပါ ဇော်။ လွမ်းနေရုံနဲ့ မသေလောက်ပါဘူး။ ကိုယ့်ကိုယ်ကို မညှဉ်းဆဲမိစေနဲ့၊ အချစ်က ဗိုက်မပြည့်ဘူး ညီမလေးရယ်။ ဗိုက်သွားဖြည့်ကြစို့ လာ''

ကျွန်မအပြောကို စနိုးက အားပါးတရ ရယ်ချလိုက်ပေမယ့် မိဇော်က ပြုံးဖော်ရ၍ တော်ပါသေး၏။ ညီမလေးရင်ထဲက အပူမီးတောက်လေး အေးငြိမ်းပါစေကွယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

''တီ တီ''

တိုက်ရှေ့မှာ ကားရပ်လိုက်တာမို့ မေမေနှင့်အတူ ခြံထဲမှာ ရှိနေသဖြင့် တိုက်တက်သို့ ကျွန်မ ခပ်သွက်သွက် လျှောက်လိုက်ရပါ၏ ဖေဖေပြန်လာရန် စောသေးပေမယ့် ညနေ (၅) နာရီကျော်မို့ ဝင်းတံခါး ကို အဆင်သင့် ဖွင့်ပေးထားတာပါ။ ကားပေါ်မှဆင်းလိုက်သည့်ပုဂ္ဂိုလ် ကို မြင်လိုက်သဖြင့် ကျွန်မ အံ့ဩသွားရပါ၏။ ဖေဖေ့ကုမ္ပဏီမှ အကြံ ပေးရှေ့နေကြီး ဦးမင်းမောင်ပါလား။

''ဘယ်သူများလဲလို့၊ ဦးပါလား ကြွပါရှင်''





''အတော်ပဲ . . . သမီးရှိမှ ရှိပါ့မလားလို့၊ ဖုန်းမဆက်ဘဲလာ ခဲ့တာ။ သမီးဖေဖေလည်း meeting ပြီးတာနဲ့ လိုက်လာလိမ့်မယ်''

''ဟုတ်ကဲ့ပါဦး . . . ထိုင်ပါရှင်။ အပူအအေး ဘာများသုံး ဆောင်ချင်ပါသလဲ''

''နေပါစေတော့ သမီးရယ်။ ညစာပဲ စားရတော့မှာကိုး။ ဘာမှမလုပ်နဲ့တော့။ အန်ကယ့်ဆီကို . . . နေဦး ကတ်က ဘယ်ရောက် သွားပြန်ပါလိမ့်။ ဪ . . . တွေ့ပြီ။ Prince Photo Studio က ဆောင်နေနန္ဒနိုင် လာသွားတယ်''

''ရှင်''

''အဲဒါ သမီးကား Accident ဖြစ်သွားတဲ့ကိစ္စအတွက် ဆင်စရိတ် နှစ်သိန်း အလျော်ပေးသွားလေရဲ့။ သမီးဘက်က အားအကြောင်း လက်မှတ်ထိုးပေးရင် ထိုး၊ ဒါမှမဟုတ် ဖုန်းဆက် ရင် ဆက်လိုက်ပါတဲ့။ အမှာပါသွားလေရဲ့ ဒီမှာ''

အန်ကယ်ဦးမင်းမောင်က ကျွန်မရှေ့မှာ တစ်သောင်းကျပ် တန် ငွေစက္ကူနှစ်အုပ်ကို ထုတ်ပေးလေ၏။ နေနန္ဒနိုင်တဲ့။ ကိုယ်က တောင်းပန်ဖို့ စိတ်နည်းနည်းမှ မရှိသည့်လူပါလေ။ ပုံစံကိုက ထောန်ကန် မြောက်ကြွကြွဖြင့် ထိမထင်ဟန်ကို မြင်ခဲ့ရတာ မဟုတ် လား။ အခုပဲကြည့်လေ ငွေလျော်ပေးလျှင် ပြီးပေမယ့် ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com





ဘက်က အကြောင်းပြန်တာကို လိုချင်နေသေးတာမဟုတ်လား။

"သူ ဖုန်းဆက်မေးရင်သာ ပြောပေးပါအန်ကယ်။ ကျေး
ပြန်၍ ကျွန်မဘက်က ဒီလောက်နဲ့ပဲ ကျေနပ်ပါတယ်လို့"

"သမီးကိုယ်တိုင် မပြောချင်လို့လား"

"ဟုတ်ပါတယ် အန်ကယ်။ ထပ်မတွေ့ချင်လို့ပါ"

"အေးအေး ... အန်ကယ်သဘောပေါက်ပြီ။ ဒါဖြ
အန်ကယ်သွားမယ် သမီး"

"ဟုတ်ကဲ့ပါ အန်ကယ်။ အခုလို ဆောင်ရွက်ပေးတဲ့အတွ
ကျေးဇူးအများကြီးတင်ပါတယ်"

"ရပါတယ် သမီးရယ်။ ပြောစရာမလိုတဲ့သူတွေပဲကို"

အန်ကယ့်ကို ဘာနဲ့မှ မပြုစုလိုက်ရတာမို့ အားနာလိုက်
နော်။ တိုက်ရှေ့မှ ကားထွက်သွားစဉ် ဖေဖေ့ကားက အဝင်နှင့် တိုး
မို့ ခဏရပ်ကာ စကားပြောနေပြီးမှ သူ့မရှေ့ကို ရောက်လာတော့
မေမေက ညစာစားရန် ပြင်ဆင်နေလေပြီ၊ ဖေဖေ့လက်ထဲမှ တိုက်
Attachecase ကို မေမေ့ကိုယ်စား ကျွန်မယူလိုက်ရပါ၏။

"ကြည့်ရော"

"ရှိပါတယ် ဖေဖေရယ်။ မမြင်တာနဲ့ မေးရောပဲ"

"အဲဒီလိုမျိုး မမြင်တာနဲ့မေးရင် ဖေဖေ့သမီးရော စိတ်

မကြည်လင်ဘူးလား။ လင်မယားဆိုတာ ဒါမျိုးပဲကွယ့်"

"မေမေ့အပေါ်မှာ ဖေဖေ ဘယ်လောက်ချစ်ခင်မြတ်နိုးသလဲ
ဆိုတာ ဖွင့်မပြောလည်းပဲ မြင်တာနဲ့ သိနိုင်ပါတယ် ဖေဖေ။ ပြုစုစိတ်ခု
တာမျိုး ဘယ်တော့မှ မရှိလို့ သမီးလည်း စိတ်ချမ်းသာတာအမှန်ပါ"

"အားမကျဘူးလား"

ကျွန်မ ပြုံးရုံသာ ပြုံးလိုက်မိပါ၏။ ဒီလိုလမ်းကြောင်းပြတာ
နှင့် လင်းလက်စန္ဒာက ဘာကိုပြောမယ်ဆိုတာ မသိဘဲနေမှာလား။
ကျွန်မဖေဖေ ဦးထင်လင်းနှင့် မေမေ ဒေါ်သော်တာကြည်တို့က စံပြ
နီးမောင်နှံအဖြစ် မျက်စိရှေ့မှာရှိနေတာလေ။ ဖေဖေ ဘာဟင်းစားချင်
လဲဆိုတာ ပြောဖို့ မလိုပါဘဲ မေမေက အလိုက်တသိ ချက်ကျွေးတတ်
တာ။ မေမေ ဘာပစ္စည်းလိုနေသလဲဆိုတာ မတိုင်ပင်ဘဲ ဝယ်လာပေး
တဲ့ ဖေဖေ့လိုလူမျိုး ဒီလောကမှာ ဘယ်နှစ်ဦးများ ရှိနေမှာပါလဲ။

ပညာရေးကို အပတ်တကုပ်ကြိုးစားနေသည့် သမီးဖြစ်သူက
ကိုယ့်ခြေပေါ်ကိုယ် ရပ်တည်နေနိုင်မှုန်း သိကြတာမို့ ကျွန်မ၏ အိမ်
ထောင်ရေးကိစ္စကို တိုက်တိုက်တွန်းတွန်း အတင်းအကျပ် မပြောဆိုပါ။
ညီးစားချင့်ချိန်နိုင်သည့်အရွယ်မို့ စိတ်အေးလက်အေး ပြောဆိုတိုင်ပင်
တာတော့ ရှိသည်လေ။

"အံမယ် ပြုံးသဟ"

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ဘာပြောမယ်ဆိုတာ သမီးသိနေတာကိုး။ ပြုံးမိတာပေါ့"

"ဒီလောက် မြန်မာပြည်ရဲ့အပြင်ထွက်ပြီး သွားနေတာတောင်မှ မျက်စိမှောက်ခလုတ်တိုက်ပြီး တစ်ယောက်လောက်များ မတွေ့ဘူးလား သ'မီးရယ်"

ကျွန်မ ရယ်မိလေတော့၏။ အသက် (၃၀) အရွယ်ဆိုတာ စိတ်ကူးယဉ်ခြင်းမရှိတော့တဲ့ လက်တွေ့ကျကျ ဆုံးဖြတ်နိုင်သည့် အသက်အပိုင်းအခြားပါလေ။ ငယ်တုန်းကလည်း ရူးရူးမိုက်မိုက်နဲ့ စိတ်အလိုလိုက်ခဲ့တာမျိုး မရှိခဲ့သလို ဆယ်ကျော်သက်အရွယ်မှာ အရူးအမူး စွဲလန်းခဲ့တာမျိုးလည်း မဖြစ်ခဲ့ပါ။

စိတ်စေတသိက်၏ ဖြေဆည်ရာက လှေ့လာဆည်းပူးခြင်းဟူသည့် ပညာခေါင်းစဉ်အောက်မှာသာ ငြိမ်းချမ်းမှုရှိခဲ့တာ အမှန်ပါလေ။ လင်းလက်စန္ဒာ၏ ဘဝလမ်းမှာ ပထမပန်းတိုင်သည်လည်း စာပေတည်းဟူသည့်ပညာ။ ဒုတိယပန်းတိုင်သည်လည်း ပညာတည်းဟူသော အလင်း။ တတိယပန်းတိုင်ဆိုတာလည်း ဘဝကို လမ်းပြပေးနိုင်သည့် မျက်စိနှင့်တူပါသည့် ပညာတစ်မျိုးတည်းသာလေ။

"တွေ့တယ်ဆိုတာ ရှာမှရမှာပေါ့ ဖေဖေရဲ့။ သမီးက ရှာမရှာခဲ့တာ"



"အင်း ... ဖေဖေ့သမီးကို စာအုပ်တောထဲနှစ်ပစ်ခဲ့တာ မှားများ မှားနေပြီလား တွေးမိပါရဲ့"

"ပညာနဲ့ အသက်မွေးတာ အသက်ပိုရှည်တယ်လို့ ဖေဖေပဲ ပြောခဲ့တာလေ"

"အစ်ကို ရေချိုးတော့နော်။ ထမင်းပွဲအဆင်သင့်ဖြစ်နေပြီ"

မေမေက ဖေဖေ့အတွက် သံပုရာရည်ဖျော်လာပေးကာ ကျွန်မလက်ထဲမှ ဖေဖေ့ပစ္စည်းတို့ကို လက်ပြောင်းယူလိုက်လေ၏။ သားအဖ ဆွေးနွေးနေသည့်အကြောင်းအရာက ခဏမျှ တန့်သွားလေသည်။ ဖေဖေသောက်ပြီးသည့် အအေးခွက်ကို ဆေးပေးရန် ကျွန်မ ယူထားလိုက်ပါသည်။

"ဖေဖေတို့ ဒီကိစ္စ မဖြစ်မနေ meetting ထိုင်မှဖြစ်မယ် သမီး"

"အရေးမှမကြီးဘဲ ဖေဖေ"

"ဖေဖေ့အတွက်တော့ အရေးကြီးတယ် ပြောရမှာပဲ။ တော်ကြာ ... ဘာ plan မှ မချလိုက်ရပါဘဲ ဟိုကို သမီးပြန်ထွက်သွားရင် အခက်ပဲကိုး။ အခုတစ်ခေါက် ဘယ်နှလ နားရက်ရခဲ့လဲ"

"သုံးလပါ ဖေဖေ"

"နည်းလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက သက်ပြင်းရှိုက်ရင်း ရေချိုးရမှာမို့ မေမေနှင့်အတူ အောက်ထပ်အခန်းထဲသို့ ဝင်သွားပါ၏။ လူကြီးတွေမို့ လှေကားအတက်အဆင်း သိပ်မလုပ်ချင်တော့သဖြင့် အောက်ထပ်အိပ်ခန်းကို အခန်းပြောင်းတာ အတော်ကြာနေလေပြီ။ ကျွန်မက အင်္ဂလန် Oxford တက္ကသိုလ်မှာ ကျောင်းဆက်တက်နေဖြစ်တာမို့ အိမ်မှာ မိဘနှစ်ပါးနှင့် အလုပ်သမား နှစ်ယောက်သာ အမြဲရှိနေကြတာပါ။

နားအေးပြီး တိတ်ဆိတ်ငြိမ်သက်သည့်နေရာကိုသာ နှစ်သက်သည့် ကျွန်မအတွက် အပေါ်ထပ်တစ်ထပ်လုံးမှာ တစ်ဦးတည်းသာ နေတတ်ခဲ့တာလေ။ အမြဲတစေ စာဖတ်တာ၊ ကျက်မှတ်လေ့လာတာကိုသာ အာရုံစိုက်သည့်အတွက် ကျွန်မ၏စာဖတ်ခန်း (အပေါ်ထပ်)က စာအုပ်ဆိုင်နီးပါးကျယ်ဝန်းပြီး လင်းလင်းထင်းထင်းလည်း ရှိနေပါ၏။ အာရုံစိုက်ရတာများလျှင်ဖြင့် Music (easy listening song) သီချင်း အေးအေးတီးလုံးသံစဉ်သီးသန့်ကိုသာ မျက်စိမှိတ် နားထောင်လေ့ရှိလေသည်။

ဤသို့ တသီးတသန့်စိတ်ဖြင့် နေတတ်သည့် ကျွန်မလို အမျိုးသမီးက ဘဝကြင်ဖော် လက်တွဲဖော်ကိုရှာချင်ပါ့မလား။ အိမ်ထောင်မှုသုခဆိုတာထက် အိမ်ထောင့်တာဝန်ထိန်းသိမ်းရမယ့် ဝတ္တရားတွေကို ဒုက္ခမခံချင်တာက အဓိကမဟုတ်ပါလား။ ဒီတော့ ...





ာစ်ကိုယ်တည်း အပျိုကြီးဘဝနှင့်သာ ဘဝကို ဆက်လှမ်းချင်စိတ် ာ Hundred Persents ဖြစ်နေတာကို မိဘတွေ စိုးရိမ်နေကြလေ ပြီ။

"သမီးရေ ... ထမင်းစားကြစို့"

မေမေ အသံလှမ်းပြုလိုက်တာမို့ ဟိုတစ်လောက ဝယ်လာ ည့်စာအုပ်တွေကို စင်ပေါ်မှာ နေရာတကျ စီနေရာမှ ထွက်ခဲ့ရတော့ ၏။ ထိုနေ့က ကျွန်မကို ကူညီပေးခဲ့သည့်လူကို သတိရမိသွားလို့ပါပဲ။ hirt အဖြူကို စွပ်ကျယ်ခံဝတ်ထားသလို အောက်မှ ယောလုံချည် ည်သား) ဖြင့် တွဲဝတ်လာသည့်သူက အတော်လေး သန့်ပြန့်လေ သည်။

မိန်းမဆန်သည့် ချောတာမျိုးမဟုတ်သော်ငြား ယောကျ်ား သသည့်ရုပ်ရည်ကို ပိုင်ဆိုင်ထားကာ စကားပြောလည်း ဖော်ရွေ ည်နွှန်လေ၏။ နေနှုတ္တနိုင်ဆိုသည့် လူက ဂျစ်ကန်ကန်နိုင်သလောက် လူက အတော်ယဉ်ကျေးပုံရတာ မဟုတ်ပါလား။ အထူးသဖြင့် ကလေးတွေကို (မျက်နှာလိုမျက်နှာရ လုပ်ပေးတာ မဟုတ်ပေမယ့်) ားပေးကျင့်ရှိတာက မျက်မြင်ပင်ပါပဲ။ မျက်မှန်ကြည်ကြည်လေး ာက်မှ သူ့မျက်ဝန်းတို့က စိတ်တွင်းမှာ အဘယ်မျှ ရိုးသားဖြောင့်မတ် လဲဆိုတာကို အရှင်းသားဖော်ပြနေတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"သမီးကြိုက်တဲ့ အာလူးသုတ်ပေးထားတယ်။ ဟင်းခါးပူ

လေးနဲ့ အတွဲပဲ"

"ဖေဖေ့အကြိုက်မဟုတ်လို့လား မေမေ"

"သားအဖနှစ်ယောက် အကြိုက်တူကြလို့ မေမေ မပင်ပန်း

တာပေါ့ကွယ်"

"ဒါတော့ . . . စဉ်းစားရမယ်ထင်တယ်"

"ဘာကိုလဲ အစ်ကို"

"သမီးကို ဒီမှာပဲ ခေါ်ထားရမှာလား၊ ဟိုအိမ်ကိုပို့ရမှာလား

ဒါမှမဟုတ် အိမ်သီးသန့် ဝယ်ပေးရမလားဆိုတာပါ"

ထမင်းစားနေရင်း ဖေဖေ စကားဆက်ချေလေပြီ။ မပြီးပြ

သေးပါလားနော်။ တစ်အိမ်တည်းအတူတူနေမှတော့ ဒီကိစ္စကို ရှော

လို့မှ မရတာပဲ။ ဘယ်သူ့ကိုများမြင်ပြီး ဒီလောက်ထိ တစ်တပ်တစ်အား

ဖြစ်နေရပါသလဲ။ မေမေ့ကိုပြောပြီးလောက်ပြီ ထင်ပါရဲ့။ သိပ်အံ့ဩ

မပြတာမို့ ကျွန်မ ရိပ်မိနေတာပါလေ။

"ဘယ်သူ့ကိုများ မျက်စိကျနေပါသလဲ ဖေဖေ"

"တော်သေးတာပေါ့။ ဒီလို မေးမှမေးပါ့မလားလို့"

"ဖေဖေပြောချင်တာ သမီး သိနေတာပဲလေ"

"အင်း . . . သမီး သိတယ်မှတ်လား။ ဖေဖေတို့ လုပ်ငန်း





ကိုင်ဖက်ထဲက Junior ပဲလေ။ မြင်ဖူးမယ်ထင်တယ်။ ဦးဘမင်းကို

ပြောတာ"

"ဦးဘမင်း"

ကျွန်မ ခဏမျှ စဉ်းစားလိုက်မိ၏။ ဖေဖေ့မိတ်ဆွေတိုင်းကို

မဟုတ်ပေမယ့် အတော်ရင်းနှီးသည့် လူကြီးတွေကိုဖြင့် မိတ်ဆုံစားပွဲ

တွေမှာ မကြာခဏ ဆုံဖူးတာမို့ ကျွန်မ မြင်ဖူးသိဖူးတာပင်။ ဦးဘမင်း

ဆိုတော့ အဲဒီဦးဘမင်းမှာ သားတစ်ယောက်တော့ ရှိနေမှာပေါ့။

ဒါကြောင့်လည်း ဖေဖေ ဒီလို အစပျိုးတာလေ။

"သေချာတော့မသိဘူး ဖေဖေ"

"ဦးဘမင်းမှာ သားတစ်ယောက်ရှိတယ်၊ ဟော . . . ပြီးပြန်ပြီ

ဒီအပြုံး။ အဲဒီအပြုံးက လူတစ်ဖက်သားရဲ့စိတ်ကို ဒုက္ခပေးသလို

ဖြစ်နေတယ်ဆိုတာ သမီးသိရဲ့လား။ ငါသိပါတယ်ဆိုတဲ့အဓိပ္ပာယ်နဲ့

လေ"

"အဲဒီသားက"

"အင်း . . . ကိုယ်ပိုင် coffee ဆိုင်သန့်သန့်လေး ဖွင့်ထား

တယ် ဆိုပါတော့။ သမီးသဘောကျမှာပါ"

"မြင်ဖြင့် မမြင်ဖူးသေးဘဲနဲ့ ဖေဖေက မဲပေးနေပြန်ပါပြီ"

"တကယ်ပြောတာပါ သမီးရဲ့။ ဖေဖေ့သမီးနဲ့ ဝါသနာတူတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူမျိုး တစ်ရာမှာ တစ်ယောက်တည်း ရှားရှားပါးပါး ရှာတွေ့တာ အတော်ကံကောင်းတာပဲ''

ကျွန်မ ထမင်းစားရင်း ရယ်မိတော့၏။ မေမေက ကျွန်မ စိတ်ဆိုးမှာကို စိုးရိမ်ဟန်ဖြင့် တစ်ချက်ကြည့်လိုက်လေသည်။ အိမ်ထောင်သားမွေး အလုပ်မျိုးကို မလုပ်ချင်ဘဲ ခပ်ထက်ထက်သမီးကို မွေးပေးထားတဲ့မိခင်ပေကို။ ကျွန်မ မျက်နှာကြည့်နေမှသာ စိတ်အေးသွားပုံပါ။

''အဲဒီတော့ သူနဲ့သွားတွေ့ရမယ်ဆိုပါတော့''

''မှန်တယ်''

''ဖြစ်ပါတယ်၊ သွားတွေ့ဆိုတော့လည်း တွေ့ကြည့်ရုံပဲပေါ့။ ဒါပေမဲ့ တစ်ခုတော့သမီး ကြိုပြောထားပါရစေ။ သမီးတို့လူငယ်ချင်း သဘောမပါ မကြည်ဖြူပါဘဲနဲ့တော့ ဒီကိစ္စကို ရှေ့မဆက်စေချင်တာပါ ဖေဖေ''

''အိုကေ ... ဖေဖေ သဘောတူတယ် သမီး။ အခုလည်း အဖေချင်း စကားတောက်ကြတဲ့အဆင့်ပဲ ရှိသေးတာပေါ့။ တိတိကျကျ တောင်းဆိုတာ မြန်းတာမျိုး မရှိသေးဘူး''

''ဒါဆို ... သူလည်း ဘာမှမသိသေးဘူးပေါ့လေ''

''ဟုတ်တယ်''





ကျွန်မ ခေါင်းညိတ်လိုက်ပါ၏။ ရှိန်နေ လန့်နေတာမျိုး မဟုတ်ဘဲ မသိမသာ သွားအကဲခတ်ခွင့်ရတာ မဟုတ်ပါလား။ အမှတ်မထင် သွားတွေ့ရုံလောက်နဲ့ သူ မရိပ်မိနိုင်ပါဘူးလေ။ တစ်ရက်လောက် သွားကြည့်လိုက်ရုံပေါ့။

''ဖေဖေ သူ့ကတ်ပေးလိုက်မယ်''

စကားဝိုင်းက ဤတွင် အလုံးသတ်လေပြီ။ ထမင်းစားပြီးသည်နှင့် အစာချေနိုင်ရန် ဝရန်တာမှာ နာရီဝက်ခန့် လမ်းလျှောက်နေမိ၏။ လရောင်က သိပ်ကြီးလင်းမနေပါချေ။ ညဥ့်ဦးယံလေက မအေးဘဲ [illegible]ပ်နွေးနွေးတိုက်ခတ်နေလေသည်။ အောက်ထပ်မှ တက်လာသည့် [illegible]သံနှင့်အတူ မေမေ့အတွက် အကူခေါ်ထားပေးသည့် မိတိုးက ကျွန်မကို ကတ်အဖြူလေးတစ်ကတ် လာပေးလေ၏။

Heart Cafe & Food Center တဲ့။ ဘုရားရေ ... [illegible]ော်ရဲ့ အသည်းကွဲရာ ဘုံဗိမာန်ပိုင်ရှင်တဲ့လား။ ဤဆိုင်ထဲမှာ ကျွန်မ ညီမလေးရဲ့ မျက်ရည်တွေရှိခဲ့တာပေါ့လေ။ ရှင် ဘယ်လိုလူစားမျိုးလဲ ဆိုတာကို လေ့လာဖို့ တစ်ရက်တော့ ရောက်အောင်လာခဲ့ပါ့မယ် ကိုမင်း [illegible]ရာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

Camera မှန်ဘီလူးတစ်ခု သိပ်မကြည့်တာမို့ ဆိုင်မှာ ...
မှာထားတာကို ဝင်ရွေးနေပါ၏။ ရောက်လက်စနှင့် လိုအပ်သည့်ပစ္စည်း
တို့ကို လျှောက်ကြည့် ရွေးဝယ်လိုက်ပါသည်။ ပစ္စည်းတွေ သေချာစစ်...
ပြီး ငွေရှင်းကောင်တာမှာ ငွေရှင်းနေစဉ် ကောင်တာမှန်ချပ်များထဲ...
ပုံရိပ်တစ်ခုကို မြင်လိုက်ရလေ၏။

"ဟင်"

ဆတ်ခနဲ လှည့်ကြည့်လိုက်စဉ် ဆံနွယ်ရှည်တို့ကိုသာ ...
လိုက်ရပါသည်။ သေချာပါတယ် ဒါ သူမြင်နေကျ ဆံနွယ်တွေ...





မဟုတ်ပါလား။ ငွေရှင်းတာကို ခပ်မြန်မြန်လုပ်ကာ ဆိုင်ထဲမှ အမြန်
ပြေးထွက်လိုက်မိလေ၏။ ဆိုင်ရှေ့မှာ ရပ်ထားပါသည့်ကားကို ထားရစ်
ခဲ့ကာ ခြေလှမ်းတို့ကို ခပ်သွက်သွက် လှမ်းလိုက်မိလေသည်။ အတော်
ခပ်လှမ်းလှမ်းမှာ သုတ်သုတ်လျှောက်နေပါသည့် ခြေလှမ်းတို့ကို အမှီ
လိုက်မိတော့၏။

"အမေ့"

"Sorry"

ရုတ်တရက် ရပ်တန့်လိုက်သည့် သူမကို အမြန်လျှောက်လာ
သည့်သူက နောက်မှဝင်တိုက်လိုက်သလို ဖြစ်သွားရပါ၏။ မတော်
တဆ တိုက်မိတာမို့ သူမ အလေးမထားပုံပါပဲ။ တစ်ချက်မျှပင် လှည့်
မကြည့်ပါဘဲ shopping mall ထဲ ဝင်သွားသဖြင့် သူ မယောင်မလည်
ဖြင့် လိုက်ခဲ့မိပြန်လေသည်။

ဒီနေ့ဝတ်ထားသည်က အညိုရောင်ရင့်ရင့်ပါ။ ဒီအရောင်က
...တ်သည့်လူကို ရင့်သွားစေပေမယ့် သူမဝတ်ထားမှ အသားရောင်က
...င်းလဲ့နေတာပါလေ။ နောက်မှ ခပ်မှန်မှန်ခြေလှမ်းဖြင့် သူ လျှောက်
...လိုက်နေမိပါ၏။ ရှူးနေပြီကော နေနန္ဒနိုင်၊ ဘာရည်ရွယ်ချက်မှ မရှိပါဘဲ
...တည်ရာက သူမဆီကိုသာပါလေ။

အကျီလက်စက အနားသားလေးတွေနှင့် လုံချည်အောက်



www.burmeseclassic.com

www.burmeseclassic.com



နားသားမှာ ရွှေချည်မျှင်လေးတွေနှင့် ချိတ်လိုင်းပုံစံ ပန်းထိုးထားလေ၏။ သွားရင်းဖြင့် ကောင်တာမှန်များထဲမှ ရှေ့ပုံသဏ္ဌာန်ကို လှေ့လာမိပါသည်။ အို ရင်ဖုံးအင်္ကျီလေးဝတ်လာတာပါလား။ ရွှေမှုန်ကြယ်သီးလေးတွေ စီထားပြီး ဆံပင်တွေကို အုပ်လုံးသိမ်းလျက် ကျစ်ဆံမြီးတစ်ချောင်းတည်းကျစ်ထားတာလေ။

ယဉ်လိုက်တာ။ အမြင်အေးလိုက်ပါဘိ။ ရင်ထဲမှ အမောတွေကို ပြေငြိမ်းအေးချမ်းစေတဲ့ ရွှေရင်အေးလေးလို ရေခဲတုံးလေးတွေလို အေးမြသွားစေတဲ့ အလှပါ။ အဘယ့်ကြောင့်များ ဤမျှ သူမလှပသိမ်မွေ့နေရပါသလဲ။ ခပ်ဖြည်းဖြည်း လျှောက်နေပါသည်။ သူမကို လူတွေ ကွက်ကြည့် ကွက်ကြည့်ဖြင့် မသိမသာရော သိသိသာသာပါ ကြည့်နေကြပေမယ့် ရှိန်တာမျိုးမရှိဘဲ ခပ်တည်တည်သာ။

"ဟော"

Lady's wear ဆိုင်ထဲဝင်သွားတာမို့ သူခြေလှမ်းတို့ တုံ့နှေးဖြစ်သွားရပါ၏။ အမျိုးသမီးပစ္စည်းသီးသန့်သာရောင်းသည့်ဆိုင်ထဲမှာ ယောကျ်ားတစ်ဦးမှ ရှိမနေပါဘဲ သူဝင်သွားပါက အခက်ပါလေ။ သူ့ကို ထူးထူးဆန်းဆန်း သတ္တဝါလို ကြည့်ကြတော့မှာကိုး။ ကိစ္စမရှိပါ။ ချစ်ခြင်းနှင့် ပတ်သက်လာလျှင် အရှက်တရားကိုတော့ အနည်းငယ်မျှ လျစ်လျူရှုတတ်ရမှာပေါ့။





"အဲဒီ ပဝါလေး"

"အဲဒီပဝါလေး"

ပြိုင်တူအသံထွက်သွားတာမို့ သူမ ဖျတ်ခနဲ လှည့်ကြည့်လိုက်လေ၏။ သူမ မမြင်ယောင်ဆောင်ကာ နံရံမှာချိတ်ထားပါသည့် ပန်းထိုးချည်ထည် ပဝါအဖြူရောင်လေးကို လက်ညှိုးညွှန်ပြလိုက်ပါသည်။ ဒီလိုပဲ ဖြစ်ရမယ်လေ။ သူမ ဘာအရောင်ကို ရွေးမလဲဆိုတာ သူ ရိပ်မိနေတာကိုး။

"အဖြူရောင်နော်"

"ဒီမှာ"

"အဲဒါ မဟုတ်ဘူးလေ၊ နှင်းဆီပွင့်နဲ့အဖြူကို ပြောတာပါ။ ဟုတ်တယ် . . . ဟုတ်တယ် အဲဒါပဲ"

"ကျွန်မ မှာနေတာရှင့်"

"ဘာပြောတာလဲ၊ ဩော် . . . ဘယ်သူများလဲလို့ ခင်များကိုး"

ကျွန်မ အတော်လေးစိတ်ညစ်သွားရပါ၏။ ဒီလူ တမင်သက်သက် ပြဿနာရှာတာမှန်း ရိပ်မိလို့ပါပဲ။ သူနဲ့ပတ်သက်မိတိုင်း ကျွန်မ တစ်ခုမဟုတ်တစ်ခု ဖြစ်မှာကို ကြိုမြင်နေရတာပါလေ။ ပတ္တမြား မရိပ်မိပေမယ့် Shopping Mall ထဲအဝင် မှန်ချပ်များမှ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



နောက်မှာ ကပ်ပါလာသည့် သူ့ကို မြင်လိုက်တာပင်။

မဖြစ်လောက်ပါဘူးဟု ပေါ့ပေါ့တွေးပြီး ဆက်လျှောက်ခဲ့ပေမယ့် ကျွန်မခြေလှမ်းနှင့် ထပ်ချပ်မကွာ လိုက်လျှောက်နေတာမို့ ကျောချမ်းလာရတာပါ။ ဒီလူမရိုးသားဘူး။ လှည့်ပြီးပြောလိုက်ချင်သော်ငြား အများပိုင်နေရာမှာ ရန်ရှာမိပါက ကျွန်မ အမှားသာဖြစ်နေမှာမို့ ဆိတ်ဆိတ်နေဖြစ်လိုက်တာပါလေ။

အခုတော့ ဒီဆိုင်ထဲ တမင်ရည်ရွယ်ပြီးဝင်တာဖြစ်ပေမယ့် သူက မျက်နှာမပျက် လိုက်ဝင်လာပြီး ဒီကိစ္စကို ကြံဖန်လုပ်တော့တာပါ။ အတော်လေးကို မျက်နှာပြောင်တိုက်တတ်သည့်လူပါပဲ။ စကားများရပါက အနည်းဆုံး သူနှင့်ကျွန်မ သုံးလေးခွန်းတော့ ပြောဖြစ်မှာကို ကြိုတင်တွက်ဆထားပုံပါ။

ရှင် အတော်လူလည်ကျပါလား နေနန္ဒနိုင်။

"ရှင် တမင်လုပ်နေတာမှတ်လား"

"ဘယ်လို . . . ဘာကိုပြောတာလဲ"

ကြည့်ပါ . . . လူကို အကြောင်းရိုက်တတ်တဲ့နေရာမှာဖြင့် ဆရာကြီးပါပဲ။ စိတ်ရှုပ်သွားရတာထက် သူနှင့် စကားမများရတာက ပိုကောင်းမည်မှန်း ကျွန်မသိနေတာမို့ ဆိုင်တွင်းမှ ချာခနဲလှည့်ထွက်ခဲ့တော့၏။ ဒီလိုလူနှင့် စကားများတာက အချိန်ကုန်လူမောတာသာ





အဖတ်တင်မှာအမှန်လေ။

"ဒီမှာ . . . ဒီမှာ . . . နေပါဦး"

အော်ခေါ်သံနှင့်အတူ ခြေသံက တဖျပ်ဖျပ်ကိုပါ ကြားရပြီး ကျွန်မအနီးသို့ ရောက်လာပြန်လေ၏။ အေးအေးဆေးဆေး ဈေးလျှောက်ဝယ်ချင်တာမို့ ကားထားခဲ့မိတဲ့နေ့မှပဲ ဒီလိုဖြစ်ရတယ်လို့။ လူကို ရှေ့မှာ လက်ကာခါ တားနေသည့်လူကြောင့် ကျွန်မ ခြေလှမ်းကို ရပ်လိုက်ရပါ၏။ ဒီလူတော့ လူမြင်သူမြင်မကောင်းအောင် စလာပါရောလား။

"စိတ်ဆိုးသွားတာလား"

"လမ်းဖယ်ပါ"

"ကိုယ်မေးတာ အရင်ဖြေလေ။ ကိုယ့်ကို စိတ်ဆိုးသွားလားလို့"

"ရှင် . . . လူဆိုရင် လူလို့နားလည်မှပေါ့။ ဘယ်လိုဖြစ်ပြီး ရှေ့မှာ ပိတ်ရပ်နေတာလဲ"

"သေချာတယ်၊ မင်း . . . ကိုယ့်ကို စိတ်ဆိုးနေပြီ"

ကျွန်မ ဘာမှ ဆက်ပြောမနေဘဲ သူ့ကိုရှောင်ကာ ဆက်လျှောက်ခဲ့ပါ၏။ စက်လှေကားထိပ်မှာ မီလာပြန်ပြီး စောစောကလိုပင် ချွင်းထိလုမတတ် ကပ်ကာ တားနေပြန်လေသည်။ အနီးနားမှာ



www.burmeseclassic.com

www.burmeseclassic.com



လူတွေရှိနေတာမို့ ကျွန်မနှင့်သူ့ကိုကြည့်ကာ ပြုံးစိစိ ဖြစ်လာကြလေ
ပြီ။ အများအမြင်မှာ ကျွန်မ စိတ်ကောက်နေတာကို သူ မရမ
လိုက်ချော့နေသည့်ပုံစံမျိုး ဖြစ်နေတာကိုး။

ရှင် ဘာကိုရည်ရွယ်ပြီးလုပ်နေတာပါလဲ နေနန္ဒနိုင်။

''လင်းလက်စန္ဒာ''

''ကျစ်''

''ကိုယ်တောင်းပန်ပါတယ်''

''ဒီမှာ''

''ပြောပါ''

''ရှင် . . . ဆင်းမှာလား၊ ကျန်ခဲ့မှာလား''

''ကိုယ်''

''ကောင်းပြီ . . . နေမယ်ဆိုနေခဲ့''

''ဟာ . . . နေပါဦး''

''ရှင် ဘယ်လိုဖြစ်နေလဲ''

လက်ထဲမှာ အထုပ်အပိုးတွေဖြင့် လူကိုတားဆီးရင်း
ကားက ရွေ့ပြီမို့ ကျွန်မနှင့်သူ ရုန်းရင်းဆန်ခတ်ဖြစ်ကုန်လေ၏။ အ
ကြောက်တတ်သည့်ကျွန်မကို နောက်မှတွန်းချလိုက်သလို ဖြစ်သွား
လက်မောင်းကို ပြန်ဆွဲထားပြန်တာမို့ စက်လှေကားလက်ရမ်း





အမြန်ဖမ်းဆုပ်ထားလိုက်ရပါသည်။

သေတော့မှာပဲ ရင်တောင်တုန်လာပြီ။ ဒီလူတော့ ကျွန်မကို တမင်တကာ ရည်ရွယ်ပြီး လိုက်နှောင့်ယှက်နေမှန်း သိသာနေပြီလေ။ လူပုံအလယ်မှာ အော်ဟစ်စကားများရတာ ကျွန်မအရှက်ဆုံး ဖြစ်ရပ်ပါပဲ။ ဒါကြောင့်မို့ အတတ်နိုင်ဆုံး ဒေါသကိုချိုးနှိမ်ထားပြီး စကားပြောနေတာတောင်မှ အဆင့်က တက်ချင်လာတာလေ။ ရှင်နဲ့ကျွန်မတော့ တွေ့ပြီပဲ''

''ကိုယ်တောင်းပန်နေတာ တစ်ခုခုပြောမှပေါ့''

''ပြောမယ် နေဦး''

''နေပါတယ်ဗျာ''

ထိမထင်အပြုံးကို မြင်ရလေ၏။ ဒီလိုပုံစံမျိုးနဲ့ မိန်းကလေး ဘယ်နှစ်ယောက်ကိုများ ကြွေအောင်ချွေခဲ့ပြီးပြီလဲ။ ကျွန်မကိုတော့ ရှင် တွေ့ဖူးခဲ့တဲ့ မိန်းကလေးတွေနဲ့ တစ်တန်းတည်းထားရင် မှားမယ် နေနန္ဒနိုင်၊ လင်းလက်စန္ဒာဆိုတာ ဒီလိုအပျော့လေး ဆွဲပြရုံနဲ့ ပျော်ကျသွားမယ့် ဖယောင်းလို မိန်းမမျိုး မဟုတ်ဘူးဆိုတာ ရှင် ကောင်းကောင်းကြီး သိသွားစေရမယ်။ နေနှင့်ဦးပေါ့ရှင်။

အောက်ရောက်သည်နှင့် shopping mall ထဲမှထွက်က
ရာအနည်းငယ်ရှင်းသည့် Phone ဆိုင်ရှေ့အနီးမှာ ရပ်လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူကို မရှင်းရမချင်း ခွာလို့မရမှန်း ကျွန်မသိနေလို့ပါလေ။ ရှင့်လိုလူ
ကို အသာလေးခွာချနိုင်မယ့်နည်းလမ်းတွေ မျိုးစုံ ကျွန်မမှာရှိနေပါ
တယ် နေနုန္တနိုင်။ အသေးအဖွဲကိစ္စပါရှင်။

"ဘာရည်ရွယ်ချက်နဲ့ ကျွန်မနောက်ကို ရှင်လိုက်နေရတာ
လဲပြော"

"ဘယ်လို"

"ကျွန်မ မသိဘူးမထင်နဲ့။ ကိုယ့်နောက်မှာ မယောင်မလည်
နဲ့ လူတစ်ယောက်ပါလာတာကို မသိရအောင် တုံးအေ မဟုတ်ဘူး"

သူ နှစ်ခြိုက်စွာပြုံးလိုက်မိပါ၏။ အာဂအမျိုးသမီးပါလဲ
သာမန်မိန်းကလေးဆိုလျှင် ဒီလို အပြုအမူမျိုး မပြောရဲကြပါလေ
ရှောင်ရှားဖို့အတွက် ပထမဆုံးတွေးမှာလား။ သို့တည်းမဟုတ် ရက်
ဟန်ဖြင့် သူမျက်နှာကို ရဲရဲမကြည့်ရဲတာမျိုးလည်း ပြုမူမှာပါ။ အခုတော့
ဖြင့် သူနှင့် မျက်နှာချင်းဆိုင်ပြီး မျက်လုံးချင်းဆုံအောင် တည့်တည့်
ကြည့်ကာ လေသံမာဖြင့် ခပ်တင်းတင်းပြောဆိုဝံ့တာပါလား။

"မင်းနောက်မှာ ကိုယ်လိုက်လာတာကို ဝန်ခံပါတယ်"

သူမ မျက်ဝန်းများက ပိုမိုတောက်လာသလို ဖြစ်လာပြီ
မျက်နှာကြောပါ ပို၍ တင်းလာလေ၏။ တော်ရုံလူမမြင်သည့် Sen
မျိုး သူမထံမှာ အဘယ်ကြောင့်များ ရှိနေပါသလဲ၊ လက်ထဲမှာ ယယ်





သည့်ပစ္စည်းကိုယ်စီနှင့်အတူ စကားခပ်အုပ်အုပ်ဖြင့် ရန်ဖြစ်နေသည့်
သူနှင့်သူမအဖြစ်က အံ့ဩဖွယ်ရာပါလေ။

"ဒီတိုင်းနှောင့်ယှက်ရုံသက်သက်နဲ့တော့ ရှင် ဒီလို ပြုမူစရာ
အကြောင်း မရှိဘူး"

"မှန်ပါတယ်"

"ဘာကြောင့်လဲ"

"မင်းကို ကိုယ်စိတ်ဝင်စားလို့ပါ လင်းလက်စန္ဒာ"

သူမလက်ကို ကျစ်ကျစ်ဆုပ်လိုက်လေ၏။ ဘာလဲ၊ သူ့ကို
ဘစ်ခုခုများ လုပ်ချင်လို့လား။ မဖြစ်နိုင်တာ။ ကိုယ့်ကို စိတ်ဝင်စားပါ
ယ်ဆိုတဲ့ ယောကျ်ားတစ်ယောက်ကို အဲဒီမိန်းမက လက်လွတ်စပယ်
ရိုက်တဲ့ တုံ့ပြန်မှုမျိုးကိုတော့ မလုပ်လောက်ပါဘူးနော်။ သို့သော်
သူ ယခုဆုံနေရသည့် အမျိုးသမီးက သာမန်မိန်းမ မဟုတ်တာကို
တော့ ရိပ်မိနေပါရဲ့။

"ဒါနဲ့ပဲ လူကြီးလူကောင်း မဆန့်တဲ့ လုပ်ရပ်မျိုးနဲ့ ချဉ်းကပ်
ဆုံးဖြတ်လိုက်တယ်ပေါ့လေ"

"ဟာ ... မဟုတ်ရပါဘူး၊ မင်းအထင်မှားနေပြီ"

"အထင်နဲ့ မှန်းပြောနေတာမဟုတ်ဘူး။ မျက်စိနဲ့မြင်နေရလို
ပ်အပ်ပြောနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအတွက် အနှောင့်အယှက်ဖြစ်သွားရင် ကိုယ် တောင်းပန်ပါတယ်"

"အနှောင့်အယှက်ဖြစ်တာပေါ့၊ အဲဒါကို သိထားရင် ရှင် ဒီလိုလုပ်စရာ ဘာအကြောင်းမှမရှိဘူး"

"ကိုယ်"

သူက ရှေ့ကို တစ်လှမ်းထပ်တိုးလိုက်ပေမယ့် သူမက နောက်ဆုတ်မသွားပါလေ။ ပြောသားပဲ၊ ဒီအမျိုးသမီးက ထူးခြားပါတယ်ဆို။ လက်ထဲမှအထုပ်တွေကို ချလိုက်ကာ သူမ၏လက်မောင်းနှစ်ဖက်ကို သူ ဆုပ်ကိုင်လိုက်မိပါ၏။ ရင်ဘတ်ထဲမှ နှလုံးခုန်သံက တဒိန်းဒိန်းဖြင့် စည်တီးသံကဲ့သို့ ကျယ်လောင်လာတာကို သူကိုယ်တိုင်သာ သိနေတာပါလေ။

"ဒါ ဘာလုပ်တာလဲ လွှတ်နော်။ လူမြင်ကွင်းမှာ ရှင် အရှက်ကွဲချင်လို့လား နေနန္ဒနိုင်"

"ကိုယ် မင်းကို"

"မိန်းမတစ်ယောက်ရဲ့ ခန္ဓာကိုယ်မှာ ဥပဒေပုဒ်မတွေ အများကြီးနဲ့ ကာကွယ်ထားတယ်ဆိုတာ ရှင်မသိတာလား၊ တမင် မသိချင်ယောင်ဘဲ ဆောင်နေတာများလား"

"လင်းလက်စန္ဒာ"





"နှောင့်ယှက်မှု၊ လက်ရောက်မှု၊ နာကျင်စေမှု၊ ကာအိန္ဒြေပျက်စေမှုဆိုတဲ့ ပုဒ်မတွေနဲ့ ရှင့်ကို တရားစွဲလို့ရနေပြီ။ နောက်ဆုံးအကြီးစားပုဒ်မ (၃၀၀) ကျော်အဆင့်ထိ ရောက်သွားနိုင်တယ် ... နေနန္ဒနိုင်"

သူ့လက်တို့ ဖြေလျော့သွားရပါ၏။ အလိုလေး။ တစ်ကြိမ်တစ်ခါမှ မကြားခဲ့ဖူးတဲ့ ထိုးနှက်ချက်က ပုဒ်မတွေတဲ့လား။ သူတောင် အသေအချာမသိ နားမလည်သည့် ပုဒ်မတွေက သူမနှုတ်မှ တသီတတန်းကြီးထွက်လာတာပါလား။ မင်းဦးနှောက်ထဲမှာ ပညာအသိဉာဏ်ကဏ္ဍက အပြည့်အနှက်ရှိနေတာပါလား လင်းလက်စန္ဒာရယ်။

"ဒါ နောက်ဆုံးဖြစ်ပါတစေ နေနန္ဒနိုင်။ ကျွန်မက ရှင်တွေ့ဖူးခဲ့တဲ့ မိန်းမတွေလို ပျော့ညံ့ညံ့နဲ့ ရှင့်ဘက်ပါလာမယ့်မိန်းမမျိုး မဟုတ်ဘူးဆိုတာကို ရှင် မြဲမြဲမှတ်ထားပါ။ နောက်ထပ် ဒါမျိုး ထပ်ဖြစ်ဦးမယ်ဆိုရင် ကျွန်မအကြောင်း ရှင်ကောင်းကောင်းကြီးသိစေရမယ်မှတ်"

ဆတ်ခနဲ လှည့်ထွက်သွားသည့် သူမ၏ကျောပြင်ကို သူ ငေးကြည့် ကျန်ရစ်ခဲ့ရပါ၏။ နောက်ထပ်တဲ့လား။ ကိုယ်က မင်းအကြောင်းကို ပိုသိချင်နေတော့ ခက်သားလား လင်းလက်စန္ဒာ။ ကိုယ်တို့ ထပ်ဆုံချင်ပါသေးတယ်ကွာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ရေချိုး အဝတ်အစားလဲလျက် ခါတိုင်းလိုပင် သပ်သပ်ရပ်ရပ် ဖြစ်စေရန် ပြင်ဆင်လိုက်ပါသည်။ ဒီနေ့တော့ ကိုယ်ပိုင်ကားဖြင့် သွားမှာမို့ အန္တရာယ်မရှိလောက်ဘူး ထင်ပါရဲ့။ နေနန္ဒနိုင်က ကျွန်မကို မကြာခဏ နှောင့်ယှက်နေတာမို့ စိတ်ညစ်နေရတာပါ။ Heart Coffee ဆိုင်မှာ မင်းအကွရာကို တာဝန်အရသွားကြည့်ဦးမှာပါလား။

ဒီဘဝမှာ အိမ်ထောင်မပြုချင်တာတော့ အမှန်ပါ။ ကျွန်မက မိန်းမသားဖြစ်ခွင့်ရခဲ့ပေမယ့် ယောကျ်ားဖြစ်ခွင့်မရခဲ့သည့်အတွက် ကုသိုလ်အကျိုး နည်းပါးခဲ့မှန်း သိပါ၏။ ဘယ်တတ်နိုင်ပါ့မလဲလေ။





ရလာတဲ့ဘဝမှာပဲ နေပျော်အောင် နေတတ်အောင် အတော်လေး လေ့ကျင့်ယူခဲ့ရတာပါ။ တကယ်တော့ လူ့ဘဝဆိုတာ တိုတိုလေး မဟုတ်ပါလား။

"မျက်စိတစ်မှိတ် လျှပ်တစ်ပြက်" ဟူသည့် စကားပုံက သက်တွေ့မှာ အသုံးဝင်နေတာ အမှန်ပါပဲ။ ဒီတော့ ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုသာ ဦးစားပေး ရွေးချယ်ရမှာလေ။ ကိုမင်းအကွရာ ချင်းကို လေ့လာဖို့ အခု ကျွန်မထွက်လာပါပြီ။ မျက်ခုံးတော့ မလှုပ် သောက်ပါဘူးနော်။

ဆံပင်ကို မကျစ်တော့ဘဲ ခပ်မြင့်မြင့်လေး စည်းထားတာမို့ အိပ်မျှားနေချင်သလို ဖြစ်နေမလား။ ကိစ္စမရှိပါ။ ကျွန်မ မျက်နှာထက်မှာ မျက်မှန်စတပ်ရကတည်းက ကိုယ့်ကိုယ်ကိုယ် အမျိုးသမီးကြီးဟုသာ စိတ်ထဲမှတ်ပိုက်ထားခဲ့တာပါလေ။

"စောလှချည်လား သမီး၊ ဘယ်သွားမလို့လဲ"

"Breakfast စားဦးလေ သမီးရဲ့"

"စားဖို့မလိုဘူး ထင်ပါတယ် ဖေဖေ"

"ဘာဖြစ်လို့လဲ"

"Heart Coffee ဆိုင်သွားမလို့ပါ"

ဖေဖေရော မေမေပါ ပြုံးလိုက်ကြလေ၏။ ကဲ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ပြုံးလေ့ပြုံးထရှိသည့် အပြုံးမျိုးကို တွေ့ရပြန်ပြီလေ၊ ပြောတော့ဖြင့် ဒီသမီးကို အိမ်ထောင်ပြုစေချင်တယ်ဆိုပြီး ကျွန်မက ဖေဖေပြောသည့် လူကို အခုမှ ပထမအကြိမ် သွားတွေ့ရုံပါ။

လက်သင့်ခံတာ မခံတာက တစ်ကဏ္ဍ။ ခေါင်းညိတ်ဖို့ထက် ခေါင်းခါလိုက်ဖို့က ရာခိုင်နှုန်း (၇၀) ကျော်မှာရှိနေတာပါလေ။ ဒါကိုတောင်မှ ကျွန်မ၏မိဘတွေက ကြိုတွေးပြီး သဘောကျနေပုံပါပဲလား။ ကိုယ့်ခြေပေါ်မှာ ရပ်နိုင်တဲ့ အမျိုးသမီးဖြစ်ခဲ့တာမို့ မိုခိုအားကိုးဖို့အတွက် ရွေးချယ်ဖို့လိုပါ့မလား။

"အေးအေး သမီး ... ကောင်လေးကို ကောင်းကောင်းမွန်မွန် ပြောခဲ့ဦးနော်"

"သမီးက ဒီလောက်တော့ နားလည်ပါတယ် ကြည်ရယ်"

"သမီးသွားတော့မယ်နော်"

မိဘနှစ်ပါးကို ခွင့်တောင်းကာ အိမ်မှထွက်လာခဲ့ပါ၏။ ဈေးဝယ်စရာရှိရင်တော့ ကားထားခဲ့ပြီး Taxi ဖြင့် ဟိုဒီသွားကာ ရှာပြီးဝယ်ဖြစ်တာပါ။

အခုတော့ သူ့ဆိုင်ကို အေးအေးဆေးဆေးဖြင့် ထွက်ခဲ့တာပါလေ။ မင်းအကွာရာတဲ့။ ဘယ်လိုပုံပန်းလည်းဆိုတာ တွေ့မှပဲ သိရတော့မှာ မဟုတ်ပါလား။



ခြံထဲမှထွက်ကာနီး ဤနေ့ ခရီးစဉ်အတွက် စိတ် အနှောင့်အယှက်မဖြစ်စေရန် ဆုတောင်းလိုက်မိပါ၏။ မဟုတ်ပါက ဟိုလူနဲ့ ထိပ်တိုက်တိုးတတ်လို့ပါလေ။ ဒီဘဝမှာ လာဆုံတဲ့လူက ဘယ်ဘဝက ရေစက်မှန်းမသိဘဲ ကြည့်မရခဲ့တာပါ။ ပုံစံကိုမြင်တာနဲ့ မျက်နှာ ဘယ်လောက်များမယ့်လူမှန်း သိသာနေတာလေ။

မေးကွဲလေးရှိတဲ့ ယောက်ျားတိုင်း (ချစ်စဖွယ်ဖြစ်ပေမယ့်) မြာပွေရှုပ်တတ်မှန်း လူတိုင်းသိကြတာပါ။ ရုပ်ရှင်ထဲက မင်းသားမျိုးဆိုလည်း ထားပါတော့။ ရုပ်ရှင်ချစ်ပရိသတ်ရဲ့ ခွင့်လွှတ်စိတ်နဲ့ ချစ်ရင်းရှိကြဦးမှာလေ။ အခုတော့ အပြင်လူဖြစ်ပြီး သူ့စရိုက် သူ့ဟန်ပန်ကို ကျွန်မ အလိုလို မျက်မုန်းကျိုးနေတော့ ခက်ချေပြီ။

"ကျစ်"

ဘယ်လိုဖြစ်ပြီး ဒီလူ့အကြောင်းက ခေါင်းထဲရောက်လာရတာပါလိမ့်။ စိတ်ပျက်စရာပါပဲ၊ ကိုယ့်စိတ်နှလုံးထဲမှာ ကိုယ်လုပ်နေတဲ့ လုပ်ငန်းစဉ်တွေ၊ စာအုပ်စာတမ်းတွေသာ အမြဲအပြည့်အသိပ်ထည့်ထားပါလျှင် အမှိုက်သဖွယ် ဒီအကြောင်းက လာရှုပ်ရတာပါလိမ့်နော်။ ဟုတ်တယ် ... အချစ်ဆိုတာ ရင်ရှုပ်ရတဲ့ အမှိုက်ပင် မဟုတ်ပါလား။

ကျွန်မအဖြစ်က အတော့်ကို ရယ်စရာဖြစ်နေလေပြီ၊ သူတွေ

www.burmeseclassic.com

www.burmeseclassic.com



ကြားရင်တော့ အလျောင်ခံရမှာ အသေအချာပဲပဲ၊ အချစ်ကို ခံစားရမှာ အလိုလို ကြောက်လန့်နေသည့် မိန်းမတစ်ယောက်က ကိုယ်နဲ့ လက်တွဲရမယ့် ယောကျ်ားတစ်ယောက်ဆီကို သွားနေသည့် ခြေလှမ်းတွေနဲ့လေ။ ရှူးပါ့ လင်းလက်စန္ဒာ။

"ဟော"

မှန်တံခါးကို တွန်းဖွင့်ဝင်လာသည့် ညှော်သည်ကြောင့် လှမ်းကြည့်မိလိုက်စဉ် သူ့လက်ထဲမှ cleaning လုပ်နေသည့် spray ဘူးက လွတ်ကျသွားလေ၏။ အလို၊ ဟိုတစ်ခါမြင်လိုက်ရသည့် အမျိုးသမီးလေး ဖြစ်နေပါလား။ ဘယ်ကနေဘယ်လို မျက်စိလည်လမ်းမှားပြီး ရောက်လာရတာပါလိမ့်။

ဘေးဆီကို တစ်ချက်မှ မလှည့်လာဘဲ ထောင့်ဆုံးစားပွဲဝိုင်းမှာ နေရာယူကာ အေးအေးဆေးဆေးပင် ထိုင်လိုက်လေ၏။ ဒီနေရာက သူ့ဆိုင်တွင်းမြင်ကွင်းအားလုံးကို ကြည့်၍ အရှင်းဆုံးမြင်နိုင်သည့်နေရာပင်။ သူမက တစ်ခုခုမှာရန် အရင်မပြင်ပါဘဲ လက်ထဲမှာ ကိုင်လာသည့်စာအုပ်ကို (ဖတ်လက်စစာမျက်နှာထင်ပါ၏) ဖွင့်ဖတ်နေလေ၏။

Waiter တွေကိုလက်ပြတားမြစ်ကာ လက်ကို သန့်စင်လိုက်ပြီးမှ lobby ထဲ သူထွက်ခဲ့ပါ၏။ ဆံနွယ်တွေကို မြင့်မြင့်စည်းနှောင်





ထားပေမယ့် ကျောမှီခုံနောက်ကျောဘက်မှာ အလိုက်သင့်လေး ကျနေတာပါလေ။ ယဉ်လိုက်ပါဘိ။ နံနက်စောစော နေရောင်ခြည်ဖြာကျလာသည်နှယ် သူ့ဆိုင်ထဲ နွေးထွေးသွားစေတဲ့ အလှပိုင်ရှင်လေးပါလားနော်။

"မင်္ဂလာပါ ခင်ဗျာ ... ဘာများသုံးဆောင်ချင်ပါသလဲ"

"Black coffee တစ်ခွက်နဲ့ ... ဟင်"

ကော်ဖီမှာလိုက်ရင်း မျှတ်ခနဲ မော့ကြည့်လာသည့် မျက်ဝန်းတို့က လက်ခနဲဖြစ်ရင်း အံ့သြသွားလေ၏။ ဘယ်လောက်တောက်ပလိုက်ပါသလဲ။ သူမနှင့် အင်မတန်မှ လိုက်ဖက်ညီလွန်းပါသည့် မျက်ဝန်းနက်တို့ပါလေ။ Power မျက်မှန်အောက်မှာ ပုန်းလျှိုးကွယ်ဝှက်ထားပါသည့် ကြယ်ညီနောင်ကို မည်သူတွေ မြင်တွေ့ဖူးမှာပါလိမ့်။

"မှတ်မိလို့လား ခင်ဗျာ"

"ဪ ... ဟုတ်တယ်၊ ဟိုတစ်လောက စာအုပ်ပွဲတော်မှာ"

"မှန်ပါတယ်"

"ဒါ ... သူ့ဆိုင်လား"

"ဟုတ်ကဲ့ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



လှပစွာပြုံးလိုက်စဉ် ပါးချိုင့်လေးက ခွက်ခနဲပေါ်လာ၏။ ချစ်စရာလေးနော်။ သူမမှာ ဤမျှ ကလေးဆန်သည့် ပါးချိုင့်လေးရှိမည်ဟု ထင်မှမထင်ထားဘဲ။ မင်းတော့ စောစောစီးစီး အိပ်မက်များမက်နေပြီလား မင်းအကွာရာ။ နတ်သဘင်အစည်းအဝေးက အပြန်များဝင်လာလေသလား မိုးနတ်သူဇာရယ်။

မှတ်ဉာဏ်ကလည်း ကောင်းပါ့။ တော်ရုံလူ အမှုမဲ့အမှတ်မဲ့ဆုံခဲ့ပြီး မမှတ်မိနိုင်တဲ့အဖြစ်ပေမယ့် သူမက မှတ်မိနေသတဲ့လေ။ အကြည့်ချင်း ဖျတ်ခနဲဆုံခဲ့တာ တစ်ကြိမ်လား နှစ်ကြိမ်လားပင် မသိပါ။ သူ့ကို မှတ်မိနေလိမ့်မည်ဟု ထင်မထားတာမို့ လက်ထဲမှာ ချွေးစေးပင်ပျံလာတော့တာလေ။

"ဒါဖြင့် . . . နည်းနည်းကြာကြာ ထိုင်ဖြစ်မယ်ထင်တယ်"

"ရပါတယ်၊ ဒီအချိန် လူရှင်းပါတယ်ဗျာ။ မုန့်က ဘာများမှာချင်ပါသလဲ"

"ဆီမပါဝဂ တစ်ခုခုပေါ့"

"Bread ပေးမယ်လေ၊ cream မပါတာလေး"

"အိုကေ"

သူ ခေါင်းတစ်ချက်ညိတ်ပြကာ အတွင်းဘက်သို့ ဝင်ခဲ့ပါ၏။ ကော်ဖီစေ့ကို စက်ဖြင့်ကျိတ်ပြီးမှ သကြားပါရုံလေး ခပ်ခါးခါးလေး





ဖျော်လိုက်ပါသည်။ Microwave ထဲမှာ ပေါင်မုန့်သုံးလုံးကို ပူပူလေးဖြစ်အောင် ပြန်နွေးလိုက်ပြီးမှ ပန်းကန်ထဲထည့်လိုက်ပါ၏။

"သူ့ဆိုင်လား" တဲ့။ ဘုရားရေ၊ သူမ ဘာကြောင့်များ ဒက်ခနဲတွေးလိုက်မိပါသနည်း။ သို့တည်းမဟုတ် သူ့ကိုသိနေလို့ပဲ တမင်ရောက်လာတာများလား။ အံ့သြဖွယ်ကောင်းလေစွ။ သူ့ဘက်က ဘာမှမသိသေးပါဘဲ သူ့ကို သိနေသည့် အမျိုးသမီးလေးက သူ့ဆိုင်ထဲရောက်လာတာပါလေ။

"သုံးဆောင်ပါ ခင်ဗျာ၊ လိုအပ်တာရှိရင် ထပ်မှာနိုင်ပါတယ်"

"Thanks"

ဒါပဲလား။ အခုထိ နာမည်တောင်မှ မသိသေးရင် ဘယ်တော့သိပါ့မလဲ။ ကိုယ့်ဆိုင်ထဲရောက်လာတာတောင်မှ သိခွင့်မရရင် ညံ့တဲ့စာရင်းထဲ သူ့နာမည်ပါတော့မှာလေ။ ဘယ်လိုများ လုပ်ရပါ့။ ဒီနေရာမှာ နန္ဒဆိုရင်ဖြင့် အလွယ်လေးဖြစ်မှာ အသေအချာပါလေ။ မိန်းကလေးတွေကို ယောရောရှိုလုပ်ဖို့ကိစ္စက မင်းအကွာရာအတွက် ပြဿနာရှိတဲ့ ပုစ္ဆာဖြစ်နေတာကိုး။

"ဟိုလေ"

လင်ဗန်းကိုင်လျက် ကျောပေးလိုက်ပြီးမှ သူ ပြန်လှည့်လိုက်ပါ၏။ ကော်ဖီခွက်ကို မကိုင်ရသေးပါသည့် သူမအကြည့်က သူ့ထံ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြန်တာမို့ ရင်ထဲမှာ ဒိတ်ခနဲ ခုန်သွားရလေသည်။ သေ
ကော့မှာပဲ။ ဒီလောက်ရင်တုန်နေမှဖြင့် ဘယ်လိုစကားမျိုး ဆက်ပြော
ပါ့မလဲ။

"ဘာလဲဟင်"

"အဲဒီစာအုပ်ကို ကျွန်တော်ရှာနေတာ၊ ဘယ်မှာမှ မတွေ့ဘ
ဖြစ်နေတယ်"

"ဩော် . . . ဟုတ်တယ်၊ အပြင်မှာမရှိလောက်ဘူး။ ကျွန်
ပေါင် American Centre က ငှားလာတာ၊ သန်ဘက်ခါ ပြန်အ
ရမှာ"

"အင်း . . . ကျွန်တော်တော့ အဲဒီလိုမရောက်ဖြစ်တာကြ
ပြီ"

ကျွန်မ ပြုံးမိပြန်၏။ ဤလူငယ်လေး၏အကြည့်နှင့်အပြေ
ကာ မလိမ်ညာတတ်မှန်း သဘောရိုးကို လှစ်ဟပြနေသည့်နယ်
ကျွန်မကို စကားတွေ့ဆက်ပြောချင်နေပုံဖြင့် အကြောင်းရှာနေပုံ
အတော့်ကိုသိသာနေတာပါလေ။ ကျွန်မနေရာမှာ snow ဆိုရင်ပြ
သူ့ကို လှောင်ရယ်လေမလားမသိပါ။ ကျွန်မကတော့ သူ့အပေါ် စာ
နားလည်စိတ်ဖြင့် သည်းခံနိုင်လေ၏။

"Bread ကို ပူပူလေး နွေးထားပေးတယ်နော်"





"အိုကေ"

ဟော ဘာထပ်ပြောရမှန်းမသိတဲ့ လင်ဗန်းပိုက်ကာ မတ်မတ်
င် ရပ်နေလေ၏။ Waiter လေးတွေ၏ ပြုံးစိစိဟန်ပန်ကြောင့်
ကျွန်မ ရိုပ်မိနေပါသည်။ ဆိုင်ပိုင်ရှင်ကောင်လေး၏ ပရိယာယ်မသုံး
တတ်သည့် ဟန်ပန်က အတော်သဘောကျစရာ ဖြစ်နေတာပါလေ။

"ကျွန်တော်"

ဖျပ်ခနဲ မော့ကြည့်လာပြန်သည့် မျက်ဝန်းတို့ကြောင့် သူ
ကွန့်ခနဲ ဖြစ်သွားရပါ၏။ သူမအကြည့်တို့က လူကိုရှိန်စေတာမဟုတ်
လား။ နာမည်ပြောပြီး မိတ်ဆက်လိုက်လျှင် သူမ အမည်ကိုပါ
သိခွင့်ရမှာလေ။ ပြီးလျှင် အပြန်အလှန် ဖုန်းနံပါတ်တို့ Ad-
ress တို့ပေးရင် ဒီထက်ပိုတဲ့ ရင်းနှီးမှုတွေရမှာပါ။ သို့သော် ဖလှယ်
အတွက် အစပျိုးရဖို့က သူ့အတွက် ခက်ခဲလွန်းပါဘိ။

ညံ့ပါ မင်းအကွာရာ။

"လိုမှ ထပ်မှာရမှာမဟုတ်လား"

"ဩော် . . . ဟုတ်ကဲ့"

သူမက ပြုံးရုံပြုံးကာ ဖတ်လက်စစာမျက်နှာထံ အကြည့်
ကျက်သွားပြန်ပါ၏။ ဘာလဲ ဒီကိုဝင်လာတာ ကော်ဖီသောက်ဖို့
တ်ဘူးလား။ စာဖတ်ချင်တယ်ဆိုရင် အိမ်မှာဖတ်တာက ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



သင့်တော်မှာပါလေ။ ဘာဖြစ်လဲ။ ဒီထက် အားတင်းပြီးပြောလည်း ဖြစ်နိုင်တာပဲ မဟုတ်လား။

"ဟိုလေ ... ဒီက စာအုပ်ဖတ်ချင်တယ်ဆိုရင် အေးပြီး တိတ်ဆိတ်တဲ့ဝိုင်းကို ရွှေ့ပေးရမလား"

"နေပါစေ ... ရပါတယ်။ ကျွန်မ (၁၅) မိနစ်လောက်ပဲ ထိုင်မှာမို့ပါ။ ကျေးဇူးပဲ"

အားပါး၊ အပြောကပြတ်ပါ့။ မြင်နေတွေ့နေကျ ခပ်ချွဲ မိန်းကလေးတွေနှင့် ဆန့်ကျင်စွာ စကားကို ခပ်ပြတ်ပြတ်ပြောတတ် က သာမန်အမျိုးသမီးတို့နှင့် ခြားနားနေတာ မဟုတ်ပါလား။ ရှေ့ တစ်လှမ်းခန့် တိုးဖို့ ခက်ခဲလွန်းလှချည်လား မင်းအကွာရာ။

"ဘာပြောချင်သေးလို့လဲ"

"ဟင့်အင်း"

သူမက ကော်ဖီခွက်ကို ကောက်ယူကာ မော့သောက်လို စဉ် ပူမယ်ဟု သတိပေးရင်း လက်ကိုပါ ဖျပ်ခနဲ ကိုင်လိုက်မိပါ သူမ မျက်နှာမှာ အံ့ဩမှုကို ဖြစ်ပေါ်သွားစဉ် သူ မျက်နှာပူသွားရ အမှန်ပါလေ။ လုပ်လိုက်မှဖြင့် တလွဲပါပဲလား။

"Sorry မှတ်သောက်ဖို့ သတိပေးချင်တာနဲ့"

"ရပါတယ် ကိုမင်းအကွာရာ"





"ဗျာ"

"ကျွန်မ လင်းလက်စန္ဒာပါ"

ဒီတစ်ခါ ပါးစပ်အဟောင်းသား ဖြစ်သွားရတာက သူပါပဲ။ ဘုရားရေ ... သူမက သူ့နာမည်ကို သိနေပြီး စမိတ်ဆက်သတဲ့လား။ သူပြောချင်နေတာကို ဘယ်လိုများ သိနေပါသလဲ။ လင်းလက်စန္ဒာတဲ့။ ဘာဆက်ပြောရမှန်းမသိဘဲ ရပ်နေစဉ် သူမက ကော်ဖီသောက်ပြီးသွား ပြီမို့ Bill ရှင်းရင်း Voucher စာရွက်မှာ တစ်စုံတစ်ရာ ရေးပေးသွား လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဖုန်းထဲမှ နန္ဒရယ်သံက သူ့ကို လှောင်နေမှန်း သိသာနေပါ၏။ အင်းပေါ့လေ၊ မိန်းကလေးတစ်ယောက်ကို ချဉ်းကပ်ဖို့ဆိုတာ နေနန္ဒိုင်းအတွက်က ငှက်ပျောသီးအခွံနွှာသလို အလွယ်လေးပဲ မဟုတ်ပါလား။ သူ့မှာသာ အူကြောင်ကြောင်ဖြင့် အငိုက်မိခံခဲ့ရတာပါလေ။

"ဟော့ကောင် ... ရယ်မနေနဲ့ကွ"

"မင်းမင်း ... မင်းမင်း၊ မိန်းမတစ်ယောက်ရှေ့ ဘိုင်းခနဲလဲကျတဲ့ မြင်ကွင်းမျိုး မမြင်လိုက်ရတာ နာသကွာ"

"ဟာကွာ ... ငါ မလဲကျပါဘူးကွ"





"ဟ ... ဒီလောက် အငိုက်မိပြီး မင်းရင်ဘတ်ထဲက Heart ကြီး ခုန်ချသွားတာ မဟုတ်လား"

"အင်း"

"အဲဒါပဲလေကွာ ... အချစ်ရှေ့ မှောက်လျက်လဲတယ်ဆိုတာ ညံ့ပါ့ ငါ့ကောင်ရာ"

တဟားဟားဖြင့် နန္ဒရယ်လေပြန်၏။ သဘောရှိ လှောင်ပေါ့ကွာ။ ငါက အဲဒီလင်းလက်စန္ဒာကို မြင်တာနဲ့ ရင်ထဲမှာ တထိတ်ထိတ်ဖြင့် ရင်ခုန်နှုန်းမြန်နေတာကို မင်းကဖြင့် မသိဘဲနဲ့ ရယ်ရတယ်လို့ကွတ်ပါတယ်။ အချစ်ဆိုတဲ့အရာကို ငါက တစ်ခါမှ မတွေ့ဖူးတာကိုး။ အိမ်ဘေးက စန်း (နှင်းပွင့်ဖြူဖြူ) နဲ့ ခင်မင်ရင်းနှီးတာတောင်မှ ငါ့ရဲ့ရင်ခုန်သံက ပြောင်းလဲတာမျိုးမှ မဖြစ်ဖူးတာပါလေ။

"ပြောပါဦး ... နာမည်က ဘာတဲ့လဲ"

"လောလောဆယ် Secret ပေါ့"

"အံမာ အလာကြီးပါလား။ အချစ်ဆိုတဲ့ ပန်းသီးစိမ်းကို တစ်ခါမှ မကိုက်ဖူးတဲ့ကောင်ကများ"

"ပြောအားရှိတုန်း ပြောပေါ့ကွာ"

"အေး ... ငါလည်း lady တစ်ယောက်ကို မြင်ခဲ့ရလို့ ရင်ထဲမှာ မီးတောင်ပေါက်ကွဲခဲ့ရတာပဲ မင်းမင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

ရယ်နေရာမှ သူမျက်နှာမဲ့သွားရပါ၏။ မင်းမင်းတော်နှ အချစ်ကို တစ်ကြိမ်တစ်ခါမှ မတွေ့ဖြစ်ပေမယ့် ဒီတစ်ကြိမ်မှာပဲ ရင်နှ ခွင့်ရသတဲ့လေ။ ဒါဖြင့် သူဆိုတဲ့ နေနန္ဒနိုင်ကရော ဘာများထူးလို့ပါလဲ မင်းကြောင့် ကိုယ့်ရင်ခုန်သံ ပြောင်းလဲခဲ့တာ အမှန်ပါပဲ လင်းလက် စန္ဒာ။

ချစ်ခဲ့ဖူးပါတယ်။ အကြိမ်ကြိမ်အခါခါပါပဲ။ ရင်ထဲမှာ ဒိတ်နေ ခုန်မိတာနဲ့ ကောင်မလေးတွေကို ထည့်လဲတွဲဖြစ်ခဲ့တာပါလေ ဖြတ်ပစ်ခဲ့တဲ့ မိန်းကလေးတွေက ဘယ်နှယောက်တောင်လဲ။ လက်ချို ရေတွက်လို့တောင်မှ မရတော့တာအမှန်ပါ။ ရင်ထဲမှာ ပေါ့ပေါ့လေး ပါးပါးလေးဆိုတဲ့ ဟာသပြဇာတ်တစ်ပုံလို အရာလေးတောင်မှ ထ မကျန်ရစ်ခဲ့တာလေ။

ဒီတစ်ကြိမ် ဒီတစ်ခါလေးပါပဲ။ တစ်ယောက်ဆိုမှ မင်းတ ယောက်တည်း အပေါ်မှာသာ မေတ္တာသက်ဝင်မိခဲ့တာပါ။ မျက်ဝန်း အမှန်းတွေအပြည့်အသိပ်။ နှုတ်ဖျားမှာ ရက်စက်မှုတွေနဲ့ လွင့်ပျံထွ လာသည့် စကားလုံးတို့က အေးစက်ပြတ်သားလွန်းနေတာ အ ကြောင့်များပါလဲ။

ချစ်တာအပြစ်လား လင်းလက်စန္ဒာ။





"မင်း ဘယ်သူ့ကို ရင်ခုန်ရပြန်ပြီလဲ"

ပြောပြီပေါ့။ ငါ့ lady ၊ ငါ့ baby၊ ငါ့မဒီဆိုပြီး မိတ်ဆက် ပေးခဲ့တာ နည်းမှမနည်းဘဲကိုး။ မယုံကြည်နိုင်ဘူးတဲ့လား။ ချစ်ခြင်း တွေ မှိုလိုများပြားခဲ့ပေမယ့် တကယ့်မေတ္တာစစ်နဲ့ ချစ်မိသူက မင်း တစ်ယောက်တည်းပါ စံ။ ဒီရင်ဘတ်ကြီးထဲမှာ ဘုတ်ခနဲ ပစ်ဝင်လာ တဲ့ အချစ်က စံ ဆိုသည့်မိန်းကလေးပါပဲ။

"ငြိမ်သွားပါလား"

"နာမည်တောင် မရွတ်ရဲလို့ပါ"

"အားပါး ...ခါတိုင်းလို မဟုတ်ဘူးလား။ ကြည့်ရတာ အမာစား ထင်တယ်"

သူ မဖြေနိုင်ပါလေ။ အမာစားတဲ့လား။ သံမဏိလိုမာတဲ့ နှလုံးသားနှင့် မိန်းကလေးကိုမှ သူက ချစ်မိနေတာကိုး။ လှပါပေ့ ဆိုသည့် အရွယ်စုံကောင်မလေးတွေကို သူ့ရှေ့ရောက်လာအောင် သူ့အနီးဆုံးထိ ကပ်လာအောင် ပြုစားနိုင်ခဲ့ပါလျက် အခုတော့ဖြင့် မဟုတ်တော့ပြီ။ မင်းကိုကြွေလာဖို့အတွက် ဘယ်လိုနည်းလမ်းမျိုး ကိုယ်သုံးရပါ့မလဲ စံရယ်။

"ဘယ်လိုလဲ၊ တော်တော်မှ ထိနေပြီလား"

"အေးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ပြောဖူးပါတယ် နန္ဒရာ။ အချစ်ဆိုတာ ကစားစရာ မဟုတ် ဘူးလို့။ အခု မင်းတကယ်ချစ်ရမယ့်သူကိုလည်းတွေ့ရော နှုတ်ကနေ ပေါ့ပေါ့လေး ပြောမထွက်တော့ဘူး မဟုတ်လား"

ပြောတော့ မင်းမင်းရေ မင်းပြောလည်း ငါ ခံရုံသာရှိတော့ တာပါလေ။ ဒီအသည်းခပ်မာမာနဲ့ အမျိုးသမီးကို မင်းဆိုရင်တော့ ခြွေချနိုင်လို့လား။ ငါ့လို စကားမကြွယ်ဘဲ ခပ်အေးအေးနေတတ်တဲ့ လူကများ ဆရာကြီးလုပ်ချင်ရတယ်လို့။

"အခု ... ငါ တကယ်ချစ်တတ်နေပြီ"

နှုတ်မှပြောလိုက်ရုံနှင့် ရင်ထဲမှာ နွေးသွားရတာ ဘာကြောင့် ပါလိမ့်။ မျက်ဝန်းထဲမှာ ကြင်နာခြင်းနှင့် သံယောဇဉ်က တစ်စက်လေး တောင်မှ မပါဝင်မှန်းသိသိကြီးနဲ့ မျက်စိစုံမှိတ်ပြီး ချစ်မိနေတာက နေနန္ဒနိုင်တဲ့လေ။ ဒါတောင်မှ ကိုယ်လိုလူက မင်းမှမင်းပဲ ဖြစ်နေတာ သိပါရဲ့လား စံရယ်။

"တကယ်ချစ်တဲ့အချစ်က စစ်မှန်နေရင် မင်းအတွက် ကောင်းမွန်တဲ့အဖြေတစ်ခုခုတော့ ပြန်ရမှာပါ နန္ဒရာ၊ ဖွဲမလျှော့လိုက် နဲ့"

"အေးပါ"

ဖြေသံက အားမပါလှပါ။ အချစ်ဆိုတာ လူသားတွေရဲ့ နှလုံး





အားဆေးလို့ ကြားခဲ့ရပေမယ့် တကယ်တမ်းမှာတော့ဖြင့် ရင်မောနေရ တာပါလေ။ ဘယ်သူမှ ကယ်လို့မရတဲ့ အဆိပ်တစ်ခွက်ဖြစ်နေပြီလား မသိတော့ပါ။ သေချာတာကဖြင့် စံ ဆိုသည့် လင်းလက်စန္ဒာက နန္ဒဟူသည့် နေနန္ဒနိုင်ကို ပြုစားထားပြီ ဆိုတာပါပဲ။

"သူ့ဘက်က နည်းနည်းလေးမှ မီးစိမ်းမပြတာအမှန်ပဲ"

"ဒီလောက်တော့ ရှိမှာပေါ့ကွာ။ မင်းခွဲခဲ့တဲ့အသည်းတွေက နည်းမှမနည်းခဲ့တာ။ ဝဋ်ဆိုတာ ဒီဘဝမှာပဲ လည်တတ်တဲ့ ပန်ကာပဲ နဲ့"

"ငါသိပါတယ်ကွာ"

"အားကလည်း လျှော့လိုက်တာ"

"မင်းဖြင့် မသိဘဲနဲ့"

"ဟင်းဟင်း ... မျောက်အိုကြီးလိုတော့ မမှိုင်တွေလောက်ပါ ဘူးနော်"

ရင်ဘတ်ကို တင်းပုတ်နဲ့များ ထုလေသလား။ မမှိုင်တွေဘဲ နေပါ့မလားကွာ။ ဒီမှာ အလုပ်ခန်းကိုတောင် ပိတ်ပစ်ထားတာ ဘယ်နှ ရက်ရှိပြီလဲ။ ရိုက်ပြီးသားပုံတွေကို computer နဲ့ ပိုကောင်းအောင် ပြင်တဲ့အလုပ်ကအစ စိတ်မပါလို့ ရာဇာတို့ကို လွှဲထားရတာလေ။ ကိုယ်ချင်းမစာမနာပြောလေခြင်းဟု ထင်မိပေမယ့် "ဘယ်သူ့မပြု



www.burmeseclassic.com

www.burmeseclassic.com



မိမိမှု'' လို့ ဆိုရိုးစကားက သူ့အတွက် ဒက်ထိမှန်ကန်နေတာကို။

''အေးပါ ... မင်းက ပြောအားရှိမှာပေါ့။ အခြေအနေ ကောင်းတာကိုး''

''ဘာမှ မကောင်းသေးပါဘူးကွာ''

''ဒါနဲ့များ ကြွားနေရသေး''

''ငါ့မှာ တိုင်ပင်စရာဆိုလို့ မင်းတစ်ယောက်ပဲရှိတာကိုးကွ''

''အေးပါ ... ငါ သိပါတယ်''

သူငယ်ချင်းဖြစ်သူကို အားပေးစကားပြောလိုက်ပေမယ့် သူ လည်း အပြည့်အဝ မပျော်နိုင်သေးပါလေ။ ဒီနေ့မှ ဒုတိယအကြိ မြောက် ဆုံတွေ့ခြင်းမဟုတ်ပါလား။ အခုမှ နာမည်ပဲပြောရသေးတာ ပါ။ ဟော ဒါနဲ့ သူမရေးပေးသွားတာ ဘာများပါလိမ့်။ ကွန်ပျူတာ စားပွဲထံ လျှောက်သွားစဉ် ဘာစက္ကူစ ဘာဖြတ်ပိုင်းစမှ မတွေ့ရတော့ ပါလေ။ သေစမ်း မင်းအကွာရာ။

''ကောင်းထက်''

''ဗျာ ... အစ်ကိုလေး''

''စောစောကဟာရော ဘယ်မှာလဲ''

''ဘာကိုမေးတာလဲ အစ်ကိုလေးရဲ့''

''Bill ရှင်းတဲ့ Voucher လေကွာ''





''အဲဒါ Customer ယူသွားမှာပေါ့ဗျ''

''ကျစ် ... မယူလို့ပြောနေတာပေါ့ကွ၊ အသုံးကိုမကျဘူး။ အံဆွဲထဲက ဖြတ်ပိုင်းတွေ ဘယ်ရောက်သွားပြီလဲ''

''ဟိုထဲမှာ''

သူ သက်ပြင်းရှိုက်လိုက်မိလေတော့၏။ တော်ပါသေးရဲ့။ Tissue တွေ၊ Plastice တွေသာ သီးသန့်ပစ်ရသည့် အမှိုက်ပုံးထဲမှ ပါပဲ။ လက်ထဲမှာ ဖုန်းကိုင်ထားတာကို သတိရမိသွားတာမို့ နန္ဒကို နှုတ်ဆက်ကာ ဖုန်းကို ပိတ်လိုက်ရလေ၏။ ရှာစမ်း မင်းအကွာရာ။

''ဟာ ... အစ်ကိုလေး ဘာလုပ်တာလဲ''

''ဘာလုပ်လုပ်ပေါ့။ ငါ့ကို လာမရှုပ်နဲ့။ ဒါ ... ဒီနေ့ပစ်တဲ့ အမှိုက်တွေပဲ မဟုတ်လား''

''ဟုတ်ပါတယ်၊ ဘာရှာချင်လို့လဲ ကျွန်တော် ရှာပေးပါ့ မယ်''

''ငါ့ကို လာမရှုပ်နဲ့လို့ ကြိုပြောထားတယ် မဟုတ်လား။ မင်းတော့ ပြုတ်စော်နံချင်လာပြီ ထင်တယ်''

ကောင်းထက် ဇက်ပုကာ သူ့အနီးမှ လစ်သွားလေတော့၏။ အမှိုက်ပုံးအသေးလေးကို ဆိုင်နောက်ပေါက်မှ သယ်လာကာ ခုံမ ဘလင်းထက် သွန်ချလိုက်ပါသည်။ လက်အိတ်တွေ ဘာတွေ မဝတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘဲ စက္ကူကိုသာ သဲသဲမဲမဲ ရှာနေမိ၏။ ဟော်တော် အသုံးမကျတဲ့ ငါပါလား။ သူမ တစ်ခုခုရေးလိုက်တာ မြင်ပေမယ့် ဆိုင်ထဲ လူဝင်လာတာ များသွားတာမို့ မေ့သလိုဖြစ်သွားတာပါလေ။

"ဟော ... ဖွ ဒါပဲထင်တယ်"

လုံးချေထားတာမျိုးမဟုတ်ဘဲ ခေါက်ရာလေးအတိုင်း ရှိနေပါသည့် စာရွက်ပိုင်းလေးကို ယူကာ သူ ရှာဖတ်လိုက်မိ၏။ ကော်ဖီဖိုး ပေါင်းမှန့်ဖိုး Total ပေါင်းထားတာကို မြင်ရပြီး နောက်ဘက်ကို လှန်ကြည့်လိုက်ပါသည်။

"523 တဲ့၊ ဘာလဲဟ"

လက်ရေးက ရှင်းရှင်းလေးမို့ ပီပီသသကြီး မြင်ရပါ၏။ ဂဏန်း (၃) လုံးသာပါသည့် စာရွက်ပိုင်းကြောင့် သူ အတော်ခေါင်းစားသွားရတာပါ။ ဒါဖြင့် voucher နံပါတ်များလား။ 205 ဟု ရေးထားတာမို့ မဖြစ်နိုင်ပါ။ ဘယ်လို ပဟေဠိတွေများ ဖန်တီးလိုက်ပါသလဲ လင်းလက်စန္ဒာ။

"တွေ့ပြီလား"

"အင်း"

"မင်းရဲ့အဆက်လေး ရောက်နေတယ်၊ လာတွေ့လိုက်ဦး"

"ဟာကွာ ... ကျစ်"





စားဖိုဆောင်မှ ကိုမျိုးက ပြုံးစိစိနှင့် လှမ်းပြောလိုက်တာမို့ ဖွထားတာတွေကို အမြန်သိမ်းရလေ၏။ ကျွတ်ကျွတ်အိတ်ကိုပါ အသစ်လဲပြီး ပြန်ထည့်ယူလာကာ လက်ဆေးရတော့သည်။ အခုမှပဲ အမှိုက်သိမ်းဖြစ်ပါရောလား။

ဆိုင်ထဲ ပြန်ဝင်လာတော့ တကယ်ပင် စနီးရောက်နေတာ ဖြစ်လေ၏။

"ကိုကို ဘယ်ရှောင်နေတာလဲ"

"မရှောင်ပါဘူး ... အလုပ်ရှိလို့၊ ဒါနဲ့ ဘယ်ကလှည့်လာတာလဲ"

"ကျောင်းက အပြန်ပါရှင်"

"မမရော မပါဘူးလား"

"ဘာမမလဲ၊ စနီးမမက စာမှမသင်တော့တာ။ Ph.D တက်ဖို့ ဟာပြန်ကျက်နေရပါသတဲ့ရှင်"

"ကျွတ် ကျွတ် ... သနားပါတယ်"

"အံမာ ... သူများအစ်မကိုများ။ အဲဒီလိုဆို မိတ်မဆက်ပေးဘဲ နေလိုက်မှာနော်"

သူ ရယ်လိုက်မိပါ၏။ အစ်မဖြစ်သူကို မိတ်ဆက်ပေးဖို့ ပြောတာကို မနာလိုသလိုပါပဲလား။ သူကဖြင့် လင်းလက်စန္ဒာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံမြန်ခဲ့ရတာကို တစ်ဆိုင်လုံးက သိနေတာပါလေ။ ဒါဖြင့် အိမ်ပြန်ရောက်ရင်ရော မိဘတွေက မသိဘဲ နေပါ့မလား။

နဂိုကတည်းကမှ သူ့မျက်နှာကို အရိပ်တကြည့်ကြည့်ဖြင့် ရှိနေသည့်မမေက သူဘာဖြစ်နေသလဲဆိုတာကို အလိုလို သိနိုင်တာ ပါလေ။ အထူးသဖြင့် မိဘစကား မြေဝယ်မကျ နားထောင်တတ်သည့် သားလိမ္မာလေးမို့ မိဘနှစ်ပါးပင်မကပါ နန္ဒရဲ့ဒယ်ဒီနဲ့မာမီပါ သူ့ကို သားအရင်းသဖွယ် ချစ်ကြတာပါလေ။

"ဟယ် ... ရယ်နိုင်တယ်ပေါ့လေ။ စိတ်ကောက်မိတော့မယ် ဘာကယ်ပဲ"

"မကောက်ပါနဲ့ဗျာ။ မိတ်မဆက်ပေးချင်ရင်လည်း နေပါစေ ပေါ့ ရပါတယ်"

"ဘာဖြစ်လို့လဲ"

သူက ပြုံးစစဖြစ်သွားပါ၏။ မပြောချင်ပါဘူး။ ခုထိ ဘာမှ မရေရာသေးပါဘဲ စိတ်ထဲရှိသမျှ ပြောရရင် မကောင်းဘဲဖြစ်တော့မှာ ပေါ့။ အဲဒီလောက်ထိအောင် သူ့မအပေါ်မှာ အလေးအနက်ထားမိတာ ကို သူကိုယ်တိုင်သာ သိနေတာပါလေ။

"မပြောဘူးလား"

"No"





"စန်းကို မတိုင်ပင်ဘဲ ချစ်သူရှာလို့မရဘူးနော်။ ဟုတ်နေလို့ ကတော့ အန်တီအမရာနဲ့ အတိုင်ပဲ"

ဟိုက် ... စိတ်ထဲ ဘာဖြစ်နေတယ်ဆိုတာ တွေးရုံပဲရှိသေး ဤကလေးမ ကြိုပြောနေပါရောလား။ စိတ်ချ နှင်းပွင့်ဖြူဖြူရေ။ ကိုယ်က မိဘမသိအောင်ဘာမှမလုပ်တတ်တဲ့ အချစ်မျိုးကြိုက်ကျောင်းသား လေးမို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

Bathroom ထဲမှ သူထွက်လာပြီး ဗီရိုဖွင့်ကာ အင်္ကျီရှာနေစဉ် မေမေက သူ့အခန်းထဲ ဝင်လာလေ၏။ လျှော်ဖွပ်မီးပူတိုက်ပြီး သားအဝတ်တွေ တစ်ထပ်ကြီးပိုက်လာတာပါလေ။ ဖေဖေနှင့်သူ့အဝတ်တွေကို ခုချိန်ထိ မေမေ ကိုယ်တိုင် လျှော်ပေးနေတုန်းပါပဲ။ အဝတ်လျှော်စက်ဖြင့်လျှော်တာမဟုတ်ရပါ။ ပုဆိုးသပ်သပ်၊ အင်္ကျီအရောင်သပ်သပ်၊ အဖြူသပ်သပ် တစ်ဇလုံစီ ဆပ်ပြာမှုန့် (သို့) cream ဖြင့် စိမ်ထားကာ ကျကျနန ဖွတ်လျှော်ပေးသည့် မေမေပါ။

အဖြူသာ အမြဲလိုလို ဝတ်တတ်သည့်သူ့ကို ကိုဖိုးသန့်ဟု



မကြာခဏ ခေါ်လေ့ရှိသလို သူ့အင်္ကျီဖြူတွေလျှော်တိုင်း မဲနယ်ပြာပြာလေး စွတ်ပေးလေ့ရှိတာပင်။ ထို့ကြောင့် သူ့အဝတ်အစားတို့ဟာ အရမ်းကြီးဖြူပြီး ညစ်နေတာမျိုး မဖြစ်ဘဲ အပြာဖျော့ဖျော့လေးလွှင်ပြီး ကြည့်ကောင်းနေတာပါလေ။ အပြာရောင်ဆိုတာ မျက်စိအေးသည့် အရောင်ပင် မဟုတ်ပါလား။

"ဘာရှာနေသလဲ သား"

"ဝတ်ဖို့လေ မေမေရဲ့"

"အပြင်ထွက်ဦးမလို့လား"

"မထွက်ပါဘူး"

"ဒါဆိုလည်း ဘာရောင်ဖြစ်ဖြစ် ယူဝတ်ပေါ့။ တကတဲမှပဲ ... အိမ်နေလည်း အဖြူပဲရွေးဝတ်ချင်နေပြန်ပြီလား"

"မေမေကလည်းလေ"

ဒီလောက်ပြောနေတာတောင် သူ့လက်က T-shirt လက်တိုအရောက်ကာ ယူဝတ်လိုက်မိပါ၏။ မေမေ့ထံမှ မျက်စောင်းတစ်ချက်ရောက်လာပြီး အိမ်နေရင်းဝတ်သည့် ချည်သားပုဆိုးအထပ်မှ တစ်ထည်ကို ဆွဲထုတ်ဝတ်လိုက်ပါသည်။ မေမေက သူ့အဝတ်တွေကို နေရာတကျ သိမ်းပေးနေလေပြီ။

"ဟာ ... စောစောက ဒီမှာတင်ထားတဲ့စာရွက် ဘယ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားလဲ''

''စက္ကူစုတ်မို့ မေမေ လွှင့်ပစ်လိုက်ပြီ၊ ဘာလုပ်မလို့လဲ''

''သွားပါပြီဗျာ၊ အဲဒါ ကျွန်တော် မနည်းကြီးရှာယားရတာ မေမေရ''

''သားနော် . . . မဟုတ်တာလုပ်မယ်မကြံနဲ့၊ လောင်းကစား လုပ်တာမျိုး မေမေ မကြိုက်ဘူး''

''လောင်းကစား''

''အေးလေ''

သူ ပထမ သဘောမပေါက်ပါလေ။ မေမေ ဘာကိုမှ ဆိုလိုတာပါလိမ့်။ ပြီးမှ ဂဏန်းသုံးလုံးသာပါသည့် စာရွက်ကို သတိ ကာ သူရယ်မိလေတော့၏။ ဒီနေ့ကဖြင့် သူ့အတွက် စိတ်ချမ်းသာ သည့်နေ့တစ်နေ့ပါပဲလား။ သူမ လက်ရေးနှင့်ရေးထားသည့်စာရွက် အိမ်ရောက်မှပဲ ပျောက်ရတယ်လို့။ ဖြစ်ရလေ မင်းအကြွရာရယ်

''လောင်းကစားမလုပ်ပါဘူး မေမေရယ်''

''ဒါဖြင့် အဲဒါက ဘာတုံး''

''သူများပေးတာပါ''

''ပြောတော့ မဟုတ်ဘူးဆို''

''ဩော် . . . ဂျာအေး သူ့အမေရိုက်ဖြစ်တော့မှာ





ကျွန်တော့်ကို ဖုန်းနံပါတ် ရေးပေးခဲ့တာပါဗျာ''

''ဟဲ့ . . . ယုံအောင်လည်းပြောပါ ကိုဖိုးသန့်ရယ်။ အိမ်ဖုန်း ဆို (၀၁) နဲ့ ဂဏန်း (၆) လုံးပါ။ Handphone ဆိုရင်လည်း''

''ဟာ . . . ဟုတ်ပြီ ဟုတ်ပြီ၊ အဲဒါပဲဖြစ်မယ်၊ ရှေ့က ၀၉''

သူက စားပွဲပေါ်ရှိ Handphone ကို ယူကာ နံပါတ်ကို တစ်ခုပြီးတစ်ခု နှိပ်လိုက်ပါ၏။ (၅၂) နဲ့စတာမို့ Handphone မှန်း သေချာနေပြီမဟုတ်ပါလား။ နေပါဦး၊ အားလုံးပေါင်းက ဂဏန်း (၉) လုံး မဟုတ်ပါလား။ လောလောဆယ် (၅) လုံးရနေပြီမို့ နောက် ဆပ် (၄) လုံးကို ထပ်စဉ်းစားရမှာလေ။

ဘာ clue များပေးလိုက်တာပါလိမ့်၊ အတော် ဉာဏ်ထက်တဲ့ အမျိုးသမီးမို့ သူ့ကို ဒီလိုမျိုး ပဟေဠိဝှက်ခဲ့တာမဟုတ်ပါလား။ စဉ်းစား မိ မင်းအကြွရာ။ သူမနှင့်သူ့အတွက် ရှေ့ဆက်လျှောက်လှမ်းရမည့် ခရီးက ဘယ်လမ်းဖြစ်မှာလဲ။ ရွေးလက်တွဲမယ့် နေ့သစ်နံပါတ်ကဖြင့်–

''ဟော''

သူက အောက်နှုတ်ခမ်းကို သွားဖြင့် ကိုက်လိုက်ကာ (၁၅၀၀) နံပါတ်စဉ်ကို ထပ်ဖြည့်နှိပ်လျက် call ဖြင့် ခေါ်လိုက်ပါ၏။ တူတူ ဖြင့် phone call သံမြည်နေစဉ် နှလုံးသားဆီမှ တဒုတ်ဒုတ်မြည်သံ က ထပ်တူထပ်မျှ ကျယ်လောင်လာတော့တာပါလေ။ ဘုရားတွေ



www.burmeseclassic.com

www.burmeseclassic.com



သိကြားတွေ အကုန်လုံးသာ မ,ပေးကြပါတော့။

"ဟုတ်ကဲ့ ... ပြောပါ လင်းလက်စန္ဒာပါ ရှင်"

"အား ... ဝမ်းသာလိုက်တာ မေမေရာ။ မေမေပြောလိုက်လို့ စဉ်းစားလိုက်တာနဲ့ ကွက်တိပဲဖြစ်သွားပြီ။ ကျေးဇူးပါ မေမေ ရှင်"

"ဟဲ့ ... ကလေးကလားနဲ့ ဒီကောင်လေးကတော့လေ"

သူက ဝမ်းသာအားရဖြင့် မေမေ့ကို သိမ်းကြုံးဖက်လျက် ပါးကို ရွှတ်ခနဲ နမ်းရှိုက်လိုက်မိလေ၏။ ရင်ထဲမှာ လှိုင်းလုံးကြီးတွေ လာရိုက်လိုက်သည့်နှယ် ဝုန်းဒိုင်းကျဲကုန်တော့တာပါလေ။ မင်းအကြွေ တို့ ကံဇာတာက ဒီလို ဒီလို အိုကေနေတာ မဟုတ်ပါလား။

"ဘယ်သူလဲ"

"နောက်မှ နောက်မှပြောပြမယ် မေမေ"

"ဟယ်လို"

"ဟယ်လို ကျွန်တော်ပါ"

"ဘယ်က ကျွန်တော်လဲ"

"အဟင်း ... heart cafe က မင်းအကြွေရာပါ ခင်ဗျာ"

"ကြည့်စမ်း ... တစ်ရက်တည်းနဲ့ နံပါတ်ကို မှန်းနိုင်သလား"

"တော်တယ် မဟုတ်လား"





"တော်ပါပေတယ်ရှင်"

"အဲ"

"ဘာဖြစ်လို့လဲဟင်"

"ဒီမှာလေ ကျွန်တော့်နားရွက်ကို မေမေ လိမ်ဆွဲသွားလို့"

"ခုထိ အရိုက်ခံနေရတုန်းပဲလား"

"အဲဒီလောက် ကျွန်တော် မဆိုးပါဘူးဗျာ"

သူမ တီးတိုးရယ်လိုက်လေ၏။ ဘယ်လိုလဲ၊ သူက အပြောကောင်းတဲ့လူမှ မဟုတ်တာလေ။ ဒါကိုတောင်မှ သူမ သဘောကျပုံ့ မလား။ အကြောင်းရှာပြီး ဖုန်းဆက်တာကို သိပါလျက် ရယ်မောကာ စကားပြောနေတာမို့ အခြေအနေက အိုကေနေပြီ ထင်ပါရဲ့။ တော်သေး တာပေါ့နော်။ သူ ဆုတောင်းတာ ပြည့်ခဲ့တယ် ထင်ပါ၏။

"မဆိုးဘူးလို့ပြောရအောင် လိမ္မာတယ်ပေါ့လေ"

"ဒါပေါ့ ... ဒီအရွယ်အထိ မိဘစကားကို နားထောင်တဲ့ သားမျိုး ရှာကြည့်လိုက်ပါ"

"အံမယ် ... အာမခံတယ်ပေါ့"

"ရဲရဲကြီးပါဗျာ"

"ဟယ် ... တကယ်ပါပဲ"

"မယုံဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ကိုယ့်ကိုယ်ကိုယ်တောင် မယုံတာကို မင်းအကွာရာ ရဲ့သူစိမ်းတွေကို လွယ်လွယ်နဲ့ ဘယ်ယုံရဲပါ့မလဲ၊ သိတယ်မဟုတ် လား"

သူ ပြုံးလိုက်မိပါ၏။ ဘယ်သူမဆို ကိုယ့်ကိုယ်ကိုယ် ယုံကြ တာပါလေ။ ဒါကိုတောင်မှ သူမက ကိုယ့်ကိုယကိုယ်မယုံဘူးတဲ့ မှန်ပါတယ်။ လူဆိုတာ ကိုယ့်စိတ်နဲ့ကိုယ် မတွဲတတ်သလို ဒေါသထွက် ကြတာ မဟုတ်ပါလား။ အမှန်တရားကို လက်ကိုင်ထားတတ်သည့် အမျိုးသမီးပါပဲ။

ဝါသနာလည်းတူကြသလို စိတ်ပါတူနေတာမို့ တအံ့တသြ ဖြစ်ရသလို ရင်ထဲမှာ ကြည်နူးနေမိတာ အမှန်ပါပဲ။ ဘဝတစ်သက်တာ မှာ ဒီလိုမျိုး ထူးခြားသည့်ရင်ခုန်သံက တစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးခဲ့ တာလေ။ အချစ်ဆိုတာ ရင်ခုန်စိတ်လှုပ်ရှားခြင်းမျိုးပဲလား။ သူမသိပါ လေ။ ရင်ခုန်တမ်းကစားလေ့ရှိသည့် နန္ဒဆိုရင်တော့ ကျွမ်းကျင်တဲ့ ဘာသာရပ်တစ်ခုပင် မဟုတ်ပါလား။

"ကျွန်တော်က ပုံမပြောတတ်ပါဘူးဗျာ"

"ဟင်း ဟင်း . . . မြင်ရုံနဲ့ သိပါတယ်ရှင်"

အလို အမြင်နဲ့ ဝေဖန်ပိုင်းခြားနိုင်စွမ်းလည်းရှိပါလား။ ပညာ လည်း တတ်သလို ယဉ်ကျေးပျူငှာစွာ စကားပြောတတ်တာလည်း





သူအသိပါပဲ။ မင်းအကွာရာ၊ လင်းလက်စန္ဒာဟူသည့် မိန်းကလေးနှင့် တွေ့ဖြစ်မှပဲ ဦးနှောက်ထဲမှာ Plus တွေအပြည့်နဲ့ အမှန်တွေချည်း တွက်ပေးနေမိပါရောလားနော်။

မျက်နှာလိုက်သည်ပဲဆိုဆို ကိုယ့်စိတ်ထဲနှစ်သက်ပြီး မေတ္တာ သက်ဝင်မိသည့် လူကို အကောင်းချည်း မြင်တတ်တာ သဘာဝပဲ ထင်ပါရဲ့။ နန္ဒကတော့ သူ့ကို လောင်လိုက်မယ့်ဖြစ်ခြင်း။ ကိစ္စမရှိပါ လေ။ မင်းအကွာရာ၏ သမိုင်းကို မင်းအကွာရာသာ ရေးထိုးခွင့်အပြည့် ရှိနေတာပါလေ။

"ဆိုင်ကို နောက်ထပ်လာဦးမှာ မဟုတ်လားဟင်"

"လမ်းကြုံရင်တော့ ဖြစ်နိုင်ပါတယ်"

"စကားအေးအေးဆေးဆေးပြောချင်သေးလို့ပါ"

"ဩော် . . . အလုပ်အားကြတာကိုး"

"စိကဘာအလုပ်လုပ်လို့လဲဟင်။ Sorry ကျွန်တော်ရိုင်း သွားသလား။ သိပ်ကြီးမရင်းနှီးသေးဘဲနဲ့ သုံးလိုက်မိလို့"

"ရပါတယ် . . . ရှယ်တူတွေပဲ၊ ကျွန်မလည်း ခရာလို့ ခေါ်ရင် ရတယ်မဟုတ်လား"

"အား . . . တစ်မျိုးကြီးပဲ"

"ဟင်း ဟင်း . . . ဒါဖြင့် ဘယ်လိုသုံးရမှာလဲ။ ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် . . . စံ ကြိုက်သလို ခေါ်ပါဗျာ"

ဒါပဲလား။ အပေးအယူက အိုကေမှာ စိုပြည်နေသလိုပါပဲ နှစ်ဦးသား ပြောစကားကိုက စိမ်းသက်မနေပါဘဲ တရင်းတနှီးမျိုး ပါလေ၊ ဘယ်ဘဝက ရေစက်ကြောင့်များ အခုလို အဆင်ပြေနေတာ ပါလိမ့်။ မေမေတို့ကို ဖွင့်ပြောတိုင်ပင်ရတော့မှာပါလေ။

"ကျွန်တော်မေးတာ မဖြေသေးဘူးနော်"

"ဖြည်းဖြည်းပေါ့ ခရာရယ်။ သိချင်ရင် မိဘတွေကို မေး ကြည့်ပေါ့"

"ဗျာ . . . ဘယ်လို'

"ဒါတော့ အမှတ်နုတ်ချင်ပြီ သိလား။ ရှင့်နာမည်ကို ကျွန် သိနေတာတောင်မှ နည်းနည်းလေးတောင် မရိပ်မိရတယ်လို့"

"ဟင်"

"ဒါဆို . . . ဒါပဲနော်။ ကျွန်မ အလုပ်ဆက်လုပ်ရဦးမယ်"

သူ ပြန်မနှုတ်ဆက်ရသေးခင် ဖုန်းက ပိတ်သွားလေရဲ့ ဟူသည့် နာမည်ဖြင့် ဖုန်းနံပါတ်ကို ဖုန်းထဲထည့်ရင်း အောက်ထပ် အပြေးဆင်းခဲ့ရပါသည်။ ဘယ်ကနေဘယ်လို စပြောရမှာပါလဲ မေမေက ညစာစားဖို့ ပြင်နေသဖြင့် ဖေဖေရှိရာ ဧည့်ခန်းဆီ ဆော့ လိုက်ရလေ၏။





"ဖေဖေ"

"ပြော"

"ဟိုလေ"

"စောစောက ကောင်မလေးတစ်ယောက်နဲ့ ဖုန်းပြောနေ ဘယ်သိုဆို"

"အဲ"

"မဟုတ်မဟပ်တွေနဲ့တော့ ကြိုက်ဖို့ စိတ်မကူးလေနဲ့ မင်း အကွရာ။ ဖေဖေတို့ သဘောတူမှာမဟုတ်ဘူး"

"ဖေဖေကလည်းဗျာ၊ ပြောမယ့်စကားတောင် ဘယ်ပျောက် သွားမှန်း မသိဘူး"

"ဟိုသားအဖတွေ အဆင်သင့်ဖြစ်ပြီ လာကြတော့"

ဖေဖေက သတင်းစာဖတ်နေတာကိုရပ်ကာ အတွင်းဘက် ဝင်လာတာမို့ သူပါလိုက်ခဲ့ရလေ၏။ မျက်မှောင်ကျုံ့ပြကာ သူ့လက်ထဲ မှ ဖုန်းကို မေးဆတ်ပြလေမှ show case ပေါ် handset ကို တင် ခဲ့ရပါသည်။ ထမင်းစားနေစဉ် မည်သည့်ဖုန်းကိုမှ ထမကိုင်ရန် အိမ်မှာ ညည်းကမ်းထုတ်ထားတာမို့ပါပဲ။

"ဘယ်နှနာရီလောက် ဖုန်းပြောနေတာလဲ။ တော်တော်ကြာ ကြူလိုက်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဟင်း ... မဟုတ်ပါဘူး"

"မငြင်းပါနဲ့ သားရယ်။ မျက်နှာမှာ ဒီလောက်ပြုံးဖြီးနေတာ အသိသာကြီး"

သူ့မျက်နှာ ရဲခနဲဖြစ်သွားရပါ၏။ ဒီအရွယ်မှာမှ ဒီကိစ္စနဲ့ အရှက်ရရတယ်လို့။ လူသိလို့မှ မသင့်တော်ပါလေ။ ဖေဖေက ပိုစိတ်ဝင်စားပုံဖြင့် သူ့ကိုကြည့်လိုက်လေသည်။ ကဲ မပြောလို့ကတော့ မဖြစ်တော့ပါချေ။ အမူက ပိုကြီးတော့မှာကိုး။

"စံကပြောတယ် ဖေဖေတို့ကိုမေးကြည့်ပါတဲ့"

"ဘယ်ကစံလဲ"

"ကျွန်တော်မသိအောင် ဖေဖေတို့ ဘာများလုပ်ထားလဲလို့ မေးတာပါ"

"ဟော့ကောင် ... ပြောချင်ရာစွတ်ပြောမနေနဲ့။ ဖအေအေ တာကို အရင်ဖြေ"

"ကျွန်တော်နဲ့ ဖုန်းပြောတဲ့ လင်းလက်စန္ဒာကိုပြောတာ ဖေဖေ"

"အံမယ် ... စံတွေ ဘာတွေတောင် ဖြစ်ကုန်ပြီလား"

"အဲဒါ သားနဲ့ Engage လုပ်ပေးမယ်ဆိုတဲ့ ကလေးလေ"

"ဗျာ"





သူ့နားထဲ ဒုန်းခနဲ မြည်သွားသလို ရင်ထဲမှာလည်း တဒုတ်ဒုတ်ဖြင့် ရင်ခုန်သံက အကျယ်ကြီးပါပဲ။ စံ ကျွန်တော့်ကို ကြိုသိနေရတာ ဒါကြောင့်တဲ့လား။ အံ့သြပါ့ မင်းအကွာရာရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ကားကို စနိုးတို့ခြံထဲသို့ မောင်းဝင်လိုက်ပါ၏။ ဒီလိုမွေး
ပါတီတွေ သိပ်မသွားဖြစ်ပေမယ့် ကိုယ့်ညီမလေးမို့ မလွှဲသာ မရှော
သာသာခဲ့ရတာပါ။ ခြံထဲမှာပင် မီးဖိုတွေ ခုံတွေချထားကာ ကလေးငေ
တစ်ပြုံကြီးရှိနေကြလေသည်။ ညနေစောင်းတောင် လူတော်တော
စုံနေကြပြီပဲ။

"မမကြီးလာပြီ မာမီ"

မျက်စိကျိန်းစရာ ဝတ်ဆင်ထားပါသည့် ကောင်မလေး
တိုက်ထဲသို့ လှည့်အော်ရင်း ကျွန်မကားရပ်ရာဆီ အပြေးရောက်
လေ၏။ ကိုယ့်မျက်စိထဲမှာတော့ ကလေးလို့မြင်ပေမယ့် သူစိမ်းအ





မှာ မသင့်တော်သည့် အဝတ်မျိုးမဝတ်စေရန် ဤချာတိတ်မကို ပြောရ
ဦးမှာပါလား။ ဒီနေ့တော့ မွေးနေ့မို့ ရှိပါစေတော့လေ။

"ကြီးမေရော မပါဘူးလား"

"ကလေးပွဲမို့ မလိုက်ဘူးတဲ့ရှင်"

"သမီးတစ်ယောက်တည်းလား"

"ဟုတ်ကဲ့ အန်တီလေး။ စံ အကြာကြီး မနေပါဘူး"

"အာ . . . မမကလည်း ဒီညီမလေးမွေးနေ့ကို ဒီနှစ်မှ လာ
တဲ့ဟာ"

"ကြာကြာနေရင် မျက်စိနောက်လို့ ပြောမိမှာစိုးလို့ရှင့်။ ဒီ
လောက် ဒူးဖုံးအောင်ဝတ်ပါ သေချာမှာထားလျက်နဲ့"

"မမကလည်း တစ်ခါတလေလေးပါ"

"ဘာတစ်ခါတလေလဲ။ ငါမပြောလိုက်ချင်ဘူး"

မျက်စောင်းခဲလိုက်ပေမယ့် စနိုးက စိတ်ဆိုးပုံမပြဘဲ ကျွန်မ
လက်မောင်းကိုပင်တွဲခိုလိုက်သေးတာလေ။ ကလေးမို့ ပြောမနာ
ဆိုမနာ နေတတ်တော့လည်းခက်သားလား။ အိမ်ထဲဝင်မလို့ ပြင်နေစဉ်
အန်တီလေးထွက်လာတာမို့ အိမ်အပြင်မှာပင် ရပ်စကားပြောဖြစ်တော့
သာပင်။ စနိုးက ကျွန်မကို ဟိုကြည့်ဒီကြည့်နေတာမို့ ပြုံးလိုက်မိပါ၏။
မွေးနေ့လက်ဆောင်ရှာနေတာပဲ ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ လက်ဆောင်"

"မပါဘူး"

"ဟင် ... မမကလည်း ကပ်စေးနဲလိုက်တာ။ မဖော်တောင် မလာနိုင်တာမှ စနိုးဖို့လက်ဆောင် ကြိုပို့ထားသေးတာ။ ဂါဝန်လှလှ လေး မိုက်မှ ရေလည်မိုက်ပဲ"

"ဖော်က ဘယ်သွားနေလို့လဲ"

"ပြင်ဦးလွင်မှာ ကျော်ငြာသွားရိုက်နေတယ်"

"ငါ့မျက်စိနဲ့ဝယ်လာရင် ရှင်လေးက မကြိုက်ဘူးဖြစ်ဦးမယ် လေ။ ဒါကြောင့် မဝယ်လာတာ"

"ဒါဆို ဘာပေးမှာလဲ"

"Bank Acoount ထဲပဲ ငွေထည့်ပေးမယ်"

"How much"

"တစ်သိန်းပေါ့"

"ကြီးမေတို့ကရော ဘယ်လောက်ပေးမှာလဲ"

"ငါ့ဆီကရရင် တော်ရောပေါ့။ စေတနာပျက်အောင် မလု နဲ့။ ငွေက အလကားမရဘူး။ ရှာရခက်တယ်ဟဲ့"

"အပျိုကြီးကတော့လေ"

"ဘာအပျိုကြီးလဲ။ ငါထုလိုက်ရ"





"မမဘဲကြီးဆိုရင်တော့ စေတနာပရွှနဲ့ ဝယ်ပေးမှာမဟုတ် လား"

"ဘဲကြီးရော မန်ဒါလီပါ စည်းကမ်းနဲ့ပဲရမယ်။ မလိုအပ်ဘဲ ကျူပ်က အပိုမသုံးတတ်ဘူး၊ သဘောပေါက်"

"ဟယ် ... မမရည်းစားရနေပြီလား"

"ဟဲ့"

"အဲ"

ကျွန်မက လက်မြန်သူပီပီ စနိုးလက်မောင်းကို ဆတ်ခနဲ ရိုက်လိုက်မိပါ၏။ လက်ပြတ် Mini skirt ဝတ်ထားတာမို့ အသားပင် နဲသွားတာပါ။ မွေးနေ့ရှင်ကို မွေးနေ့လက်ဆောင်က ရိုက်ချက်ဖြစ်သွား ရပါလား။ လူကြီးရှေ့ ပြောချလိုက်တာမို့ ဟန့်လိုက်တာပဲ ဖြစ်ပါ၏။ စနိုးက မျက်နှာလေးပင် ရှုံ့သွားလေသည်။

"နာလိုက်တာ မမရာ။ ဒါလေးပြောတာကို"

"လူရှေ့ သူရှေ့ ပြောရလား"

"သမီးဆာရင် စားနှင့်လိုက်လေ၊ လာ"

"ဘာကျွေးမှာလဲ"

"ကြာဆံချက်တော့ ချက်ထားတာပဲ။ ကလေးတွေကတော့ Barbecue လုပ်စားကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အကင်တွေ သိပ်မစားနဲ့လေ။ Cancer ဖြစ်တတ်တယ်။ Beer တွေ ဘာတွေ သောက်ကြမှာလား"

"Wine အပျော့စားပဲ သောက်မှာပါ မမရ"

"Wine လည်း အရက်စာရင်းထဲပါတဲ့ဟာပဲဟာ။ ငါးပါး သီလကို မလုံချင်ဘူး"

"မမနော်"

"သွားပါ . . . သူငယ်ချင်းတွေကို ညှိခံချေ။ ငါက ညှိသည် မဟုတ်ဘူး"

တမင်ပင်သွားခိုင်းနေတာမို့ စနိုးက နှာခေါင်းရှုံ့ပြကာ ခြံ ဆင်းသွားလေတော့၏။ ကျွန်မက အန်တီလေးနှင့် ထမင်းစားခန်းဆီ သာ ဆက်လိုက်ခဲ့ပါသည်။ လူကြီးက လူကြီးတွေနှင့်သာ စကားပြော ကောင်းတာပါလေ။ ထမင်းစားခန်းမှာ ဘယ်သူမှ မရှိကြပါချေ။

"လေးလေးရော"

"မရှိဘူး၊ သူ့မိတ်ဆွေတွေနဲ့ ဘယ်မှာဆိုလဲပဲ သွားတွေ့နေ ရဲ့။ ဒီမှာ နားညည်းလို့ ရှောင်သွားတာလေ"

"လေးလေး မျက်စိသွားစစ်ဖြစ်ရဲ့လား။ စံလည်း မျက်စိ သွားပြန်စစ်ရဦးမယ်။ Power ထပ်တိုးပြန်ပြီလားမသိဘူး။ ဖက်ကြော တွေ တက်တက်နေလို့"





"သမီးလေးလေးက ကျွန်ခဲ့တဲ့ (၆) လကပဲ မျက်မှန်အသစ် လုပ်ထားပြီးပြီလေ။ သမီးက စာအမြဲကြည့်နေရလို့ Power ခဏခဏ တက်တာဖြစ်မယ်။ မျက်စိအားတိုးဆေးလေး ဘာလေးစွဲသောက် ပေါ့"

"ဟုတ်တယ် . . . စံ ဒေါက်တာနဲ့ ပြန်တိုင်ပင်မှာပါ"

"ဒေါက်တာနေမျိုးနိုင်တောင် သွေးခဏခဏတိုးလို့တဲ့"

"ဘယ်လိုဖြစ်ရတာလဲ"

"အစားမဆင်ခြင်လို့ပဲ ဖြစ်မှာပေါ့။ သူရော သမီးလေးလေးပါ အဆီအဆိမ့် ကြိုက်ပါဘိသနဲ့"

"ဟုတ်ပါရဲ့"

အန်တီလေးက ကိုယ်တိုင် ကြာဖံချက်ထည့်ပြီး ကျွန်မကို ပြင်ကျွေးပါ၏။ အသားသိပ်မကြိုက်မှန်းသိတာမို့ ပန်းကန်လုံးထဲမှာ ငုံးဥလေးတွေက တော်တော်များများ ပါနေပါသည်။ သိပ်မငန်ဘဲ အရသာက အတော်ပဲမို့ နံနံပင်သာဖြူးပြီး အချဉ်တွေ အစပ်တွေ ရောမထည့်ဘဲ ခပ်ဖြည်းဖြည်းမှုတ်ကာ သောက်စဉ် သူ့ကိုသတိရမိ သွားပါသည်။ ဆိုင်မှာ ကော်ဖီသောက်စဉ် ပူမှာကို စိုးရိမ်ပြီးတားမြစ် ခဲ့တာ မဟုတ်ပါလား။

"အိမ်ထောင်ပြုဖို့အခြေအနေ ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စံ စဉ်းစားနေပါတယ်"

"ကောင်လေးနဲ့ရော တွေ့ပြီးပြီလား"

"ဟုတ်ကဲ့"

"ဘယ်လိုသဘောရလဲ သမီး"

"မဆိုးပါဘူး၊ အဆင်ပြေပါတယ်။ စံနဲ့ သက်တူရွယ်တူ ဝါသနာလည်း တူတယ်လေ"

"အင်း ... သမီးအတွက်က စိတ်ချရပါတယ်၊ အိမ်ကစနိုး ဖြင့် ဟိုဘက်ခြံက ကောင်လေးကို စိတ်ဝင်စားနေပုံပဲ။ ဖျတ်ဖျတ် ပြောမနိုင်လို့သာ ကြည့်နေရတာ"

"ငယ်လို့လား"

"မငယ်ဘူး ထင်တယ်၊ သမီးနဲ့ရွယ်တူလောက်ပဲ။ ပြော ... မေ့တော့မလို့၊ မအမရာနဲ့ သမီးမေမေလည်း သိကြတယ်လေ"

"အမရာ"

ကျွန်မနှုတ်မှ တီးတိုးရေရွတ်လိုက်မိပါ၏။ ဒီလိုနာမည်မျိုး ဆင်တူတတ်တာမှ မရှိတာလေ၊ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားမိပေမဲ့ စဉ်းစားရတာက အပြည့်ပါပဲ၊ သူ့မိဘတွေရဲ့နာမည်ကို ကျွန်မ ကောင်း ကောင်းကြီးသိထားတာ မဟုတ်လား။

"စနိုးက တကယ်ချစ်နေတာများလား"





"မပြောတတ်ပါဘူး သမီးရယ်၊ ဟိုဘက်ကတော့ ညီမလေး လို သဘောထားပုံမျိုးပါ။ မြင်ရုံနဲ့ သိသာနိုင်တယ်လေ"

"ဪ"

စိတ်ထဲ စနိုးစနောင့်ဖြစ်မိသွားရတာတော့ အမှန်ပင်၊ ဘယ်လို ပဲ ကျွန်မတို့ကို မိဘတွေပေးစားကြပါစေ၊ သူရော ကျွန်မပါ သဘော မမှုရင် ဒီအစီအစဉ်က အချိန်မရွေးပျက်နိုင်တာ မဟုတ်ပါလား။ ကျွန်မ တို့ ဒီထက်ပိုရင်းနှီးမယ်ဆိုရင် ရိုးသားပွင့်လင်းမှုတော့ လိုပါလိမ့်မယ် လေ။

လက်မှနာရီကို တစ်ချက်ကြည့်လိုက်စဉ် နာရီဝက်ကျော်ကျော် အချိန်ဖြုန်းမိနေလေပြီ၊ ပြန်သင့်ပြီထင်ပါ၏။ သိပ်ညဉ့်နက်လျှင် မျက်စိ မကောင်းသည့်လူအတွက် ကားမောင်းရအဆင်မပြေဖြစ်နိုင်သည်လေ။

"ပြန်ချင်ပြီလား"

"ပြန်မယ် အန်တီလေးရဲ့၊ စံ Thesis လုပ်နေတာ ဒီညအပြီး သပ်ရမှာ"

"ဟိုကို ဘယ်ရက်နေ့ပြန်ထွက်ရမှာလဲ"

"နောက်လရက် (၂၀) ကျော်ပါ"

"ပြန်မထွက်ခင် Engage လုပ်ဖြစ်မှ ကောင်းလိမ့်မယ် ထင်တယ် သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . မေမေတို့နဲ့ တိုင်ပင်ပြီးတော့ ပြောပါ့မယ် အန်တီ လေး"

"အေးအေး"

ပါးစပ်ကို ပလုပ်ကျင်းကာ ရေချိုးတစ်ခွက်သောက်ပြီး ထွက်ခဲ့ပါ၏။ စနိုးတို့အုပ်စုကဖြင့် သီချင်းခပ်အုပ်အုပ်ဖွင့်ကာ ကနေပြီ။ Birthday Party က အရှိန်စရနေပြီ ထင်ပါရဲ့။ လှမ်းနှုတ်ဆက်ရန် ပြင်ပြီးမှ လက်လျှော့လိုက်ပါ၏။ ကလေးတွေ ပျော်ကြပါစေ။

"စံ သွားပြီ အန်တီလေး"

အန်တီလေးကို နှုတ်ဆက်ကာ ကားစက်ကိုနှိုးလိုက်ပြီး back ဆုတ်လျက် ကားထုတ်လိုက်စဉ် ခြံထဲသို့ လူတစ်ယောက် ခပ်မှန်မှန် လျှောက်လာလေ၏။ ကျွန်မကားကို ခဏရပ်ကာ နောက်ကြည့်မှန်ထဲမှ သေချာစူးစိုက်ကြည့်လိုက်မိပါသည်။ ဒီ Fashion ၊ ဒီ style နဲ့ အပြုံးပိုင်ရှင်က သူမ၏ ခရာအစစ်အမှန်ပါပဲ။

"ဟာ . . . ကိုကို လာတယ်ဟေ့"

ဝမ်းသာအားရဖြင့် ပြေးဖက်လိုက်သည်က ကျွန်မ၏ညီမ သူ နှင်းပွင့်ဖြူဖြူပါလေ။ လက်မောင်းကို အားပါးတရ တွယ်လျက် ခိုလိုက်ပေမယ့် သူက မရုန်းဖယ်ပါ။ လက်ထဲပါလာသည့် လက်ဆောင်ဘူးလေးကိုပေးတော့ စနိုးက သူ့ကို ခေါင်းလေးစောင်းကာ ပါး





ဆေးလိုက်လေ၏။ သူက လက်ကာလျက် ခေါင်းခါငြင်းဆန်လိုက်ပါသည်။ လူမှုဆက်ဆံရေးစည်းမျဉ်းဥပဒေတွေကို သူနားလည်လိမ့်မည် ထင်ပါ၏။

"ကိုကိုကလည်းကွာ Birthday Kiss ပဲကို"

"ဒါတော့ မဖြစ်ဘူးနော်၊ ကိုယ်က အဲဒါတွေ မကျွမ်းကျင်ဘူး"

"ဟွန်း . . . ကပ်စေးကနည်းပါ့။ ဩော် . . . ဟုတ်သားပဲ၊ မနဲ့ မိတ်ဆက်ပေးရဦးမှာပဲ။ မမက . . . ဟာ ပြန်တောင်ထွက်နေပြီ"

"မမ ဟုတ်လား"

ကျွန်မ ကားကိုဆက်ပြီး ဆုတ်လိုက်စဉ် သူ့အကြည့်တို့က ချတ်ခနဲ ရောက်လာလေ၏။ ကားထဲမှာ မီးခပ်မှိန်မှိန်သာ ထွန်းထားသမို့ ကျွန်မ မည်သူမည်ဝါမှန်း သေချာမသိလောက်ပါလေ။ သို့သော် သူမ ယူဆချက်မှားသွားမှန်း ထိုအခိုက်အတန့်မှာပင် သိလိုက်ရလေ၏။

ဤသည်ကတော့ . . . မြက်ခင်းစိမ်းပြင်ကို နင်းဖြတ်လျက် သူ အပြေးရောက်လာခြင်းပါပဲ။ ရှင့်မျက်စိအား ကောင်းသားပါပဲလား ရှင်။



www.burmeseclassic.com

www.burmeseclassic.com



"စံ ခဏလေး"

ကားဘေးကို နှစ်ချက်ခန့်ပုတ်ကာ တားနေပြီမို့ ကားကို ရပ်လိုက်ရပါ၏။ မြက်ခင်းပြင်မှာ ကျန်ရစ်ခဲ့ပါသည့်စနိုးက သူ့ကို တအံ့တသြဖြင့် ငေးကြည့်နေဆဲပါလေ။ မွေးနေ့ရှင်ညီမလေးကို ဝေဒနာတွေ မပေးမိပါစေနှင့်။ ကားမှန်ကိုချလိုက်ပြီး သူ့ကို ကျွန်မ တစ်ချက်ပြုံးပြ နှုတ်ဆက်လိုက်ပါ၏။

"စနိုးမွေးနေ့ပွဲလာတာ မဟုတ်လား။ သွားလိုက်လေ"

"စံ . . . စံနဲ့စနိုးက"

"စနိုးက ကျွန်မညီမလေးလေ။ ဘာဖြစ်လို့လဲ၊ အလုပ်ရှိ သေးလို့ ပြန်တော့မယ် ခရာ။ Party မှာ ပျော်ပါစေ"

"နေပါဦး . . . ကျွန်တော် ဖုန်းထပ်ဆက်ရမယ်၊ ပြောစရာ တွေ များသွားပြီ၊ ဆက်မယ်နော် စံ"

"သဘောပဲလေ၊ သွားပြီနော်"

ကားကို မြို့ပြင်ရောက်အောင် ထုတ်လိုက်ပြီးမှ မောင်းထွက် ခဲ့ရပါ၏။ မြင်ဖူးနေကျ Style Pants နှင့် uniform မျိုးဝတ်မထားပါ ဘဲ ဟိုတစ်ခါတုန်းကလို shirt အဖြူနှင့် ပုဆိုးဝတ်ထားသည့် သူ့ပုံ က အမြင်အေးစရာပါလေ။ စံတို့ကံက ဘာလို့ ဒီလိုမျိုး ဖန်လာရပါ သလဲ။





ခရာ၊ အမြင်ချင်းတူတယ်လို့ ယူဆပြီး ကျွန်မဘက်က [illegible]း‌စားဖို့ တွေးပေးခဲ့ရတာပါ။ သို့သော် ညီမဖြစ်သူနဲ့ ပြိုင်လုသလို [illegible]မှာကိုတော့ မလိုလားတာအမှန်ပါလေ။ ကျွန်မက အရှက် [illegible]ကြာက်ကြီးတာမျိုး မရှိပေမယ့် သိက္ခာတရားကိုတော့ အလေး [illegible]က်ထားတတ်တဲ့သူပါ ခရာ။ အားလျှော့ချင်လိုက်တာကွယ်။



www.burmeseclassic.com

www.burmeseclassic.com

Pride is a tricky, glorious, double edged feeling.


**(Adrienne Rich)**

မာန်မာနဟူသည် လှည့်ဖြားခြင်းနှင့်ကြီးကျယ်ခမ်းနားခြင်းနှစ်ခု၏အသွားနှစ်ဖက် ခံစားချက် ဖြစ်သည်။

**(အေဒရီးအင်းရစ်ချ်)**

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးတစ်ချက် ပင့်ပြပြီး ညှို့ငယ်ဆွဲယူနိုင်တဲ့ အကြည့်မျိုးနဲ့ လက်ဖျစ်လေးတစ်ချက် မြည်သံမှာ မင်းတို့လို ဖယ်လေးတွေက ငွေရေမှာ အလိုလို ကြွေကျလာတတ်တာပါ လင်းလက်စန္ဒာ။ မင်းက ဘာသားနဲ့ထုထားတဲ့ရုပ်တုမို့ ငါလိုလူကို ရင်မခုန် ရတာလဲ။ ဒီရင်ဘတ်ကြီးထဲမှာ အချစ်ဆိုပြီး ထ, ခုန်နေတဲ့ နှလုံးသားကို မင်းမို့ ဥပေက္ခာပြုနိုင်ရက် တယ်။ သွေးအေးပြီးရက်စက်တဲ့ မိန်းမတစ် ယောက်ကိုမှ ငါလိုလူက ချစ်မိရတယ်လို့။

(နေနန္ဒနိုင်)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ဆေးခန်းကြီးရှေ့ ကားပါကင်မှာ ကားကို နေရာဝင်ယူလျက် ရပ်လိုက်ပါ၏။ မနက်စောစောကတည်းက Booking ယူထားတာမို့ အချိန်ကိုက်ပြီးမှ လာခဲ့ရတာပင်။ တိုကင်နံပါတ်ကိုသိပြီးပြီမို့ သိပ် မစောင့်ချင်လို့ပါပဲ။ ကားပေါ်မှဆင်းကာ ဆေးခန်းထဲဝင်ခဲ့ပါ၏။ မျက်စိအထူးကုပါရဂူ အခန်းဘက်သို့ ခပ်မှန်မှန် လျှောက်လာခဲ့ပါသည်။

စာတမ်းလည်း အချောသပ်ပြီးပြီ။ လုပ်စရာကိစ္စတွေလည်း ပြတ်ပြီမို့ ဟိုမှာကျောင်းပြန်ဆက်တက်ရတော့မှာပါလေ။ ဒီမှာ ရာသီဥတု သမမျှတပေမယ့် ဟိုနိုင်ငံမှာက အရမ်းအေးသလို အချိန်အခါ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ မြန်းဒိုင်းကြီး မိုးလည်းရွာချတတ်လေ၏။ နဂိုကတည်း
မိဘတွေနှင့် သိပ်ပြီး ပူးပူးကပ်ကပ် မနေဖြစ်ဘဲ လူကြီးလို တစ်ကိုယ်
တည်းနေတတ်ကာ စာကိုသာ ကြိုးစားဖြစ်ခဲ့သည့်လူပါ။

နှစ်ရှည်လများ ဒီကခွဲနေရပေမယ့် ကျွန်မ သိပ်မလွမ်း
သတိရတဲ့အခါ အားလပ်ချိန်မျိုးမှာ Online ကတစ်ဆင့် အချိန်မ
ဆက်သွယ်စကားပြောနိုင်တာ မဟုတ်ပါလား။ ဒီတစ်ခါဖြင့် မသွား
သေးခင် ရင်ထဲမှာ အလိုလို နွမ်းလျပြီး လွမ်းဆွတ်နေရတာ
ကြောင့်များလဲ။

Silence လုပ်ထားပါသည့် ဖုန်းမှ vibration လှုပ်လာ
မို့ အိတ်ထဲမှ ဖုန်းကိုထုတ်ကြည့်လိုက်ပါ၏။ ဆေးခန်းထဲမှာမို့
မပြောချင်သဖြင့် ဘယ်သူခေါ်မှန်းသိအောင်ကြည့်ခြင်းပါပဲ။ ည
နာရီကျော် ခေါ်နေသည်က သူနာမည်နှင့် ဖုန်းနံပါတ်ပါလေ။

"မလင်းလက်စန္ဒာ"

"ရှိပါတယ်"

"ဝင်လို့ရပါပြီ မမ"

"ကျေးဇူး"

လိုက်ကာကိုဖယ်လျက် ဝင်လိုက်စဉ် မှတ်တမ်းရေးနေ
ဆရာဝန်ကြီးက ကျွန်မကို မော့ကြည့်ကာ ပြုံးပြလိုက်လေ၏။





စပြကာတည်းက ဒီပါရုဂ္ဂနှင့်ပဲမို့ (၆) လတစ်ကြိမ်လောက် အမြဲပြဖြစ်တာ
ပါလေ။

"မင်္ဂလာပါ ဆရာ"

"မင်္ဂလာပါ သမီး။ ဘာဖြစ်ပြန်ပြီလဲ"

"ဖက်ကြောတွေတက်နေတာ တစ်ပတ် (၁၀) ရက်လောက်
ရှိနေပြီ။ ဆေးသောက်လည်း မသက်သာတာနဲ့ လာပြရတာပါ"

"အိုကေလေ ... စစ်ကြည့်ရအောင်။ ကြည့်ရတာ power
ထပ်တိုးပြန်ပြီထင်တယ်"

ခုံမှာထိုင်ကာ မျက်စိစမ်းသပ်စက်ပေါ် မေးတင်လျက် နဖူး
ကပ်ကာ ထိုင်လိုက်ရပါ၏။ ဆရာဝန်ကြီးက သေချာစစ်ပြီး Nurse
မလေးက ဒီဘက်စက်ပေါ် ထပ်ပြီးထိုင်ခိုင်းတာမို့ ထိုင်ရပြန်လေသည်။
မျက်စိစမ်းသပ်တာက နှလုံးတို့ အရိုးအကြောဌာနလို သိပ်ကြီးမကြာပါ
လေ။

"ဒီတစ်ခါ အဝေးထပ်မှုန်သွားတာပါ။ သိပ်မများပါဘူး
သမီးရဲ့။ မျက်မှန်လဲရမယ်"

"အသစ်လုပ်လို့ ရမလားဆရာ"

"ရတယ်လေ၊ အခုကိုင်းကို မကြိုက်လို့လား"

"ဟုတ်ကဲ့၊ ပုံစံပြောင်းရင် ကောင်းမလားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



“ဖြစ်ပါတယ်။ ဒါနဲ့ သမီး ဘယ်တော့ ပြန်ထွက်မှာလဲ”

“နောက်လ ရက် (၂၀) ကျော်လောက်ဖြစ်မယ်ဆရာ”

“ကြိုးစားလိုက်တာနော်။ အပ်မကိုင်ရတဲ့ ဒေါက်တာတွဲ ရတော့မှာပေါ့”

ကျွန်မ ပြုံးရုံသာပြုံးလိုက်ပါ၏။ နည်းပြဆရာထူးနှင့် မတင်းတိမ် ဘဲ ပါမောက္ခအဆင့်ထိ ကြိုးစားရတာ အဘယ်မျှခက်ခဲလွန်း သနည်း။ ကိုယ်တိုင်အပ်ကိုင်ရသည့် ဆရာဝန်ဖြစ်ခွင့်မရခဲ့တာမှ ရလာ သည့် အခွင့်အလမ်းမှန်သမျှကို အမိအရ လှမ်းဆုပ်တတ်တာ ထင် လက်စန္ဒာ၏ အကျင့်ပင် မဟုတ်ပါလား။

“ရပြီသမီး။ လျှောက်လှမ်းနေတဲ့လမ်းမှာ အောင်မြင်ခြ နှုလာဘ်တွေ အပြည့်အဝ ရပါစေကွယ်”

“ကျေးဇူးအများကြီးတင်ပါတယ် ဆရာ။ ကျွန်မကို ခွင့်ပြု ဦး”

“ကောင်းပြီ”

ဆရာဝန်ကြီးကို ဦးညွှတ်ပြလျက် ဆေးကုခန်းထဲမှ လိုက်ပါ၏။ မျက်မှန်ကောင်တာမှာ ဆေးမှတ်တမ်းစာအုပ်ပြန်ယူ မျက်မှန်အသစ်ထပ်လုပ်ရမှာကို စောင့်ရသေးသည်။ အသက် ကျော်ဝန်းကျင်တွေသာ မျက်မှန်လုပ်တတ်ကြတာမို့ လူအုပ်စု





ကျွန်မသာ အငယ်လိုဖြစ်နေပါ၏။

“ရပါပြီ မမ။ သန်ဘက်ခါလာယူနိုင်ပါတယ်”

“သေချာအောင် ဖုန်းဆက်ပြီးမှပဲ လာမယ်နော် သမီး”

“ဟုတ်ကဲ့ . . . ဖြစ်ပါတယ် မမ”

“သွားမယ်နော်”

စာရေးမလေးကို နှုတ်ဆက်ပြီး ဆေးခန်းထဲမှ ထွက်လိုက်ပါ၏။ လှေကားမှတစ်ဆင့် ဆင်းလာစဉ် ဖုန်းသံကို ဖွင့်လိုက်ပါသည်။ နောက်ထပ်တစ်ကြိမ် ခေါ်သံက ချက်ချင်းထွက်လာပါ၏။ ဇွဲက ရှိပါလား ခရာရယ်။

“ပြောပါ”

“ဟူး . . . တော်သေးတာပေါ့ စံရယ်။ ကျွန်တော်ခေါ်နေတာ အခုပါနဲ့ဆို (၁၀) ကြိမ်မြောက်ပဲ”

“ဆေးခန်းထဲရောက်နေလို့ပါ”

“ဘာဖြစ်လို့လဲဟင်”

“ဪ . . . မျက်စိလာပြန်စစ်ကြည့်တာပါ”

“Power တွေ ထပ်တိုးတာများလား”

“ဟုတ်တယ်”

“ကျွန်တော့်ကို စိတ်ဆိုးနေလား စံ”



www.burmeseclassic.com

www.burmeseclassic.com



"___"

"အဆက်အသွယ်လုပ်နေပေမယ့် ဘာမှမတုံ့ပြန်လို့ စိုး စိတ်တွေ များနေပြီ"

ကျွန်မ ပြုံးမိပါ၏။ ထင်တဲ့အတိုင်းပါပဲ၊ ဒီလောက်အလုပ် နေသ..တောင် ကျွန်မထံ သူ အာရုံရောက်သွားပါလား။ စိတ်ဆိုး မျိုး မဟုတ်ရပါ။ ကိုယ့်စိတ်ခံစားချက်အတွက်နဲ့တော့ အလုပ် မထိခိုက်စေချင်လို့ပါလေ။ အသက် (၃၀) ဆိုတာ အတော် တည်ငြိမ်သင့်တဲ့အရွယ်ပင် မဟုတ်ပါလား။

"တိတ်သွားပါလား"

"မဟုတ်ပါဘူး။ Thesis ရေးတာ ပြီးအောင် အာရုံစိုက် ရတာနဲ့ ဖုန်းမကြည့်မိတာပါ ခရာရယ်။ တစ်မျိုးထင်ရလား"

"စနိုးနဲ့ကျွန်တော့်ကို ဘာမှတော့ မထင်ပါဘူးနော်"

"အဟင်း ... ကျွန်မ သူများကိစ္စတွေ စိတ်မဝင်စားတတ် ဘူး"

"ကျွန်တော်က သူများလားဗျာ။ ရက်စက်ပါပေ့"

"သူစိမ်းက သူများမဟုတ်လို့ ဘာလဲ"

"သူစိမ်းတဲ့လား"

"အင်းလေ"





"ကျွန်တော် အိပ်မပျော်တဲ့ရက်တွေ များနေပြီ စံ"

အလို ဒါက ဘာသဘောလဲ။ အရင်းမရှိ အဖျားမရှိ ပြောချ လိုက်သည့်စကားက ကျွန်မရင်ကိုလာထိလေ၏။ Sorry ပါခရာ။ ရင်ခုန်သံစာတမ်းပြုစုဖို့ စောလွန်းပါသေးတယ်နော်။ ဖုန်းကို ဖျတ်ခနဲ ပိတ်လိုက်ပြီး ကားတံခါးဖွင့်ကာ တက်လိုက်စဉ် တစ်ဖက်တံခါးပေါက်မှ လူတစ်ယောက် တက်ထိုင်လိုက်လေသည်။

ဘုရားရေ ... ဘယ်ကနေ ဘယ်လို ပေါ်လာတာပါလဲ၊ နေနန္ဒနိုင်။

"ရှင် ဘာလုပ်တာလဲ"

"ကိုယ် ပြောစရာရှိလို့ပါ စံ"

"ကျစ် ... နားမထောင်ချင်ဘူး။ အဲဒီ တောင်စဉ်ရေမရ ပြောစကားတွေ တခြားမိန်းမတွေကိုပဲ သွားပြော။ ကျွန်မကို လာ မပြောနဲ့။ ခုချက်ချင်းဆင်းပါ"

"ခဏပါပဲ စံ၊ ကိုယ်ပြောပြီးရင် ချက်ချင်းဆင်းမှာပါ"

တောက် ... အတော်ရဲတင်းသည့်လူပါပဲလား။ ကျွန်မ ဒေါသကို မနည်းကြိုးထိန်းထားရတာပါလေ။ ဆေးခန်းထဲမှာ မီးလင်း နေပေမယ့် ကားပါကင်မှာဖြင့် မီးမှိန်မှိန်လေးသာ ရှိနေတာမို့ ဒီလူ ကို ကျွန်မ မမြင်မိတာအမှန်ပါ။ အခုတော့ ကားပေါ်တက်ထိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အဆင့်ထိ အတင့်ရဲပါပေါ့လား။

"ရှင်မဆင်းချင်လည်း ရတယ်။ ရဲစခန်းကို မောင်းလိုက်
တာပေါ့"

"စံ"

သူက ကျွန်မကို တားလို့မရတာမို့ ကားသော့ကို ဆတ်ခနဲ
ဖြုတ်ယူလိုက်လေ၏။ စိန်ခေါ်ရဲတယ်ပေါ့လေ။ နှစ်ယောက်တည်းဆိုပြီ
မိန်းမသားဖြစ်နေသည့်ကျွန်မက ကြောက်ရွံ့မယ်လို့များ ထင်နေသ
သလား နေနန္ဒနိုင်။

"လွန်ပြီနော်"

"ကိုယ်ပြောထားတယ်လေ ... ခဏပါလို့။ (၁၅) မိနစ်
လောက်ပါပဲ စံရယ်"

"ပြောစရာရှိတာသာ ပြောပါ၊ မြန်မြန်"

"မင်းကို ကိုယ်ချစ်တယ်"

ထင်ထားသည့်အတိုင်းပါပဲ။ ကိုယ့်အရွယ်နဲ့မှ မလိုက်
လောက်အောင် ခရာတာတာ စကားလုံးတွေ ရွေးထုတ်ပြနေတာပါလေ
ဒါ နံပါတ်ဘယ်နှစ်ယောက်မြောက် အမျိုးသမီးကို လာရွတ်ပြနေ
ဘယ်နှစ်ကြိမ်မြောက် ရည်းစားစကားပါလဲ။ ကျွန်မ နှုတ်ခမ်းကို သ
သာသာပင် မဲ့လိုက်မိလေ၏။





"ဒါပဲမဟုတ်လား ဆင်းနိုင်ပြီ"

"ကိုယ် အတည်ပြောနေတာပါ စံ။ ဒီစကားမျိုးကို တခြား
မိန်းကလေးတွေအပေါ် တော်တော်များများ သုံးဖြစ်ခဲ့တာမှန်ပေမယ့်
မင်းကို ကိုယ် တစ်ကယ် မြတ်မြတ်နိုးနိုးနဲ့ ချစ်မိသွားတာပါ။ ယုံပါ
စံ"

မျှော်လင့်ထားမိသည်က တစ်ယောက်၊ ဖွင့်ပြောလာသူက
တခြားပါပဲလား။ တခြားမိန်းကလေးတွေအဖို့တော့ ဒီစကားက အနည်း
အများ ရင်ခုန်စိတ်လှုပ်ရှားချင်စရာပါ။ သို့သော် ကျွန်မရင်ထဲမှာကဖြင့်
ဒေါသမုန်တိုင်းက ခက်ထန်နေရတာပါလေ။

"ယုံတာ၊ မယုံတာက ကျွန်မကိစ္စပါ။ ရှင်ပြောစရာရှိတာ
ပြောပြီးရင် သွားပါတော့"

"ကိုယ့်ကို ပြန်ချစ်ပေးပါ စံ"

"Sorry ပဲ နေနန္ဒနိုင်။ ရှင်တောင်းတဲ့အဖြေမျိုး ကျွန်မ
ပေးမပေးနိုင်လို့ပါ"

"ဘာဖြစ်လို့လဲ"

"သိပ်မကြာခင် ကျွန်မ Engage လုပ်တော့မှာလေ"

"ဘာ"

"ရှင် သိပြီမဟုတ်လား။ သွားပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့လဲ၊ ဘယ်ကကောင်လဲ"

"အဲဒါ . . . ရှင်သိစရာမလိုပါဘူး။ စကားပြောတာ မရိုင်းပါနဲ့"

"မဖြစ်နိုင်ဘူး စံ။ မင်းနောက်ကို ကိုယ်အရိပ်လို လိုက်နေတာ။ မင်းနားမှာ ကိုယ့်လိုလူတွေ ဘယ်သူတစ်ဦးတစ်ယောက်မှ ရှိမနေပါဘဲ မလိမ်ချင်ပါနဲ့လား စံ"

အားပါး၊ ဖွဲက အတော်ကြီးပြန်ပါရောလား။ မဟုတ်မဟာ လုပ်ဇာတ်တွေမဆင်တတ်ပေမယ့် ခရာနှင့်ကျွန်မက ပြောတဲ့အတိုင်း အတည်ဖြစ်နိုင်ဖို့က (70%) လောက်တော့ ရှိနိုင်တာပါလေ။ ဘာမှ ရေရေရာရာမဟုတ်သေးဘဲနဲ့တော့ ခရာအမည်ကို ကျွန်မ အလွဲသုံးစား မလုပ်ရက်ပါချေ။

"ကျွန်မက ရှင့်လို လူမြင်ကွင်းမှာ အားအားလျားလျား ရဲ လျှောက်တတ်တဲ့သူမှ မဟုတ်တာ။ ကိုယ့်စိတ်နဲ့ လိုက်မနှိုင်းနေနဲ့"

"မယုံဘူး"

"ဘာရယ်"

"စံမှာချစ်သူရှိနေတယ် ဆိုတာလေ"

"ဒီအရွယ်က စိတ်ကူးယဉ်ရတာမျိုးမှ မဟုတ်ဘဲ။ ကျွန်မ ဦးနှောက်နဲ့ရွေးထားတဲ့"





"Thanks ပါစံ"

ပါးပြင်ကို ရုတ်ရက် အနမ်းခံလိုက်ရသဖြင့် ကျွန်မ အံ့ဩ ရှင်တက်သွားရပါ၏။ လုံးဝကို ထင်မထားသည့်အဖြစ်အပျက်ပါပဲ။ သက်ရဲဇက်ရဲနိုင်တတ်တာကို သိထားပေမယ့် ဒီလိုကြီး ဒီလိုကြီး သူကိုနမ်းလိမ့်မယ်လို့ ထင်မထားမိတာပါလေ။

"ရှင် . . . ရှင်"

"မင်းရဲ့ရင်ထဲက လွတ်နေတဲ့ ကွက်လပ်နေရာလေးမှာ ကိုယ့်ကို ထိုင်ခွင့်ပေးပါ စံ။ တစ်သက်တာအတွက် တောင်းဆိုရတာပါ။ သွားလိုက်ပါဦးမယ်"

"နေနန္ဒနိုင် . . . ရှင်။ တောက် !"

သူက ကျွန်မရွယ်လိုက်သည့်လက်ကို ဖမ်းဆုပ်ကာ ကားသော့ကို ထည့်ပေးလိုက်လေ၏။ ပြီးနောက် ကားတံခါးကိုဖွင့်ကာ ဆင်းသွားလေတော့သည်။

စော်ကားလိုက်တာ။ ရဲတင်းလွန်းလိုက်တာ၊ ကိုယ်ထိလက် ရောက်ပါပဲလား။

မည်သူတစ်ဦးတစ်ယောက်သော်မျှ မမြင်ပါသော်လည်း အသက်ရှင်ဖြစ်သည့် ကျွန်မက ပိုပြီး အရှက်ရမိတာ အမှန်ပါ။ ကိုယ့်လက်ကိုကိုင်ခွင့်၊ ကိုယ့်မျက်နှာကို နမ်းရှိုက်ခွင့်ကို ကိုယ်ပိုင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ဆက်မည့် လက်တွဲဖော်ကိုသာ အဦးဆုံးပေးချင်ခဲ့သည့်ဆန္ဒက ပျက်ပါရောလား။ ရာဇဝင်ရိုင်းလွန်းပါတယ် နေနန္ဒနိုင်။ တန်ရာတန် ကြေးဆိုတဲ့ စကားလုံးကို ရှင် နားလည်ဖို့ ကျွန်မ သက်သေသာဓက ပြုရတာပေါ့လေ။



## အခန်း (၁၆)

ဒယ်ဒီ့ကို လာကြိုပြီးစောင့်နေမိတာမို့ သူမကို သူတွေ့ရတာ ပါ။ ဆေးခန်းထဲမှထွက်လာတာမို့ မျက်စိလာစမ်းတာမှန်း သူသိသွား တာပါလေ။ ဘယ်လောက်များကံကောင်းလိုက်ပါလိမ့်။ ရင်ထဲမှာ ပြည့် ပြီး တင်းကြပ်နေသည့် စိတ်က ထွက်ပေါက်အဖြစ် သူမပါးပြင်ကို နမ်းရှိုက်မိတာ အမှန်ပါပဲ။

ချစ်တယ်ဆိုသည့် စကားတစ်ခွန်းကို မိန်းကလေးတော်တော် များများကို ထည်လဲသုံးခဲ့တာက သူကိုယ်တိုင်ပါပဲ။ သို့သော် စံနဲ့တွေ့ ခဲ့ နေ့စပြီး ရင်ခုန်သံတွေက ပြောင်းသွားသလို ထူးဆန်းအံ့ဩစရာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရတာပါ။ အရမ်းချစ်နေပါတယ် စံ။ စံနဲ့လက်ထပ်ဖို့ ဒယ်ဒီနဲ့မာမီကို ဖွင့်ပြောဖို့ စိတ်ထဲမှာ သိမ်းဆည်းခဲ့တာကြာခဲ့ပြီလေ။

"Sunny ပြောစရာရှိတယ်ဆို"

ဒယ်ဒီ့အသံကြောင့် အတွေးလွန်နေရာမှ သူ အသိဝင်သွားရပါ။ ဆိုင်ကို ပစ်ထားတာ ဘယ်လောက်ကြာပြီလဲ။ ဒီနေ့တော့ ပျော်ရွှင်ခြင်းတွေအပြည့်နဲ့ studio ကိုသွားဖို့ စိတ်ကူးထားတာပါလေ။ အဝတ်အစားဝတ်တာကို အမြန်ပြီးအောင်လုပ်ရင်း အခန်းထဲမှ ထွက်လိုက်ပါ၏။ မင်းမင်းရော သူ့ကောင်မလေးနဲ့ အခြေအနေ မည်သို့ရှိပြီ မသိပါလေ။

"ဒယ်ဒီ Duty မရှိဘူးလား"

"ဒီနေ့ Off ပါ သားရ"

Breakfast ဝိုင်းမှာ ဝင်ထိုင်လိုက်ပါ၏။ နှလုံးသားရေးရာကိစ္စတွေကို ဒီလိုတိုင်ပင်တာမျိုး တစ်ကြိမ်မှ မရှိခဲ့တာလေ။ တခြားလူတွေတော့ မည်သို့ဖြစ်မည်မသိ။ သူကဖြင့် စိတ်ထဲ ရှက်သလိုဖြစ်မိပေမယ့် ချစ်သူကို လက်မလွှတ်ချင်တာမို့ စိတ်တင်းထားရတာ အမှန်ပါလေ။

"ကျွန်တော် လက်ထပ်ချင်ပါတယ် ဒယ်ဒီ"

"ဟော ... ဘယ်သူနဲ့လဲ"





"သားမှာချစ်သူမိန်းကလေးတွေ အများကြီးရှိနေတာ မဟုတ်လား Sunny။ အခုမှ ဘယ်လိုဖြစ်ပြီး အိမ်ထောင်ပြုချင်စိတ် ဖြစ်လာရတာလဲ"

"ဟုတ်ပါရဲ့၊ ဒယ်ဒီတို့က သားကို အိမ်ထောင်ပြုစေချင်တာကြာပါပေါ့လား နန္ဒရယ်"

"ဆုံးရှုံးရမှာ ကြောက်လို့ပါ ဒယ်ဒီ"

"ဘယ်လို"

တကယ်ပါ စံ၊ ရင်ထဲမှာ နှစ်နှစ်ကာကာနဲ့ ချစ်မိသွားတာကမင်းတစ်ယောက်တည်းပါ။ မာနကြီးတဲ့မိန်းကလေး၊ ပညာတတ်လွန်းသည့် အမျိုးသမီးလေး၊ ဗဟုသုတတွေ သိုသိပ်စုဆောင်းထားတဲ့သုတဟင်းအိုးလေးဖြစ်တဲ့ မင်းကိုမှ ကိုယ်လိုလူက စူးစူးနစ်နစ် ချစ်မိသွားရတာလေ။

စိတ်မှန်ခြင်းတွေကို မြင်နိုင်ပါ့မလား။ ပေါ့ပျက်ပျက် နေထိုင်ခဲ့ခြင်းတွေအတွက် နှလုံးသားကို တန်ဖိုးမထားတတ်မှုအတွက် မိန်းမချောလေးတွေကို ရင်ခုန်တမ်းကစားခဲ့ခြင်းတွေအတွက် ကျေးဇူးပြုပြီး ဘော်မခတ်လိုက်ပါနဲ့ အထင်မကြီးနိုင်ရင်တောင် စက်ဆုပ်ရွံရှာမုန်းခြင်းမျိုးတော့ မလုပ်လိုက်ပါနဲ့လား စံ။

"ဘယ်တစ်ယောက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တွဲနေတဲ့ ကောင်မလေးတွေထဲက မဟုတ်ဘူး မာမီ။ တခြားတစ်ယောက်ပါ"

ဒယ်ဒီရော မာမီပါ သူ့ကိုအထူးအဆန်း သတ္တဝါနှယ် ကြည့်နေကြလေ၏။ အိမ်ထောင်ဆိုသည့် ထောင်ထဲမှာ အကျဉ်းကျခံရမှာကို သေရမှာထက်ကြောက်ပါတယ်ဆိုတဲ့ နေနန္ဒနိုင်ရဲ့ ရာဇဝင်က ပြောင်းပြန်တွေ ဖြစ်ကုန်ပြီလား။ ကိုယ့်အတွက်တော့ မဟာစွန့်စားခန်းပါ စံ။

မင်းနဲ့သာဆိုရင် ဘယ်လိုအခက်အခဲ အတားအဆီးမျိုးကို မဆို ရင်ဆိုင်ဖြတ်သန်းချင်တယ်။ မင်းသာ ကိုယ့်ဘေးနားရှိနေရင် ဘာမဆို ရောင့်ရဲတင်းတိမ်နိုင်တယ်။ မင်းသာ ကိုယ့်ရင်ခွင်မှာ ခိုနားနေမယ်ဆိုရင် ဘဝရဲ့အနှစ်သာရတွေအားလုံး ပြီးပြည့်စုံသွားမှာ အမှန်ပါ။

ကိုယ် မင်းကို အသည်းနင့်အောင်ချစ်တာပါ စံ။

"ဒယ်ဒီ Patient တစ်ယောက်ပါ"

"ဟေ"

"လင်းလက်စန္ဒာပါ ဒယ်ဒီ"

"Oh! my God"

ဒယ်ဒီက အာမေဋိတ်သံဖြင့် နဖူးကိုရိုက်လေ၏။ ဉာဏ်မှုအာထ် သတိလက်လွတ် ရေရွတ်ရအောင် မင်းက နာမည်ကြီးနေလို့လား





စံ။ ကိုယ့်လောကမှာ နေရာတစ်ခုကို မြဲမြဲဆုပ်ကိုင်ရပ်တည်နေတာက ကိုယ်ပါလေ။ တကယ်ဆိုရင် ကိုယ်ကသာ မင်းလိုမိန်းကလေးတွေကို မာနရိုက်ချိုးနိုင်ရမှာ မဟုတ်လား။

သို့သော် အချစ်ဆိုသည့် နတ်ဘုရားက ကိုယ်တို့လိုလူသားတွေကို စေညွှန်းအမိန့်ပေးနိုင်စွမ်း ရှိလေတော့ မင်းရှေ့မှာ ကိုယ်က ဒူးထောက်ခစားရတော့မှာပေါ့။ အချစ်ရဲ့ ချိုမြိန်ခြင်းတွေ၊ ခါးသည်းခြင်းတွေအားလုံးကို လက်သင့်ခံယူဖို့ ကိုယ် ခေါင်းငုံ့ထားပါတယ် စံ။

"အဲဒါ ... ဟိုတစ်ခါ သားနဲ့ကားချင်း"

"ဟုတ်ပါတယ်"

"နေပါဦး ...ဒီလို ပဋိပက္ခဖြစ်ဖူးတဲ့လူနှစ်ယောက်က ဒီလောက် အချိန်တိုလေးအတွင်းမှာ နီးစပ်သွားတာ မြန်လှချည်လား"

"မာမီထင်နေသလိုတော့ မဟုတ်သေးပါဘူး။ ဒါပေမဲ့ ကျွန်တော့်ဘက်ကတော့ သေချာနေပါပြီ"

"သူ့ကိုတော့ လျှော့မတွက်ထားနဲ့ သား။ လင်းလက်စန္ဒာဟာ သားပတ်ဝန်းကျင်က မိန်းကလေးတွေနဲ့ လားလားမျှ မသက်ဆိုင်တဲ့ ကလေးတစ်ယောက်ပဲ။ တည်တယ်၊ သွက်တယ်၊ ထက်မြက်တယ်၊ ယဉ်တယ်၊ လှတယ်၊ မာနကြီးတယ် သား"

"မှန်ပါတယ် ဒယ်ဒီ။ အဲဒီအရည်အချင်းတွေကြောင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျွန်တော် သဘောကျခဲ့မိတာ။ နှစ်လိုခဲ့ရတာပါ ဒယ်ဒီ''

''သားရယ် . . . နှင်းဆီပွင့်လို မိန်းကလေးမျိုးကိုမှ အကဲစမ်းချင်ရတယ်လို့ မာမီ့သားကို ဆူးစူးခံရမှာစိုးရိမ်လိုက်တာ''

''မတတ်နိုင်ဘူး မာမီ၊ သူက ဒီနေရာမှာ နေရာယူထားနှင့်နေပြီ။ သူ့ကိုချစ်မိတဲ့အချစ်ကြောင့် အဆိပ်သင့်မယ်ဆိုလည်း ကျွန်တော်ခံယူဖို့အသင့်ပါ''

ရူးပြီဟုဆိုကြလေမလား။ ဟုတ်ပါတယ်။ အချစ်ကြောင့် လူတွေ ပြုံးကြတယ်။ အဲဒီအချစ်ကြောင့်ပဲ လူတွေ မျက်ရည်ကျကြတာပါလေ။ အဆိပ်တွေပြည့်နှက်နေတဲ့ ဆူးဖြစ်နေရင်တောင် ရဲရဲကြီးဆုပ်ကိုင်ဖို့ ကိုယ်ဆုံးဖြတ်မိတာ ရူးတယ်လို့ ထင်လည်း ထင်ပါစေတော့။

''သူ့ဘက်ကရော''

သူ ခေါင်းကို ခပ်ဖြည်းဖြည်း ခါပြစဉ် ဒယ်ဒီရောမာမီပါ သက်ပြင်း ပြိုင်တူချလော့လေ၏။ မောတယ် စံ။ ဒိုင်လိုက်နေရတဲ့ ပြိုင်ပွဲမှန်း သိပါလျက် အရဲကိုးဝင်ပြိုင်လိုက်မိတာကိုး။ ကိစ္စမရှိပါ၊ ပြေးလမ်း၏အဆုံးမှာ စံဆိုသည့် ကိုယ့်လမင်းလေးသာရှိနေရင် ပြည့်စုံပါပြီလေ။

''သူ့ဘက်က ဘာမှမထူးခြားဘဲနဲ့ လက်ထပ်ချင်ပါပြီလို့





ထပြောတာ စောမနေဘူးလားသား''

''ဟင့်အင်း . . . နောက်တောင်ကျနေပါတယ် ဒယ်ဒီ။ ပိုင်ဆိုင်ချင်စိတ်တွေ ဖြစ်လာတာကို အချစ်လို့ သတ်မှတ်နိုင်တယ် မဟုတ်လား''

''အခုမှ မာမီ့သား တကယ်ချစ်တတ်လာတာကိုး''

မင်းမင်းကို ဖျတ်ခနဲ အာရုံမှာ သတိရသွားပါ၏။ အတန်တန် ပြောခဲ့ဖူးတာ မဟုတ်ပါလား။ ကိုယ် တကယ်မချစ်ပါဘဲ ချစ်တမ်းကစားနေတတ်တာကို ထောက်ပြစဉ်က သူလှောင်ပင်လှောင်ခဲ့မိတာပါလေ။ တကယ်ချစ်တတ်လာရင် ပြဿနာဖြစ်မယ်တဲ့။

''Sunny''

''ဗျာ''

''မာမီတို့ ဘာလုပ်ပေးရမှာလဲ''

''တစ်ခုတော့ရှိတယ်။ သားတို့အရွယ်က မိဘတွေလမ်းပြပြီး ပေးစားရတဲ့ ခပ်ငယ်ငယ်အရွယ်မှ မဟုတ်တော့ဘဲ။ လူငယ်ချင်းသာ Peace ရင် လူကြီးတွေဘက်က အိုကေမှာပါ သား''

''ကျွန်တော် ကြိုးစားမှာပါ ဒယ်ဒီ''

''အပြောထက် အလုပ်နဲ့သက်သေပြမှ ပိုနိုင်လိမ့်မယ်သား။ ဒယ်ဒီ့သားကို ပန်းတိုင်မမြင်ဘဲ စမ်းတဝါးဝါး လျှောက်နေတာမျိုး



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်စေချင်ဘူး။ ဆိုင်မှာ ကြပ်ကြပ်မတ်မတ် မလုပ်ဖြစ်တာ ဘယ်လောက်ကြာနေပြီလ"

"ခွင့်လွှတ်ပါ ဒယ်ဒီ။ ကျွန်တော် နည်းနည်းလေသွားတာမှန်ပါတယ်"

"စီးပွားရေးနဲ့ လူမှုရေးကို ပိုင်းခြားတတ်ပါစေ သားရယ် တစ်ခုတော့ သားကို ဒယ်ဒီအသိပေးစရာရှိတယ်"

သူ မျှော်လင့်တကြီး ကြည့်လိုက်မိပါ၏။ ဒယ်ဒီက သက်ပြင်းကိုတ်ရှိုက်လိုက်ပြီးမှ စကားကို ဆက်ပြောလေသည်။ မင်းနဲ့ပတ်သက်လာရင် အရာရာကို လျစ်လျူရှုမေ့ထားချင်တာ ဘာကြောင့်များပါလဲ စံ· ချစ်ခြင်းမှာ မျက်နှာလိုက်တာမျိုး ရှိပါသလား။

"လင်းလက်စန္ဒာအကြောင်းပါ"

"ဟင်"

"သိပ်မကြာခင်မှာ နိုင်ငံခြားပြန်ထွက်ဖြစ်မယ်ဆိုတာရယ် Engage လုပ်တော့မယ်ဆိုတာရယ်ပါ"

"ဗျာ"

သူ အတော်အံ့သြသွားရပါ၏။ စေ့စပ်မယ်ဆိုသည့်သတင်းသူမကိုယ်တိုင် ပြောဖူးတာမို့ အဆန်းမဟုတ်သော်ငြား နိုင်ငံခြားထွက်မည်ဟူသည့် သတင်းက သူ့ရင်ကို လာရိုက်ခတ်သွားတာပါ





တစ်နိုင်ငံတည်း တစ်မြို့တည်းနေခွင့်ရတာတောင်မှ မင်းမျက်နှာလေးကို မြင်ရဖို့ ဒီလောက် ခက်ခဲနေရတာ။ ဟိုးအဝေးကိုသာ မင်းရောက်သွားရင်

မဖြစ်ဘူး စံ။ ဒီလိုသာဝေးရရင် ကိုယ် ရူးသွားနိုင်တယ်။ ပြေလည်ခြင်းစာချုပ်မှာ လက်မှတ်မထိုးဖြစ်သေးပေမယ့် ဘုဘောက်စကားလုံးတွေနဲ့ ကိုယ်ဖြေသိမ့်နိုင်ပါတယ် စံ။ နားလည်မှုတွေ ယူပါရဦး။ ကိုယ်တို့တွေ ဝေးကွာလို့ ဘယ်လိုမှမဖြစ်ဘူး စံ။ အချစ်ဆိုတဲ့အရာကို မင်းထံက ပိုင်ပိုင်မရနိုင်ခင် သွေးအေးစွာ ခွဲခွာခြင်းမျိုးနဲ့ ရက်စက်လိုက်ပါနဲ့လား။

"စဉ်းစားပါ သားရယ်။ လူဆိုတာ မရနိုင်တာကိုမှ ပိုပြီး လိုချင်,ပိုင်ချင်ကြတာ သဘာဝပဲ"

"အဲဒီလူကို သူ မချစ်ပါဘူး ဒယ်ဒီ"

"ဘာလို့ သေချာတပ်အပ်ပြောနိုင်တာလဲ"

"ဦးနှောက်နဲ့ရွေးတာတဲ့"

"မှန်တာပေါ့၊ မိန်းမတစ်ယောက်အတွက် အိမ်ထောင်ပြုမယ်ဆိုတာ နှလုံးသားထက် ဦးနှောက်နဲ့ ရွေးချယ်တာ ပိုပြီး မှန်ကန်ပါတယ်။ မာမီထောက်ခံတယ် သား"

"ဒါဖြင့် အချစ်ဆိုတာကို ဘယ်နေရာမှာ ထားထားလို့လဲ



www.burmeseclassic.com

www.burmeseclassic.com



မာမီ''

"အိမ်ထောင်ရေးနဲ့ အချစ်က သီးခြားတစ်ကဏ္ဍပါ Sunny။ သားတို့ယောက်ျားလေးတွေနဲ့ မာမီတို့မိန်းမတွေ စဉ်းစားပုံ၊ ဆုံးဖြတ်ပုံ ချင်းက လုံးဝမတူဘူး၊ ကွဲပြားတယ်သား''

ဘယ်လိုလဲ နှစ်ကိုယ်တူ ဘဝတစ်ခု ထူထောင်ဖို့အရေးမှာ အချစ်က အရေးမကြီးဘူးတဲ့လား။ သူ လုံးဝနားမလည်ပါချေ။ ပိုင်ဆိုင်မှ အချစ်လို့ ခေါ်ရိုးမှန်ရင် မင်းကို ကိုယ် ပိုင်ဆိုင်ရမှုဖြစ်မယ်။ အချစ်နဲ့စစ်မှာ ဘာမဆို တရားတာချည်းပဲလို့ ဆိုရိုးရှိခဲ့တာ အမှန်ပင် မဟုတ်ပါလား။

''ဘာပဲဖြစ်ဖြစ် ကျွန်တော် သူ့ကို ပိုင်ဆိုင်ခွင့်ရမှုဖြစ်မယ် မာမီ။ သူ့ကိုသာ ဆုံးရှုံးရရင်၊ သူ့ကိုသာ လက်လွှတ်ရရင် ကျွန်တော် ဘာဖြစ်မယ်ဆိုတာ မပြောနိုင်ဘူး''

"သား''

ထမင်းစားခန်းထဲမှ သူထွက်လာခဲ့ပါ၏။ ရင်ထဲမှာ ဗလောင် ဆူပွက်နေတာကို ဘယ်သူများ မြင်နိုင်ပါ့မလဲ။ အချစ်ဆိုတာ ပူလောင် စေတဲ့မီးများလား။ ဒါဖြင့် အဲဒီမီးကို သူ့လက်ထဲမှာ ဆော့ကစားခဲ့တာ ဘယ်နှစ်ကြိမ်တောင်ရှိခဲ့ပြီလဲ။ လူကို မလောင်ကျွမ်းဘူးလို့ထင်ထားခဲ့ မယ့် ရင်ကိုလောင်မြိုက်စေတတ်တာကိုဖြင့် သူ လက်တွေ့ခံစား





သိမြင်ခဲ့ရတာပါလေ။

စံ ကိုယ့်ကို လက်ခံပေးပါ။ မာနတွေကို ချစ်ခြင်းနဲ့ အရည် ဖျော်ပါရစေ။ စိမ်းသက်ခြင်းတွေကို ခဝါချပစ်ပြီး နွေးထွေးခြင်းဟွေ အတိနဲ့ ကိုယ့်ရင်ခွင်ထဲ ဝင်လာလှည့်ပါ စံ။ မင်းကို လုံခြုံစေဖို့ မင်း အပေါ် ဘာအန္တရာယ် အနှောင့်အယှက်မှ မကျရောက်စေဖို့ ကိုယ် ထွေးဖက်ကာကွယ်ပေးထားပါရစေ။

အနာဂတ်နန်းတော်ကြီးမှာ စံမြန်းဖို့အတွက် အရှင်သခင်မ အဖြစ် ရင်ခွင်တံခါးကို ဖွင့်ဝင်လာလှည့်ပါ။ ကြင်နာခြင်းတွေ အပြည့် ခင်းပေးထားတဲ့ လမ်းမှာ တစ်လှမ်းခြင်း လျှောက်လှမ်းခဲ့ပါ စံ။ အမုန်း သက်နက် လုံ့တံနဲ့ ကိုယ့်ရင်ကို မထိုးစိုက်လိုက်ပါနဲ့။ စီးမျောနေတဲ့ သွေး cell တွေထဲမှာ မင်းကိုချစ်တဲ့ချစ်ခြင်းတွေသာ ပြည့်နှက်နေတာ ကို မြင်လှည့်ပါ စံ။

"တီ တီ''

နောက်ကားထံမှ ဟွန်းသံကြောင့် စိတ်တွေ လွင့်ချင်သလို ဖြစ်နေတာကို ထိန်းထားလိုက်ရလေ၏။ အတွေးတွေ နောက်ကျအောင် မြစားတတ်ရတယ်လို့ ငါမှားပြီကော မင်းမင်းရယ်။ မင်းအသိပေးစဉ် ကတည်းက ငါနောင်တရတတ်ခဲ့ရင် အခုထိ ဒီလိုခံစားရတာမျိုး ဖြစ်မလာမှာလေ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို တန်ဖိုးမထားတတ်ရင် အဲဒီအချစ်က ငါ့ကို ဘန်ဖိုးမဲ့စေမှာတဲ့လား။ ငါတို့ ဆုံဖို့လိုပြီ ထင်ပါရဲ့။ မင်းကို ရင်ဖွင့်ဝရာတွေ ရင်ထဲမှာ အများကြီးပါပဲ။ စာနာနားလည်နိုင်ပါ့မလား။ မင်းလည်း ချစ်တတ်လာမှဖြင့် ငါ့ဝေဒနာတွေကို အနည်းနဲ့အများတော့ နားလည်ပေးနိုင်မှာပါနော်။

ငါလာနေပြီ မင်းအကွာရာ။

✍



## အခန်း (၁၇)

မျက်ခွံတွေမှိုပြီး မျက်နှာယောင်အမ်းနေတာမို့ ငိုထားမှန်း သိသာနေပါ၏။ ဘယ်လိုဖြစ်ပြီး ရောက်လာပြန်ပါလိမ့်။ ကိုယ့်ရင်ထဲ ဘာဖြစ်နေသလဲဆိုတာကိုတောင်မှ လူမသိ သူမသိ ကျိတ်ကာ ခံစားနေရတာ အဘယ်မျှ ခက်လိုက်ပါသလဲ။ ဤကလေးမနဲ့တော့ ခက်ပါရဲ့။

"ဘာဖြစ်လာပြန်တာလဲ"

"မေးစရာရှိလို့"

"အပြင်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာပဲပြောမယ်"

"ကဲ ကဲ ... သဘောပဲ"

အခန်းတံခါးကို ပြန်စေ့ကာ ဝင်ခွင့်ပြုလိုက်ရပါ၏။ ခုတင်ထက် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပုံက ပရမ်းပတာပါလေ။ အိမ်က ဆူလွှတ်လိုက်လို့ ရောက်လာပြန်တာထင်ပါရဲ့။ တိုင်ပင်ဖော်ဆို၍ ညီအစ်မ သုံးယောက်ရှိသော်ငြား ကျွန်မက မကြာခဏ နှစ်ချီကြပြည့်ပထွက်ရတတ်တာမို့ လုစ်ခန့်ရှိ အငယ်တွေ ပြေးလာတတ်ကြတာပါလေ။

"မာမီပြောတာ ဟုတ်လား"

"ဘာကိုလဲ၊ အရင်းမရှိ အဖျားမရှိ လုပ်ပြန်ပြီ"

"မမရဲ့ Engage ကိစ္စလေ"

"ဩော် ... ဒါများ အဆန်းလုပ်လို့"

"အဲဒါက အဆန်းမဟုတ်ပေမယ့် မမရဲ့ Fiance က ဘာလို့ စနိုးရဲ့ကိုကို ဖြစ်ရတာလဲ"

"ဟဲ့ ... တိုးတိုးပြော"

အသံကျယ်သွားသလို တရှုံ့ရှုံ့ဖြင့် ငိုချလိုက်သည့် အငယ်လေးကြောင့် ကျွန်မ လန့်သွားရပါ၏။ သိတာကလည်း ဂျက်လေယာဉ်နှယ် မြန်လိုက်ပါဘိ။ ကျွန်မနှင့်သူကဖြင့် ဤကိစ္စနဲ့ ပတ်သက်ပြီး ဘာဆိုဘာမှ မဆွေးနွေးရသေးပါဘဲ ဤကလေးမ ဘယ်ကနေ ပေါက်ကြားသွားတဲ့သတင်းကို အစကောက်ပြီး ရောက်လာပါလိမ့်နော်။

"မမ သိပ်ရက်စက်တာပဲ"

"ဩော် ... နေရင်းထိုင်ရင်း အမှုကပတ်နေပါပြီ"

"အစကတည်းက ပြောပါရောလား"

"ဟယ် ... ပြောရအောင် သူနဲ့ငါနဲ့ဖြင့် ခုထိ စကားတောင် အေးအေးဆေးဆေး ပြောရသေးတာမှ မဟုတ်တာ စနိုးရဲ့။ မငိုနဲ့လေ၊ စကားကို ကောင်းကောင်းပြောစမ်း"

"ငိုတာကို တားလို့ရမလား။ မာမီပြောတော့ဖြင့် တစ်ကဏ္ဍဆီလို့ ထင်ထားတာ။ မျက်စိရှေ့ သူ့ ဒီလောက်ရုပ်ပျက်ဆင်းပျက်ဖြစ်သွားလိမ့်မယ်လို့ ထင်ကိုမထင်မိဘူး။ မုန်းလိုက်တာ။ သိပ်မုန်းတာပဲ"

"ကိုယ့်အစ်မကို အဲဒီလိုပြောရလား"

"ကိုကို့ကိုပြောတာ"

ကျွန်မ ခေါင်းခါမိလေတော့၏။ ခက်တော့တာပါပဲ။ အငယ်ဖြစ်သူနဲ့ ရင်ဘတ်ထဲကကိစ္စတွေ ဆွေးနွေးတိုင်ပင်ရမှုဖြင့် ကျွန်မအတွက် ရှက်ဖွယ်ပါ။ ကလေးမို့ ပွင့်လင်းပေမယ့် လူကြီးဖြစ်သည့် ကျွန်မက အံ့ပုန်းဘဝ ဖြစ်နေတာမဟုတ်ပါလား။ ရင်ထဲမှာရှိတဲ့





www.burmeseclassic.com

www.burmeseclassic.com



အတိုင်းလည်း ဖွင့်မပြောသာ။ မျိုသိပ်ထားရပြန်တော့လည်း မွ
လောင်ပြီး နေမထိ ထိုင်မသာ ခံစားနေရတာပါလေ။

"ဘာမှမဖြစ်လာသေးပါဘူး စန်းရယ်။ လူကြီးတွေ သူတို့
ဘာသာ စီစဉ်ကြတာပါ"

"မမက သဘောမတူရင် ငြင်းပေါ့လို့"

သေရော။ အတင်းကိုငြင်းနိုင်းနေပါရောလား။ ဟိုကငြ
အဖြူအမည်း သဲသဲကွဲကွဲ မပြောပါဘဲ ငြင်းလို့ကောင်းပါ့မလား
မသေချာသေးသည့်ကိစ္စကို ညီအစ်မနှစ်ယောက် ငြင်းခုန်နေတာကဖြ
လူကြားလို့မှ မကောင်းပါလေ။ ကျွန်မစိတ်ညစ်နေပြီ ခရာ၊ ကူညီပါဦး

"မမတို့ စကားပြောဖူးလား"

"အင်း"

"ဘယ်နှခါလဲ"

"အပြင်မှာတော့ တစ်ခါလားပဲ"

"ဒါဖြင့် ဖုန်းတော့အကြာကြီးပြောဖြစ်တယ်ပေါ့လေ"

အလိုလေး၊ အပြစ်က ထပ်တိုးပြန်ပါရောလား။ ဘယ်လို
ပြောလို့မရပါလား စန်းရယ်။ မမကြီးက ဒီတစ်သက်လုံးမှာ သူစိမ်း
ယောက်ျားလေးတွေနဲ့ တွေ့ဖူးပေမယ့် ရင်ခုန်တာမျိုးက ထူးဆန်းစ
မဖြစ်ခဲ့ပါလေ။ ဒီတစ်ယောက်ကိုမှ တစ်ခါလေးတွေ့ခဲ့ကာ အငြ





မကြည့်ဘဲ စကား ကတောက်ကဆဖြစ်ခဲ့တာ မဟုတ်လား။

ဒါတောင်မှ ဝတ်စားဆင်ယင်ပုံက မြန်မာအမျိုးသားဝတ်စုံနဲ့
တွေ့ခဲ့ရသလို ရှပ်အင်္ကျီအဖြူရဲ့အောက်မှာ စွပ်ကျယ်အဖြူစွတ်စွတ်
လေး ဝတ်တတ်သည့်သူ့ကို အမှတ်တမဲ့တွေ့ပြီး အာရုံမှာ အမှတ်ရခဲ့
တာပါလေ။ အိမ်မှာဆိုလည်း ဖေဖေကိုယ်တိုင်က ဒီလိုဝတ်ဆင်တတ်
တာမို့ မသိစိတ်က သဘောကျ နှစ်ခြိုက်မိခဲ့တာကို ဝန်ခံချင်ပါရဲ့။

ဩော် ... ခရာရယ်။

"အဲဒါလည်း တစ်ခါနှစ်ခါလားပါပဲ"

"ဒါတောင် တော်တော်ရင်းနှီးနေပြီပေါ့လေ။ Phone နံပါတ်
တွေ အပြန်အလှန်ပေးရလောက်တဲ့အထိ ရင်တွင်းရေးကိစ္စတွေ
လှယ်နေကြပြီလား"

အလို ဒုက္ခပါပဲ၊ တကယ်တမ်းမှာဖြင့် ကျွန်မက ကျွန်မဖုန်း
နံပါတ်ကို သူသိအောင်တောင်မှ မပြောပြခဲ့တာအမှန်ပါ။ သူက နဂို
တည်းက အေးအေးဆေးဆေး နေတတ်သလို ယောက်ျားလေးဖြစ်တဲ့
သူက စပ်စုတတ်တာ မဟုတ်တာမို့ ကျွန်မအကြောင်းကို မသိသလို
ဘယ်မှာနေလဲ၊ ဖုန်းနံပါတ် ဘယ်လောက်လဲဆိုတာကိုပါ မစုံစမ်းခဲ့တာ
လေ။

သူ့ဘာသာ စဉ်းစားပြီး ဆက်လိုက်တဲ့နံပါတ်က အမှန်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့တာမို့ ရေစက်ပဲဆိုပြီး စိတ်ထဲမှာ ကျိတ်ပြီး ကျေနပ်နေခဲ့တာပါ။ မထင်မိခဲ့ပါဘူး၊ ကျွန်မနဲ့ သူ့ရဲ့ဖူးစာက မှန်ပါရဲ့လားဆိုတာ ခပ်ဝါးဝါး မှုန်မှုန်လေးပါပဲ။ သို့သော် ကံကြမ္မာဆိုတာက ထင်မှတ်မထားတဲ့အချိန်မှာ ရုတ်တရက် ဘွားခနဲ ပေါ်လာတတ်တာမျိုးပါလေ။

"ကိုကို့အကြောင်းကို စနိုး မမကို ပြောပြဖူးပါတယ်။ မမှတ်မိတာလား တမင်မသိယောင်ဆောင်နေတာများလား"

ကျွန်မမျက်နှာ ခပ်အမ်းအမ်းဖြစ်သွားရပါ၏။ ဘယ်လိုလုပ်ပါ့မလဲ။ သူနဲ့ နီးစပ်ဖို့က ကျွန်မက ခြေလှမ်းရွှေ့ပြီး တိုးရမှာလား ဒါမှမဟုတ် သူကိုယ်တိုင်ပဲ ဖြည်းဖြည်းချင်း ရွှေ့လာနိုင်မှာလား။ တစ်ခုတော့ ရွေးရမည်သာ။ ဒီလိုစဉ်းစားထားပေမယ့် အခုတော့ဖြင့် ညီမဖြစ်သူနဲ့ ကိုယ်က ပြိုင်လုရမယ်လို့ ဘယ်ထင်ထားပါ့မလဲ။

"မမကို ပြောခဲ့တာမှန်ပေမယ့် စနိုးရော ဇော်ပါ နာမည်ထုတ် မပြောဖြစ်ကြဘူးလေ။ ဘယ်လိုဖြစ်ပြီး အပြစ်လာတင်ရတာလဲ"

စနိုးက ကျွန်မမျက်နှာကို စူးခနဲ မော့ကြည့်လိုက်လေသည်။ သတ္တိတွေ ရှိပြနေတာပါလား။ တကယ်ဆို အကြီးဖြစ်တဲ့ကျွန်မကသာ အလျှော့ပေးရမှာပါ။ သို့သော် ကျွန်မတို့လုနေသည့်အရာက သက်မဲ့ ပစ္စည်းမှ မဟုတ်တာလေ။ နှလုံးသားရှိတဲ့ သက်ရှိလူတစ်ယောက် ဖြစ်နေတာ မဟုတ်ပါလား။





"မမဘက်က နည်းနည်းမှ မလျှော့ချင်ဘူးပေါ့လေ"

"ကွယ် . . . ငယ်လေးကလည်း ဟိုကဖြင့် ဘာမှမပြောသေးဘဲနဲ့ ညီအစ်မချင်း စကားများနေတာတော့ သဘာဝမကျဘူး"

"မမက ပြောအားရှိတာပေါ့။ အစစရာရာ တော်လွန်းနေတာ။ အဖက်ဖက်က ပြီးပြည့်စုံလွန်းနေတာ မဟုတ်လား။ စနိုးတို့ အငယ်နှစ်ယောက် ဘယ်လောက်ပဲ ကြိုးစားပါစေ ဘယ်လိုပဲ ခွန်အား စိုက်ထုတ်နေပါစေ မမခြေဖျား မဆိုနဲ့ မမရဲ့ခြေမှုန့်ကိုတောင် မမီနိုင်ဘဲကိုး"

ကျွန်မရင်ထဲ နင့်သွားရပါ၏။ အငယ်တွေနေရာက တစ်ကြိမ် မှ ဝင်မကြည့်ခဲ့မိတာ အမှန်ပါ။ ဦးလေးတွေ အဒေါ်တွေရဲ့ သားသမီး ဆိုသုံးမပုံတွေအားလုံးက တစ်ပုံစံတည်းပဲတဲ့လား။ 'မမကြီးကိုကြည့်' 'မမကြီးကို အတုယူ'၊ 'မမကြီးလိုဖြစ်အောင်ကြိုးစား'၊ 'မမကြီးလို အောင်မြင်အောင်လုပ်' ဆိုတဲ့ နှိုင်းယှဉ်ချက်တွေက အငယ်တွေရဲ့ရင်ကို ထိမှန်စိုက်မိသလို နာကျင်စေခဲ့လေပြီ။

ကိုယ်တိုင်လည်း စာသင်ပေးစဉ်က ကလေးတွေကို ဦးဆောင်လမ်းပြပေးနိုင်ဖို့ အစွမ်းကုန် ကြိုးစားခဲ့ရတာမဟုတ်ပါလား။ ဘာတည်းက စာကိုဝါသနာပါလွန်းခဲ့တာလည်း အဓိကမို့ အားစိုက် ထုတ်မှုမှာ အဘယ်မျှ ပင်ပန်းဆင်းရဲခဲ့ရပါသနည်း။ လူဆိုတာ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက် ကိုယ့်နာကျင်မှုကိုသာ သိတတ်ကြောမျိုးပါလေ။

"မမက နာမည်နဲ့လိုက်ဖက်အောင် လင်းထိန်တောက်
လွန်းပါတယ်။ စနိုးရော့ မဖော်ပါ မမလိုမျိုး ကိုယ်ပိုင်အလင်းရော
မထုတ်နိုင်တဲ့ ကြယ်မှုန်လေးလောက်သာ ရှိတာပါ"

နှိုင်းတတ်ပုံ။ တင်စားတတ်ပုံ။ လမင်းလို့ပဲ လင်းလက်သ
လား။ ကိုယ်ပိုင်အလင်းရောင်ရှိသတဲ့လားကွယ်။ တကယ်အစ
ကျကျနဲ့ သဘာဝကျကျ ဆန်းစစ်ကြည့်ရင် 'လ'ဆိုတာ ကိုယ်
အလင်းထုတ်လွှတ်နိုင်စွမ်းမရှိတဲ့ ဂြိုဟ်ရံတစ်ခုပါ။ ကမ္ဘာကြီးအပါအဝ
ဂြိုဟ်ကြီး (၉) လုံးက ဗဟိုပြုလည်ပတ်ပေးနေသည့် နေမင်းကြီး
သာ ကိုယ်ပိုင်အလင်းကို ပိုင်ဆိုင်ထားနိုင်တာပါလေ။ [ယခုနောက်
မှာ ပလူတိုဂြိုဟ်ကို ဂြိုဟ်အရွယ်အစားနှင့် မကိုက်ညီ၍ စာရင်း
ပယ်ထားပါ၏]

အဲဒီနေရဲ့ ရောင်ပြန်ဟပ်မှုကြောင့်သာ ညအချိန်သာခွင့်
လရဲ့အရောင်ကို ဒီလိုအထင်တကြီးပြောရတယ်လို့၊ အမှန်တ
တော့ လူဆိုတာ ခြေနှစ်ဖက်၊ လက်နှစ်ဖက်၊ ကိုယ်တစ်ခု ခေါင်း
လုံးနဲ့ အားလုံး အတူတူချည်းပါပဲ။ တစ်ခုတော့ ထူးခြားမှာပေါ့
ဦးနှောက်ထဲ ရှင်သန်ခွင့်ရတဲ့ ဖြတ်ထိုးဉာဏ်နဲ့ တီထွင်ကြံ
ထိုးထွင်းသိမြင်မှု၊ ဖွံ့ လုံ့လ ဝီရိယတွေ အသုံးပြုပုံချင်း ကွာခြား





လို့သာ သိပ္ပံပညာရှင်တွေ၊ အတွေးအခေါ် ပညာရှင်တွေ၊ ရူပဗေဒ
ပညာရှင်တွေ၊ ခွဲစိတ်ပါရဂူတွေ စသည်ဖြင့် ပေါ်ထွန်းလာတာပါလေ။

အသက်ရှင်ရပ်တည်ပုံချင်း ကွာခြားနိုင်ပေမယ့် ဒီကမ္ဘာ
လေထုကို ရှူ၊ ဒီကမ္ဘာ့ရေကိုသောက်၊ ဒီကမ္ဘာမြေပေါ် နင်းနေကြတဲ့
လူသားချင်းအတူတူပါပဲကွယ်။ ဒါကို ဘာလိုများ ကွာခြားခြင်းဆိုတဲ့
ညီမျှခြင်းတွေနဲ့ မီးမောင်းထိုးပြချင်ရတာပါလဲ။

"မမက ကိုယ့်ခြေပေါ်မှာပဲ ကိုယ် မတ်မတ်ရပ်နေတဲ့သူပါ
ကွယ်။ ရှေ့ကိုတိုးဖို့ ခွန်အားစိုက်မထုတ်ခင် နောက်ကနေ တွန်းအား
ပေးချင်ပါနဲ့လား"

"စနိုးလည်း မပြောချင်ပါဘူး။ ဒါပေမဲ့ . . . ရင်ထဲမှာ ဗလောင်
ဆူလွန်းလို့ မခံနိုင်တော့လို့ ပြေးလာခဲ့ရတာပါ မမရယ်"

ပါးပြင်ကို လက်ဝါးဖြင့် သုတ်နေသည့် စနိုးထံမှ အကြည့်ကို
ခွဲလိုက်မိပါ၏။ တကယ်တော့ မိန်းမသားဆိုတာ နူးညံ့ပျော့ပျောင်း
သည့် နှလုံးသားနှင့် ရှင်သန်နေကြတာလေ။ ဝမ်းနည်းလွယ်မယ်၊
ဒေါသထွက်လွယ်မယ်၊ နာကျင်လွယ်မယ်၊ ထိရှခံစားလွယ်မယ်၊ သဘာဝကို
ကယ်လွန်ဆန်လို့ ရနိုင်ပါ့မလဲ။

ပြောကြတာဖြင့် လင်းလက်စန္ဒာဆိုတာ မာနကြီးလွန်းသူ
ကြည်တဲ့လွန်းသူ၊ ငြိမ်သက်လွန်းသူ၊ ခံစားချက်ထက် ဦးနှောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တန်းတင်လွန်းသူ၊ အသည်းမာလွန်းသူဆို၊ အခု ကျွန်မ မျက်ရည်ဝဲ နေတာ မငိုမိအောင် စိတ်တင်းထားရတာ။ ရင်ပွင့်မထွက်လာရအောင် မနည်းကြိုး မျိုသိပ်ထားရတာတွေကို ဘယ်သူက မြင်နိုင်မှာတဲ့လဲ။

''အချစ်ဆိုတာ ပြိုင်ပွဲတစ်ခုလားဟင်''

''မဟုတ်''

''တကယ်လို့ ပြိုင်ပွဲဖြစ်နေရင်တောင် မမကို စနိုး ဘယ်လို မယှဉ်နိုင်ပါဘူး။ မနိုင်မှန်းသိသိကြီးနဲ့''

''တော်ပါတော့ကွယ်''

စကားဆက်မပြောနိုင်တာမို့ တားမြစ်သံက အားမပါလှ ခါတိုင်းလည်း အခုလို ရင်လာဖွင့်တတ်ကြပေမယ့် အခုတော့ဖြ သူနဲ့ ပတ်သက်ပြီး ကျွန်မကို အကျေအလည် ဆွေးနွေးနေတာပါလေ လူကြီးတွေ သိကုန်ရင် ဘယ့်နှယ်လုပ်ရပ့ါမလဲ။ နှလုံးသားရေးရာကိစ္စ အချင်းများတာမှန်းသိသွားရင် ကျွန်မအတွက် မဟာအရှက်ကွဲခန်းပါ ဆင်ခြင်ပေတော့ လင်းလက်စန္ဒာ။

''မေမေတို့ စီစဉ်ပေးတိုင်း ငြင်းခဲ့တဲ့အကြိမ်ပေါင်းများလှ ပြီ၊ ဒါကြောင့်မို့ ဒီတစ်ခါတော့ လက်ခံမယ်ဆိုပြီး စဉ်းစားမိတာပဲ ပါတယ်။ ရွေးချယ်တာ၊ လက်ခံခေါင်းညိတ်တဲ့အဆင့်မျိုးထိ မရောက် သေးပါဘူး''





''ဒါပေမဲ့ ... မမ''

''ဘယ်တော့မဆို ကိုယ့်ရည်မှန်းချက်၊ ကိုယ့်ရည်ရွယ်ချက် ပန်းတိုင်ကိုသာ မရောက်ရောက်အောင် ဦးတည်လျှောက်တတ်တာ မမအကျင့်ပါ''

''စနိုး သိပါတယ်''

''မငိုပါနဲ့ကွယ်၊ မမကြောင့် ငယ်လေး မျက်ရည်ကျရတာ ဒါ ... နောက်ဆုံးအကြိမ်သာ ဖြစ်ပါစေ''

ကျွန်မ နောက်ကျောကို သိုင်းဖက်ခြင်းခံလိုက်ရပါ၏။ ...ခင်းသာရှာပေမပေါ့။ နှလုံးသားချင်းယှဉ်ရင်တောင်မှ ကျွန်မ နှလုံးသား ...က ပိုပြီးတည်ငြိမ်မှုရှိရမှာ ခုန်နှုန်းမှန်ကန်ရမှာ မဟုတ်ပါလား။ ဘယ် ...တော့မဆို မျိုသိပ်နိုင်စွမ်းအားကြီးခဲ့တဲ့ မိန်းမတစ်ယောက်အတွက် ...တစ်ကြိမ်မှာလည်း ရင်အက်ကွဲသံကို လူမသိအောင် ထိန်းထားနိုင် ...မှာပါလေ။

အချစ်ဆိုတာဘာလဲ။ ချစ်ခြင်းရဲ့အဓိပ္ပာယ် အပြည့်အစုံက ...ဘာများပါလဲ။ အတိုင်းအဆအရွယ် ပမာဏ နှိုင်းပြလို့ရနိုင်ပါမည် ...လား။ အချစ်မှာ လေးနက်မှုတွေ ရှိနိုင်မယ်လို့တော့ ကျွန်မ ထင်ပါ ...

တကယ်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ပြန်လမ်းမရှိတဲ့ ခရီးကိုသွားနေရသည့် မြွေပွေဘတ်စ်စင်းနှင့်အတူတူပါပဲ။

ချစ်မိသွားရင် နောက်ဆုတ်လို့မရတော့ဘဲ ရှေ့ကိုဆက်ပြီး တွန်းပို့ခံနေရလို့ပါလေ။



## အခန်း (၁၈)

ဆိုင်ထဲဝင်လာသည့် နန္ဒကို သူ လက်ပြနှုတ်ဆက်လိုက်ရပါ ခါတိုင်းနှစ်ယောက်တွဲပြီး လာကျင့်ရှိသည့်လူက ဒီတစ်ကြိမ်မှာဖြင့် တစ်ယောက်တည်း ရောက်လာတာပါလား။ ပုံစံက အလောတကြီး ုတ်ဘဲ အေးအေးဆေးဆေးပဲမို့ အတော်ကြာအောင်နေမည်မှန်း ရိပ်မိလေသည်။

"တစ်ယောက်တည်းပါလား"

"အေး"

"ဘယ်မှာထိုင်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှာ ဘယ်သူမှမရှိရင် ထိုင်မယ်ကွာ"

"ရတယ်လေ၊ အဲဒါ VIP ဝိုင်းပဲဟာ"

ဆိုင်ဘေးတံခါးကို တွန်းဖွင့်ပေးလိုက်ပါ၏။ Waiter တွေကို မှာစရာရှိတာ မှာခဲ့ပြီးမှ နန္ဒရှိရာဆီ သူလိုက်ထွက်ခဲ့ပါသည်။ နံနက်ခင်းလေက ခပ်အေးအေးတိုက်ခတ်နေလေ၏။ နန္ဒမျက်နှာ အပြုံးယဲ့ယဲ့မျှ ထင်နေပါသည်။ ဘာစိတ်ချမ်းသာစရာများ ရှိနေလို့ လိမ့်။

"ငါ ဖွင့်ပြောလိုက်ပြီ"

"ဘာလဲ"

"ကျစ် ... ကောင်မလေးကိုလေကွာ"

"ဩော် ... ဒါများ အဆန်းလုပ်လို့ ဟိုက Yes ဆို Ok တာပဲမဟုတ်လား"

"မ Ok သေးပါဘူး"

"ဟင်"

ဘယ်လိုပါလိမ့်။ ဒီကောင်က ချစ်သူတွေ အများကြီး "မျက်နှာများတဲ့မောင်" ဖြစ်နေတာပါ။ အခုမှ ဘယ်ကောင်မလေး ချစ်နေပြန်ပါလိမ့်နော်။ ဟိုတစ်လက ဆိုင်မှာလာခဲ့တုန်း မျက်ရည် ကျပြီး ဆိုင်ထဲက ထွက်ပြေးခဲ့တာ ဘာမှမကြာသေး။ အခု





ချစ်နေပြန်ပြီတဲ့လေ။ ရုပ်ရည်ရော ငွေရှာနိုင်တာရော အလုပ်ကလည်း ကောင်းတဲ့ကောင်မို့ ဒီဘဝမှာကံကောင်းခဲ့တာမဟုတ်လား။

"ဘာဖြစ်လို့လဲ"

"သူက ငါတွေ့ဖူးတဲ့မိန်းကလေးတွေနဲ့ လုံးဝ ဆန့်ကျင်ဘက်ပဲ ချွေပေမယ့် မကြွတဲ့ ခပ်မာမာလေးမို့ပါ"

"နန္ဒရာ ... မင်းမှာ အသက်နှစ်ကျော်တဲ့ မိန်းကလေးတွေ များနေတာတောင်မှပဲ ဘယ်လိုဖြစ်ပြီး ဒီတစ်ယောက်ကြောင့်မှ နေမထိ ထိုင်မသာ ဖြစ်နေရတာလဲ"

"အေးကွာ ... ပြောလည်း ခံရမှာပဲ"

"အခြေအနေ မကောင်းဘူးလား"

ပြန်မဖြေပါလေ။ ကြီးကြီးငယ်ငယ် lady တွေ၊ baby တွေ ကိစ္စမရှိ။ နန္ဒနဲ့တွေ့ရင် အားလုံးက အရည်ပျော်ကျကုန်တာ မဟုတ်ပါလား။ ဒါကိုတောင် မကျေနပ်နိုင်သေးပါဘဲ ဒီကောင်က နောက်ထပ် နောက်ထပ် next ဆိုပြီး ထပ်ရှာနေသေးတာပါလေ။ သူ့မှာဖြင့် စနိုးကြောင့် စံနှုန်းပြဿနာဖြစ်မှာကို စိုးရိမ်တကြီး ဖြေရှင်းနေ တာ မဟုတ်လား။

"သူ့မှာ အိမ်ကပေးစားမယ့်သူ ရှိနေလို့ ခက်နေတာ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်လေ၏။ ဘုရားရေ ... ဘယ်
ဖြစ်ပြီး လာတိုက်ဆိုင်နေရပါသလဲ။ သူနဲ့စံကိုလည်း လူကြီးရှေ့
သဘောတူထားကြတာပါလေ။ မဟုတ်သေးပါဘူး။ စံက သူနဲ့ဝါသနာ
တူသလို အပြင်လည်း သိပ်ကြီးထွက်လည်တတ်တဲ့လူမှ မဟုတ်ဘဲ
နန္ဒနဲ့ ဂုဂရာအကြောင်းမှ မရှိတာလေ။

နေရင်း ထိုင်ရင်း ရှာကြံစိတ်ပူမိသွားရသည့် သူ့အဖြစ်
ရယ်စရာဖြစ်နေတာကိုး။ ဘာပဲဖြစ်ဖြစ် ဖွင့်ပြောပြီးသည့် နန္ဒကသ
သူ့ထက် အခြေအနေ ပိုသာနေတာပါ။ သူကဖြင့် မမလေးကို ရှိန်
ပြီး ဖွင့်ပြောဖို့ နှုတ်က မရဲဘဲ ဒီလိုပဲ ငြိမ်နေဖြစ်တာ မဟုတ်ပါလာ
ကျွန်တော့်အဖြစ်ကို လှောင်နေလေမလား၊ စံ။

"မင်းရော"

"ဘာ ... ဘာကိုလဲ"

"ဟ ... မင်းစိတ်ဝင်စားနေတဲ့သူ တွေ့ပြီဆို"

"အဟင်း ... ဒါတော့ ဒါပေါ့"

"ခုထိ မပြောသေးဘူးလား"

"အေး"

"လက်နှေးပုံနဲ့ သူများနောက် ပါသွားဦးမယ်"

"မပါလောက်ပါဘူးကွာ၊ သူက အဲဒီလို မိန်းကလေးမျိုး





ဟုတ်တာ"

"ငယ်လား"

"ရွယ်တူပဲ"

"ဘာ ... ငါချစ်နေတဲ့ မိန်းကလေးကလည်း ငါနဲ့ ရွယ်တူပဲ
ကွ"

အလို ဘာဖြစ်ကုန်ပါလိမ့်။ တစ်ယောက်နဲ့တစ်ယောက်
ရင်ဖွင့်နေကြပေမယ့် နာမည်ကို ထုတ်မပြောမိကြတာပါလေ။ ဘုရား
ဘုရား နန္ဒရဲ့ကောင်မလေးက သူ့ရဲ့စံတော့ မဖြစ်လောက်ပါဘူးနော်။
ဟုတ်ပါရစေနဲ့လား။

"ဒါနဲ့ မင်းကောင်မလေးနာမည်က"

"ဒေါက် ဒေါက်"

"အစ်ကို ... ညှော်သည်"

ဘေးတံခါးကို ခေါက်သံပေးကာ ခေါင်းဖြူထွက်ပြီး ကောင်း
က် သတင်းပို့တာမို့ နှစ်ဦးသား စကားပြောရပ်သွားရပါ၏။ Cus-
mer လာတိုင်း ဒီလိုခေါ်တတ်တာမျိုး မရှိဘဲ စနိုးလာမှသာ ဤသို့
ပေးတတ်တာပါလေ။ ဘယ်သူများပါလိမ့်။

"ခဏနော်"

"အေးပါ"



www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်ကာ ဆိုင်ထဲပြန်ဝင်ခဲ့ရပါ၏။ ကောင်တာဆီ လှမ်းကြည့်သော်ငြား မည်သူ့ကိုမှ မတွေ့ရပါ။ ဘာလဲ ဟိုချာတိတ်နောက် တာများလား။ စနိုးဆိုလျှင် သူရှိနေမည့်နေရာ နားအနီးတစ်ဝိုက်မှာပင် ရပ်စောင့်နေတတ်တာပါလေ။ ကောင်းထက်ကို လှမ်းမေးမည်အပြု သူ့မျက်လုံးအကြည့်တို့က ထောင့်စွန်းစားပွဲထံ ရောက်သွားရပါ၏ ဘုရားရေ စံ ဖြစ်ပေါ်ရောလား။

"ထင်မထားဘူး"

"အားရဲ့လား"

"အားပါတယ် စံရဲ့ ဆိုင်မှာ လူမှသိပ်မကျတာပဲ"

"ပြောစရာရှိလို့ အချိန်ရမလား မေးမိတာပါ"

"ဘယ်သွားချင်လို့လဲ"

"ဒီမှာပြောလည်း ဖြစ်ပါတယ်"

"ဒါဖြင့် . . . ပြောလေ"

သူက စံအတွက် သောက်နေကျပုံစံအတိုင်း ကော်ဖီနှင့် စီစဉ်နိုင်းလိုက်ပါ၏။ မနက် (၉) နာရီနေက ထင်သလောက် မပူ ပေမယ့် ဆိုင်ထဲကို လင်းလင်းထင်းထင်း မြင်သာစေတာပါ။ သူ့ အကြည့်က စားပွဲထက်မှာ မရွေ့လျားပါဘဲ ငြိမ်သက်နေလေ ဘာများပြောစရာရှိနေပါလိမ့်။





ဆိုင်ဘေးခုံမှာ နန္ဒရှိမှန်း သိနေပါသော်လည်း နန္ဒက စံ လောက် အရေးမကြီးတာလေ။ ဘော်ဒါကလွှာမို့ နန္ဒလည်း သဘော ပေါက် နားလည်လိမ့်မည်ဟု သူ ယူဆမိပါ၏။ ကော်ဖီနှင့် မုန့်လာဖို့ ချိန်အထိ သူမ မည်သည့်စကားကိုမျှ မပြောပါလေ။

"သုံးဆောင်ပါ စံ"

"ကျွန်မတို့ကိစ္စကို ခရာ ဘယ်လိုစီစဉ်ချင်ပါသလဲ"

"ဗျာ"

"ကျွန်မ ပြောမှာထက် ခရာ့ဘက်က အခြေအနေကို အရင် သိထားတာ ကောင်းလိမ့်မယ်ထင်လို့ မေးတာပါ"

ရုတ်တရက်မို့ ဘာပြောရမည်မှန်း သူမသိပါ။ ဒါ လမ်းဖွင့်ပေး တာများလား။ ပွင့်နေတဲ့လမ်းကို အလိုက်သင့် လျှောက်နိုင်ဖို့က သူ့ တာဝန်ပါလ။ သူမ မျက်ဝန်းနှင့်အကြည့်ဆုံသွားစဉ် သူ အမြန်ရှာဖွေ မိပါ၏။ မျှော်လင့်ခြင်း နတ္ထိပါပဲလား။ ရိုဝေဝေအကြည့်တွင်းမှာ ညည်သည့်အနက်အဓိပ္ပာယ်တို့ ပျော်ဝင်နေတာပါလိမ့်။ သူ မဝေခွဲတတ် ပါလေ။

"ကျွန်တော်ကတော့ ဖေဖေတို့သဘောအတိုင်း လက်ခံပါ တယ်"

သူမအကြည့်တို့ မှုန်မှိုင်းသွားပါလေ၏။ ဘာများပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ပွင့်လင်းရိုးသားသူဟု ထင်ထားမိသော်ငြား သူမရင်ထဲမှာ လျှို့ဝှက်သိုသိပ်ထားမှုတွေကိုဖြင့် သူ မမြင်နိုင်တာ အမှန်ပါလေ။ စံ မင်းဘာတွေများ ကြံစည်မလို့ပါလဲ။

"ကောင်းပြီလေ . . . လူကြီးတွေသဘောဆိုတာ လူငယ်တွေ ပါစရာမလိုတော့ဘူးပေါ့"

"ဟာ . . . ကျွန်တော် အဲဒီလို မဆိုလိုပါဘူး။ စံ ထင်တာမှား နေပြီ"

"မမှားပါဘူး ခရာ။ ဒါဆို . . . ကျွန်မ ပြောမယ်"

အလိုလေး။ ပြဿနာမှ အကြီးအကျယ်ပါပဲလားလေ။ သူ့ အရင်ဖွင့်မပြောမိတာကို စိတ်များ ကောက်လေသလား။ ကျွန်တော် နှုတ်နည်းတတ်တာကို စံသိမှာပါလေ။ သူမက ကော်ဖီကို နှစ်ငုံ့ သောက်ကာ အားယူလိုက်လေ၏။ ကျွန်တော်တို့အတွက် အနာဂတ်က ဘာများပါလိမ့် စံရယ်။

"ကျွန်မဘက်က ကန့်ကွက်ပါတယ်"

"ဘယ်လို"

"ကျွန်မတို့လူငယ်ချင်း သဘောမမျှနိုင်ဘဲနဲ့တော့ လူကြီးတွေ သဘောကျ လိုက်လုပ်စရာအကြောင်းမှ မရှိဘဲ ခရာ။ ဒီတော့ . . . ."





"မဟုတ်ဘူး စံ . . . မဟုတ်ဘူး"

"ခဏလေးပါ ခရာ၊ ကျွန်မပြောတာကို ပြီးအောင် နားထောင်ပေးပါ"

"နားမထောင်နိုင်ဘူး စံ၊ ကျွန်တော်မှ လက်သင့်မခံနိုင်တာ"

"ခရာ"

"ပြောပါဦး . . . ကျွန်တော့်မှာ စံသဘောမကျနိုင်တဲ့အချက် ဘယ်နှစ်ချက်များရှိနေလဲ ပြုပြင်နိုင်မယ့်နည်းလမ်းရှိရင် ကျွန်တော် ပြင်နိုင်ပါတယ်၊ စံ"

"ကျစ် . . . မဟုတ်သေးဘူး"

"ဒါမှမဟုတ်ရင် စနိုးနဲ့ပတ်သက်ပြီး ကျွန်တော်အပေါ် အမြင်မကြည်နိုင်တာလား။ ဟုတ်လား စံ"

သူမ မျက်နှာကွက်ခနဲ ပျက်ကသွားပါ၏။ ထင်သားပဲ၊ ဘယ်လိုပဲ ကြွေဆည်နိုင်ပါစေ မိန်းမသားက မိန်းမသားပါပဲလား။ စံ သဝန်တိုတယ်ဆိုတာ သာမာန်မိတ်ဆွေတွေ ကြားမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့အရာမှ မဟုတ်တာလေ။ စံရဲ့ရင်ထဲမှာ တကယ်ပဲ ကျွန်တော် ရောက်နေပြီလား။ အလိုလေး ရင်တွေ ခုန်လာလိုက်တာနော်။

"စနိုးနဲ့ ကျွန်တော်က အရှင်းကြီးပါ။ ဆိုင်က ဘယ်သူ့ကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



မေးမေး။ အိမ်မှာ ကျွန်တော့်မိဘတွေကိုပဲ မေးမေး၊ ရှင်းရှင်းသိနိုင်ပါတယ်''

''ကျွန်မ ပြောချင်တာက''

''ကျွန်တော်ကိုယ်တိုင် ဖွင့်မပြောလို့လား။ Propose လုပ်ဖို့ သေချာပြင်ဆင်ပြီးရင်''

''တော်ပြီ တော်ပြီ၊ ဘာတွေလျှောက်ပြောနေတာလဲ''

''ကျွန်တော် လှုပ်ရှားမှုဖြစ်တော့မှာပေါ့ စံရဲ့။ စံဘက်က ဒီလောက် ဆန့်ကျင်စရာတွေများနေတာ၊ ဘယ်ဖြစ်ပါ့မလဲ''

''ခရာနော်၊ ရှင်ထင်ရာ ဖွတ်မလုပ်ချင်နဲ့''

''စနိုးက ဘာပြောလိုက်လို့ ဒီကိုရောက်လာတာလဲ''

ပြန်မဖြေပြန်ပါလေ။ သေချာပါတယ်။ ညီအစ်မချင်း မညီနိုင်တာနဲ့၊ သူ့ကို လာပြောတာ မဟုတ်လား။ ပြောတော့ ဆရာမဆိုပြီး အချစ်ရေးအချစ်ရာ ပြဿနာပုစ္ဆာကိုတော့ မဖြေရှင်းတတ်ပါလား စံ။ ရယ်စရာဖြစ်နေသော်ငြား ကိုယ်ချစ်တဲ့သူကို မရယ်ရက်ပါလေ။

''သိတာကျနေတာပဲ''

''ဒီလောက်တော့ မှန်းနိုင်တာပေါ့ စံရဲ့။ ဘာလဲ အစ်မကြီးနဲ့ အနစ်နာခံပြီး နောက်ဆုတ်ပေးမယ့် သဘောပေါ့လေ။ စံ မယူတာနဲ့





ကျွန်တော်က စနိုးဆီ လိုလိုချင်ချင်နဲ့ ရောက်သွားမယ်များ ထင်နေလား''

''ရှင်နော်''

''ပေးရော ပေးနိုင်လို့လား''

''. . . . . . . .''

''ကျွတ် ကျွတ် . . . ကျွန်တော်က စံကြိုက်တဲ့ ပေါင်းမုန့်လောက်တောင် အရာမရောက်ပါလားနော်''

''ခရာနော် . . . ကျွန်မ ရယ်ချင်လာပြီ''

''ရယ်ပါ၊ ရောက်လာကတည်းက ပြုံတော့မိုးလို အုံ့မှိုင်းပြီး ညိုနေတာ၊ ဒီကောင့်ရင်မှာ မချိဘူးဗျ''

''အဲဒါ ဘယ်စာအုပ်ထဲက ဖတ်ထားတာလဲ''

''အချစ်ဒဿနထဲက''

နှစ်ယောက်သား တီးတိုးရယ်လိုက်ကြပါ၏။ တော်ပါသေးရဲ့ ဧစပ်ဖို့ကိစ္စ ပျက်ပြီထင်သွားမိတာလေ။ ညီမလေးကို ချစ်တဲ့အစ်မကြီးရဲ့ချစ်ခြင်းက ဤမျှထိ ကြီးရပါသလား။ ဤမိန်းကလေး၏ နှလုံးသားကဖြင့် လေးစားဦးညွှတ်စရာပါလေ။

''စံ''

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



"စံက ဘယ်လိုက ဘယ်လို"

ရုတ်တရက် ရောက်လာသည့် နန္ဒက သူ၏စံကို တရင်းတနှီးဖြင့် ခေါ်လိုက်သည့်နှယ်ပါ။ ထင်မထားသည့်အဖြစ်ပါပဲ။ သူမက ခုံမှ ဖျတ်ခနဲထရပ်ကာ နန္ဒကို စူးစူးရဲရဲကြီးကြည့်လိုက်တာပါလေ။ ဘာလဲ နန္ဒကြိုက်နေတယ်ဆိုတာ စံဖြစ်နေတာ သေချာနေပါရော လား။ မင်းနဲ့စံ ဘယ်တုန်းက ဘယ်လိုတွေ့ပြီး ရင်းနှီးခဲ့ကြတာပါလဲ။



## အခန်း (၁၉)

"အိမ်က သဘောတူထားတယ်ဆိုတာ မင်းမင်းနဲ့လား"

"အဲဒါ ရှင်သိစရာမလိုပါဘူး"

"မလိုလို့ ဖြစ်မလား။ မင်းက ကိုယ့်ချစ်သူလေ စံရဲ့"

"ဘာပြောတယ်"

"နန္ဒ"

လုံးဝ ထင်မထားပါလေ။ ကျွန်မနှင့် ခရာ စကားကောင်းနေစဉ်မှာ သူက ဘယ်လိုဖြစ်ပြီး ဒီနားကို ရောက်လာတာပါလိမ့်။ သုံးယောက်သား မတ်တတ်ရပ်လိုက်ကြသလို ခရာနှင့်ကျွန်မကြား



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရပ်လိုက်တာက သူဆိုသည့် နေနန္ဒနိုင်ပါပဲ။ ဟိုတစ်လောလေးကမှ ဖြစ်သွားသည့် ပူပူနွေးနွေးကိစ္စကို ကျွန်မ ခုထိ အခဲမကျေနိုင်သေးတာလေ။

ခုတစ်ခါ နောက်ထပ်ရောက်လာပြီး ကျွန်မကိစ္စကို နှောင့်ယှက်ပြန်တာပါလား။ စနိုးကြောင့်နဲ့ ရင်ထဲ ရှုပ်ထွေးနေရတာ ပြေလည်ဖို့ ရှိသေးဒင်းက တစ်မှောင့်ပါပဲ။ စိတ်ပျက်စရာကြီးပါပဲလား။ ခရာကဖြင့် ကျွန်မနှင့်သူ့ကို နားမလည်ဟန်ဖြင့် ကြည့်နေရလေပြီ။

"ရှင် စကားပြောတာ ကြည့်ပြောနော်။ လူကို ဘာမှား ထင်နေလဲ"

"ကိုယ်ပြောတာ မှားလို့လား"

"နန္ဒ"

"ငါ့ချစ်သူကိုတော့ မင်းလက်ထဲ ထည့်မပေးနိုင်ဘူး။ မင်းမင်း Sorry ပဲ"

"ဟင်"

"နေနန္ဒနိုင်"

ကျွန်မ အံတော့ကို ဒေါသဖြစ်မိပါ၏။ ဆိုင်ထဲမှာ လူတွေလည်းရှိတာမို့ ရှက်စရာအဖြစ်ပါပဲ။ အများအမြင်မှာ ယောကျ်ား နှစ်ယောက်နှင့် တစ်ပြိုင်တည်း ရည်းစားထားပြီး ပွေရှုပ်နေသည့် မိန်းမ





ထင်စရာပါလေ။ အောင်မယ်လေးနော်၊ ဘယ်ဘဝက ရေစက်ဆိုးကြောင့်များ ဒင်းနဲ့ပြဿနာရှာကြီဖြစ်ရပါသလဲ။

"မောင်လို့ခေါ်ပါ စံ ... စိမ်းစိမ်းကားကားကြီး မဆက်ဆံပါနဲ့လား"

"ရှင် ... ရှင်"

အံတော့ကို ရဲတင်းလွန်းလေပြီ။ ခရာ့ရှေ့မှာ မဏ္ဍပ်တိုင်တက်ပြပုံနှင့် တူနေတာလေ။ စောစောကဖြင့် စနိုးနှင့်ပတ်သက်ပြီး အရှုပ်အရှင်းကို ရှင်းခဲ့ရတာ ဘာမှပင်မကြာသေး။ အခု သူပါဝင်ရှုပ်နေပြန်တာမို့ ခရာ အထင်လွဲစရာဖြစ်တော့မှာလေ။

"နေပါဦး ...ဘာတွေဖြစ်ကုန်တာလဲ။ ငါတော့ ဘာမှ နားမလည်တော့ဘူး"

"မင်းကို ငါပြောထားဖူးယ်လေ။ အဲဒါ ...ငါ့ချစ်သူပဲ"

"ရှင်နော် ... မဟုတ်တာ စွတ်မပြောနဲ့"

"ဟုတ်တာပဲ ပြောနေတာပါ စံ။ ကိုယ့်ဘက်က ဒီလောက်ဖွင့်လင်းခဲ့ပါလျက်နဲ့ စံက မျိုသိပ်လျှို့ဝှက်နိုင်လွန်းတယ်"

"ဘာ"

"ကိုယ့်ကို ဒီမှာ တစ်ယောက်တည်းထားခဲ့ပြီး။ ဟိုကို ပြန်ထွက်နိုင်လောက်အောင် အသည်းမာလွန်းရလား။ ကိုယ် မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



မခွဲနိုင်ဘူး၊ စံ''

''ဟင်''

သူ ပါးစပ်အဟောင်းသား ဖြစ်သွားရပါသည်။ စံပါ တအံ့တသြဖြစ်နေဘာမို့ အတွေးတွေက ဖဝေဖဝါ ယောက်ယက်ခတ်ကုန်လေ၏။ ဘာလဲ စံက နိုင်ငံခြားပြန်ထွက်မှာကိုတောင် သူ့ကို မပြောပြဖူးတာလေ။ ဘယ်လိုဖြစ်ပြီး နန္ဒက သိနေရပါသလဲ၊ စံနဲ့ နန္ဒ ဤမျှအထိ အဆင့်ရှိနေတာတောင် သူ လုံးဝမသိပါလားနော်။

''ကျွန်မတာသာ ဘယ်သွားသွား ဘာလုပ်လုပ် ရှင့်အပူလား''

''ကိုယ့်အပူပေါ့။ ကိုယ်ကမှ စံနဲ့ခွဲမနေနိုင်တာကိုး စံရဲ့''

''ရှင် အတော်လွန်နေပြီနော်''

''အေးအေးဆေးဆေး ပြောကြပါကွာ''

''ခရာ''

''နန္ဒနဲ့ သေချာညှိလိုက်ပါ စံ၊ ကျွန်တော် နားလည်ပါတယ်''

''မဟုတ်ဘူး ခရာ၊ ခရာထင်သလို မဟုတ်ဘူး''

''မင်းမင်းကမှ နားလည်သေးတယ်။ စံက ကိုယ့်ကို ပိုနားလည်ပေးသင့်တာပေါ့''

ကျွန်မအတော့်ကို စိတ်ရှုပ်ထွေးသွားရပါ၏။ ဘယ်လိုဖြစ်ပြီး





အခြေအနေတွေက ဤမျှထိ ရှုပ်ကုန်ရပါလိမ့်။ ခေါင်းထဲမှာ တဒုန်းဒုန်းဖြင့် သွေးတိုးလာသည့်နှယ် မြည်လာတာမို့ ခုံမှာ ခပ်ဖြည်းဖြည်းထိုင်ချလိုက်ရပါ၏။ ဒီတစ်ခါဘေးမှာရှိနေတာက ခရာမဟုတ်ပါပဲ သူဖြစ်နေတာပါလေ။

ဒီလူ အတော်လည်လွန်းပါ၏။ အခြေအနေကိုကြည့်ပြီး ဝင်ကျကျ ဝင်လုံးနိုင်ပုံပါ။ အထင်မှားစရာဖြစ်အောင် စကားလုံးသုံးတတ်တာ မဟုတ်လား။ ခရာကရော သူရောချလိုက်တဲ့စကားတွေကို ယုံတယ်ပေါ့လေ။ ဒါကြောင့် ကျွန်မနားက အသာရှောင်ထွက်သွားတာမဟုတ်လား။ ကျွန်မရင်ထဲ မချိပါလေ။ ကံကြမ္မာရယ်၊ ဒီလို ဖန်တီးပေးရတာ ဘာကြောင့်များပါလဲ။

''စံ''

''ကျွန်မကို ဘာမှ ဆက်မပြောနဲ့။ မကြားချင်ဘူး''

''ကိုယ်က''

''ရှင်က ကျွန်မအတွက် အန္တရာယ်ပဲ နေနန္ဒိုင်၊ ကျွန်မအနားကို ရှင်ရောက်လာတိုင်း ကျွန်မ အမြဲပဲ တစ်ခုမဟုတ်တစ်ခု ပြဿနာဖြစ်ရတယ်''

''တိုက်ဆိုင်မှုကြောင့်ပါ စံ၊ မရည်ရွယ်ရပါဘူး''

''ကျွန်မ အင်္ဂလန်ပြန်မယ့်ကိစ္စ ရှင် ဘယ်လိုသိရတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောထားတယ်လေ၊ စံနောက်က အရိပ်လို အ
လိုက်နေတာပါဆိုနေမှ"

"ရှင့်ဘာသာ အရိပ်မကလို့ အကောင်ကြီးပဲဖြစ်ဖြစ် ကျွ
ဂရုမစိုက်ဘူး။ ရှင်သိထားဖို့က ရှင့်ကို လုံးဝ စိတ်မဝင်စားဘူးဆိုတာ"

သူ မဲ့ပြုံး ပြုံးလိုက်မိလေ၏။ ဒီအသံမျိုးပဲ ထွက်လာ
မည်ဟု မျှော်လင့်ထားခြင်းကြောင့်ပါပဲ။ သူနဲ့နေသည့်တိုင်က ကျော
တိုင်၊ သစ်ငုပ်တိုင် မဟုတ်ပါဘဲ သံမဏိတိုင်လေး ဖြစ်နေတာ
ဖြစ်မှဖြစ်တတ်ပါလေ့။ မင်းမင်းနှင့် သဘောတူထားပါသည့်
ကလေးက သူ၏ စံ ဖြစ်နေတာလေ။

အချစ်က သဘောထားမကြီးနိုင်ဘူး စံ။ ဘာမဆို အမြဲအ
ရကျင့်ရှိခဲ့တဲ့လူက သူပင်မဟုတ်ပါလား။ ဒီတော့ သူငယ်ချင်း
ဘာသော ဂရုမစိုက်နိုင်တော့ပါဘဲ။ အနိုင်ရလိုစိတ်သာ ကြီးစိုးနေ
တာပါ။ မင်းကို ကိုယ်အဆုံးရှုံးမခံနိုင်ဘူး စံ။ ပိုင်ဆိုင်မှ ချစ်ခြင်းပီသ
မင်းကို ပိုင်ဆိုင်ခွင့်ရသူက ကိုယ်သာလျှင် ဖြစ်ရမှာပါလေ။

"အခု စိတ်မဝင်စားလည်း ရတယ်။ နောက်တော့ စိ
စားလာမှာပေါ့"

"ဘာ"

"စံမြင်တယ် မဟုတ်လား။ မင်းမင်းနဲ့ စံကို လူကြ





ဘယ်လိုပဲ သဘောတူနေပါစေ မင်းမင်းက တကယ်မချစ်လို့ နောက်
ဆုတ်သွားတာလေ"

"ရှင့်ပါးစပ်ပိတ်ထား"

"မှန်တာပြောတော့ မခံနိုင်ဘူး မဟုတ်လား။ ယောက်ျားဆို
တာ ကိုယ်လိုချင်တာကို ရအောင် ယူတတ်ဖို့ ဖွဲ့ရှိရတယ်လေ"

တောက် . . . ငါနော်။ အတော် ဒေါသထွက်လာပြီ။ ခရာက
သူငယ်ချင်းလည်းဖြစ်၊ ဆိုင်မှာ ပြဿနာဖြစ်မှာလည်း စိုးရိမ်လို့ နောက်
ဆုတ်လိုက်တာကို ကျွန်မသိပါ၏။ ဒါကို အလိုက်မသိသည့်သူက
နေရာကို အဆင်သင့်ဝင်ထိုင်နေတာ မဟုတ်ပါလား။ ရှင့်ကို တစ်ခုခု
လုပ်မှဖြစ်တော့မယ် နေနန္ဒနိုင်။ အတုံ့အလှည့်ဆိုတာ အလကားရှိတဲ့
စကားလုံးမှ မဟုတ်တာပဲ။

"ကျွန်မကို လာတွေ့တာ ဒါ နောက်ဆုံးအကြိမ်ဖြစ်ပါစေ
. . . နေနန္ဒနိုင်။ နောက်ထပ် ရှင့်မျက်နှာကို ကျွန်မ မမြင်ချင်ဘူး"

"ကိုယ်ကတော့ နောက်ထပ်အကြိမ်ပေါင်းများစွာ မြင်ခွင့်ရ
ချင်သေးတယ် စံ။ အဲဒီလိုတော့ မပိတ်ပင်ချင်ပါနဲ့"

ရှုံးပါ့။ ဒင်းကို ဘယ်လိုပြောပြော နာလိမ့်မည်မထင်ပါလေ။
ခက်ပါရဲ့။ အိမ်ထောင်ပြုစေချင်တဲ့မိဘတွေကြောင့် စဉ်းစားနေရ
သမယ့် ဒီလို စိတ်ရှုပ်ရတာမျိုး ဖြစ်မယ်လို့ မထင်မိခဲ့တာအမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကနေ ဘယ်လို ဒီသူငယ်ချင်းနှစ်ယောက်ကမှ ကျွန်မအပေါ်
လာပတ်သက်ကြပါလိမ့်။

"ရှင့်ကို ဘယ်လိုပြောမှ နားလည်နိုင်မှာလဲ"

"နားလည်မှုဆိုတာ ချစ်သူတွေဖြစ်သွားရင် လွယ်လွယ်လေး
ပါ စံ"

တွေ့လား၊ ဒီလောက် စိတ်ကိုလျှော့ထားပြီး ပြဿနာမဖြ
အောင် ပြောနေပေမယ့် ဒင်းဘက်က အလိုက်သင့်လေး လျှော့ပေး
လမ်းမမြင်ပါလေ။ ပြောကြတာဖြင့် လင်းလက်စန္ဒာဆိုတာ ခေါင်းမ
သည့် မိန်းမဆို။ တကယ်တမ်းမှာဖြင့် ကျွန်မထက် ပိုပြီးခေါင်းမာသည်
လူစားနှင့် လာဆုံနေရတာ မဟုတ်ပါလား။

"ရှင့်ကို ဘာနားလည်မှုမှ မပေးနိုင်ဘူး။ ကျွန်မနဲ့ ထပ်
မပတ်သက်မိအောင်သာ ဆင်ခြင်နေပါ"

"ကိုယ်က ပတ်သက်ချင်နေရင်ကော စံက ဘာလုပ်ချင်
လဲ။ မိဘတွေကို ပြန်တိုင်ရအောင် ကလေးမှ မဟုတ်တော့တာ
စံရယ်"

အတော်ပါးနပ်သည့် လူပါလေ။ ဘယ်စကားလုံးကို ဘယ်
ရှောင်ရမယ်၊ ဘယ်လိုဝင်တိုးရမယ်ဆိုတာကို အကုန်သိနေတာ
လား။ မိန်းမကျမ်းကြေတယ်ဟု မိဇော်ပြောဖူးတာကို ကျွန်မ မေ့





တာလေ။ ညီမလေးတွေ နှစ်သက်သဘောကျနေပါသည့် အမျိုးသား
နှစ်ယောက်စလုံးနှင့်မှ ကျွန်မကို ဘာကြောင့် ဆက်နွယ်နိုင်းရတာပါလိမ့်
လောကကြီးရယ်။

"တိုင်စရာ မလိုပါဘူး။ ကျွန်မ ကိစ္စကို ကျွန်မဘာသာ
ဖြေရှင်းနိုင်ပါတယ်"

သူ ပြုံးမိလေ၏။ ဤမိန်းကလေးကို ဘယ်နည်းလမ်းမျိုး
သုံးရပါမလဲ။ မျက်ဝန်းမှာ မာနမီးတဝင်းဝင်းတောက်နေသလို နှုတ်ဖျား
မှ ထွက်လာသမျှ စကားလုံးတို့က မြားတံနှယ် အဆိပ်ပြင်းလွန်းတာ
လေ။ စံ မင်းကို ချစ်နေတဲ့ကိုယ့်ကို နည်းနည်းလေးတောင်မှ သံယော
ဇဉ် မရှိဘူးတဲ့လား။

တော်ရုံမိန်းကလေးတွေ အကြည့်ချင်းဆုံတိုင်း ရဲရဲ ဆက်
ကြည့်ဘဲ မျက်လွှာချ အကြည့်ရှောင်သွားတဲ့ သူ့မျက်ဝန်းတွေကို
ပြန်ကြည့်ရဲသည့် အာဂမိန်းမပါပင်။ ကြောက်ရွံ့ခြင်းမရှိ တွန့်ဆုတ်
ခြင်းအလျဉ်းမရှိ။ မင်း ဘယ်လို မိန်းမပါလဲ စံ။

"မင်းကို အပျော်တွဲမှာလို့များ ထင်နေသလား စံ။ ကိုယ်
လက်ထပ်မယ့်မိန်းမအဖြစ် ရွေးပြီးမှ မင်းကို ဖွင့်ပြောရတာပါ"

သူမ ဟက်ဟက်ပက်ပက် ရယ်တော့လေ၏။ ဘာသဘော
ဆုက လှောင်ရယ်စရာ သတ္တဝါမှ မဟုတ်တာလေ။ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



အတည်အတံ့ပြောနေပါလျက် အလေးမထားတာက သူ့ရင်ကို တုန်လှုပ်ခြင်းဖြစ်စေတာပါ။ ဘယ်လိုလဲ နေနန္ဒနိုင်အတွက် မိန်းကလေးပေါင်းများစွာ၏ မျက်ရည်ဝဋ်က အစပြုလေပြီလား။

''အဲဒီစကားကို ရှင် ကျိန်ပြောလည်း ကျွန်မက No လို့ငြင်းဆန်မှာပါ နေနန္ဒနိုင်။ ကျွန်မအကြောင်း ရှင်သိလျက်သားနဲ့ ဒီလိုပြောတာ မရှက်ဘူးလား''

''ဘာ''

''အဲဒီစကားကို တခြားမိန်းကလေးတွေကြားလို့ ခေါင်းညိတ်ချင်ညိတ်လိမ့်မယ်။ ကျွန်မကတော့ ရှင့်ကို ဘယ်တော့မှ လက်သင့်ခံမယ် မထင်လေနဲ့''

''မင်း''

လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လျက်သား ဖြစ်သွားရပါ၏ မထိမိအောင် သတိထားနေပါလျက် ဤသို့ဖြစ်အောင် သူမက စလုပ်လာတာ မဟုတ်လား။ တွန်းအားမပေးပါနဲ့လား စံ။ ပိုင်ဆိုင်လိုစိတ်နဲ့ ပြင်းအားကို ကိုယ့်နှလုံးသားက မခံရပ်နိုင်လို့ပါ။

''ရှင် ... ဒါ ဘာလုပ်တာလဲ''

''နန္ဒ''

အနားသို့ မင်းမင်းပါ ရောက်လာသဖြင့် သူ ပို၍ခံရခက်





လာလေ၏။ သူငယ်ချင်းရှေ့မှာ အရှက်မရစေလိုပါ။ နေနန္ဒနိုင်ဆိုတာ ချစ်ခြင်းနဲ့ပတ်သက်လာတိုင်း အမြဲ နာမည်နဲ့လိုက်ဖက်အောင် နိုင်ခဲ့တာပါလေ။ သူမမျက်နှာက ပို၍အေးစက်လာသလို အံကိုပါ တင်းတင်းကျိတ်ထားလိုက်လေ၏။

''ကိုယ့်ကိုပြန်ချစ်ပါ စံ''

''မချစ်နိုင်ဘူးလို့ပြောထားတာ ရှင်မမှတ်မိဘူးလား''

''မင်းက မင်းက ငါ့ကိုငြင်းတယ်။ ဒီမှာစံ ... မျက်ခုံးတစ်ချက်ပင့်ပြပြီး ညို့ငင်ဆွဲယူနိုင်တဲ့အကြည့်မျိုးနဲ့ လက်ဖျစ်လေးတစ်ချက်မြည်သံမှာ မင်းတို့လို ဖယ်လေးတွေက ငါ့ရှေ့မှာ အလိုလိုကြွေကျလာတတ်တာပါ လင်းလက်စန္ဒာ။ မင်းက ဘာသားနဲ့ထုထားတဲ့ ရုပ်တုမို့ ငါလိုလူကို ရင်မခုန်ရတာလဲ၊ ဒီရင်ဘတ်ကြီးထဲမှာ အချစ်ဆိုပြီး ထခုန်နေတဲ့ နှလုံးသားကို မင်းမို့ ဥပေက္ခာပြုနိုင်ရက်တယ်။ သွေးအေးပြီး ရက်စက်တဲ့ မိန်းမတစ်ယောက်ကိုမှ ငါလိုလူက ချစ်မိရတယ်လို့''

''ဟာ ... စံ''

သူ့စကားအဆုံးမှာ ဘယ်ဘက်ပါးပြင်ထက် ခပ်ပြင်းပြင်းရိုက်ချက်က ထိလေ၏။ မျက်နှာထက်မှ နာကျင်မှုထက် ရင်ထဲမှာ ပို၍နာကျင်ခံစားရတာကို သူမမှ နားမလည်နိုင်တာလေ။ ဩော် စံရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

အိပ်ရာထက် ခွေနေမိပါ၏။ ထမင်းမစား ဗိုက်မဆာဘဲ လူက နုံးချိနေသည့်နှယ်ပါ။ ညာဘက်လက်ဝါးပြင်က ခုထိစပ်ပြီး နာနေတုန်းပါပဲ။ သူတစ်ပါးကို အသားနာကျင်စေချင်ရင် ကိုယ့်ဘက်ကလည်း တန်ပြန်နာကျင်မှုမျိုး ရှိနိုင်တာပါလေ။ ဒါကို သိသိကြီးနှင့် ကျွန်မ တမင်လုပ်လိုက်တာ မဟုတ်ပါလား။

ခုတော့ . . . ပြီးပြတ်လေပြီ။ စေ့စပ်ပွဲလည်း ပျက်ပြီ။ ခရာနဲ့လည်း လမ်းခွဲပြီ။ ဒါဖြင့် သူနဲ့ရော။ ဒီလောက်မှ မရှက်သေးရင် ရှေ့ကို ဆက်တိုးလာခဲ့ပေါ့လေ။ မှတ်လောက်သားလောက် ရှိပြီးလား။





ရှင်ခံစားရတာက ကျွန်မညီမလေး ခံစားရတာလောက်မှ မရှိတာပဲ နေနန္ဒနိုင်။

"မမ"

တံခါးခေါက်သံမပေးဘဲ ရောက်လာသည့် ဟန်နီဇော်ကြောင့် အိပ်ရာထက် လူးလဲထလိုက်မိပါ၏။ မသေမသပ်ဖြင့် ပြေကျနေသည့် ဆံပင်တွေကိုပါ ဖြစ်သလို စုထုံးလိုက်ပါသည်။ အငယ်တွေရှေ့မှာ အကြီးဖြစ်သူက စံပြုဖြစ်နေရမှာလေ။

"ထမင်းမစားဘူးဆို"

"စားချင်စိတ်မှ မရှိတာ"

"နှစ်ယောက်စလုံး ဘယ်လိုဖြစ်နေကြတာပါလိမ့်"

"ဘယ်သူဘာဖြစ်လို့လဲ"

"အန်တီလေးအိမ်မှာလည်း ကျွတ်ကျွတ်ညံနေတယ်လေ။ မနဲ့ ကိုမင်းတို့ကို စနိုးဝင်မွှေလို့ Engage ပျက်တာဆို"

"ကျစ် . . . မဟုတ်ပါဘူး"

"အဲဒါ . . . မိငယ်ကို ဝိုင်းဆူနေလို့ နားပူပြီး ဒီပြေးလာမိပါတယ်၊ ဒီမှာလည်း ဒီပုံစံ ထူးမခြားနားပဲ"

တစ်ခွေမျိုးလုံး သိကုန်ကြပြီမို့ မဖြေရှင်းချင်တော့ပါလေ။ ဘယ်တတ်နိုင်ပါ့မလဲ။ ကျွန်မကုသိုလ်ကံကိုက ဒီတိုင်းပါလာတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



လောကကြီး ဖြစ်စေချင်တဲ့အတိုင်း အလိုက်သင့် မျှောလိုက်ရုံသာ။ မိဇော်က ကျွန်မထိုင်နေသည့် ခုတင်ထက်မှာပင် အတူလာထိုင်လိုက်လေ၏။ မျက်နှာလေးကြည်လင်နေတာမို့ သူ့အတွက် ဘာမှ မခံစားရဘူးထင်ပါရဲ့။ တော်သေးတာပေါ့နော်။

“မမက လုပ်မယ့်လုပ်တော့လည်း Online ပေါ်မှာတောင် နာမည်ကြီးသွားတာပဲ။ အဲဒီလိုလူကြားထဲမှာမှ လုပ်ရလား”

“မကျေနပ်လို့တိုင်လည်း ရှင်းရုံပေါ့။ ဂရုစိုက်စရာလား။ သူလွှင့်တာတော့ လူမသိဘူး”

“သူက ဘာလွှင့်ထားလို့လဲ”

“မမေးနဲ့”

မျက်စောင်းက ဒိုင်းခနဲ ရောက်သွားရပါ၏။ ကိုယ့်ညီမ အပြစ်မမြင်ပေမယ့် စေ့စေ့ပေါက်ပေါက်မေးတာကိုဖြင့် မကြိုက်လှပါ။ လျှို့ဝှက်ချက်ဆိုတာ ကိုယ်မပြောမချင်း ဘယ်သူမှမသိအောင် ဖုံးကွယ်ထားနိုင်မှာလေ။ ဒါမှ လျှို့ဝှက်ချက် ဖြစ်တော့မှာပေါ့။

“အောက်မှာ အသံတွေကြားတယ်။ ဘယ်သူတွေပါလာလဲ”

“ဖေဖေရော မေမေပါ အတူပါလာတယ်”

သေစမ်း၊ လေးလေးတို့ပါ လိုက်လာမှဖြင့် ကျွန်မကိုစွ





အကျယ်အကျယ် ရှက်ဖွယ်ပါလေ။ အငယ်ဆုံးဖြစ်တဲ့ စနိုးကို သွားတွေ့သင့်ပေမယ့် သူနဲ့ဆုံမှာစိုးပြီး အိမ်တွင်းအောင်းနေကာမှ အိမ်အထိရောက်လာရတယ်လို့။ လူကြီးတွေရောက်လာတာကို ဆင်းပြီးမတွေ့လျှင် မကောင်းဖြစ်တော့မှာပါလေ။

“ဘယ်လဲ”

“အောက်ဆင်းရမှာပေါ့”

“ဒီပုံကြီးနဲ့”

“ဘာဖြစ်လဲ၊ ကိုယ့်ဦးလေးနဲ့အဒေါ်ပဲကို ရှက်စရာလား”

“မမပုံစံက ရည်းစားပူမိနေပုံမျိုးကြီးဖြစ်နေတာ”

“ဘာပြောတယ် . . . မိဇော်နော်”

“နည်းနည်းပါးပါးလေး ပြင်ပါလား”

“မပြင်ချင်ပါဘူး။ နဂိုကမှ ကတုံးတုံးပြီး သီလရှင်အပြီးဝတ်ချင်နေပြီဆိုကာမှ လာမဆွနဲ့”

“Message ပို့ပေးရမလား”

“ဘယ်သူ့ဆီလဲ”

“ကိုမင်းဆီ”

“ပို့ရဲပို့ကြည့် နင်နဲ့ ရှင်ခန်းပြတ်ပဲ”

လုံချည်ကို ပြင်ဝတ်လိုက်ပါ၏။ မိဇော်က တဟီဟီရယ်ကာ



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးကို အရင်ဖွင့်ထွက်လေပြီ။ ဆွေမျိုးဆုံချိန်က ရှားပါဘိသနဲ့။ အိမ်လာတုန်း ကိုယ်က အခန်းအောင်းနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဂါရဝ တရားဆိုတာ ရှိသေးတာလေ။ အောက်ထပ်ကိုရောက်တော့ လူကြီး တွေ စကားဝိုင်းက အတော်စိုပြည်နေတာပါ။

"ဟော . . . ဆင်းလာပါပြီ"

"ဘယ်လိုလဲသမီး အဆင်ပြေရဲ့လား"

"ဘာကိုမေးတာလဲ လေးလေးရဲ့"

"တွေ့လား . . . မင်းတူမက စိတ်နဲ့လူကို မကပ်တော့တာ"

"သြော် . . . ပြေပါတယ်။ လေယာဉ်လက်မှတ်တောင် ဖြတ် ပြီးနေပြီ။ သွားဖို့အားလုံး ready ပဲ။ Suit case လည်း ပြင်ပြီးပြီ"

"သွားရော သွားဖြစ်ပါ့မလား"

"ဘာလို့မသွားဖြစ်မှာလဲ အန်တီလေးရဲ့။ စံက ရည်မှန်း ချက်ကြီးတာကို သိရဲ့သားနဲ့"

"မပြောနိုင်ဘူးလေ၊ အခုတောင်ဒီလိုပုံဖြစ်နေတာ ဟိုရောက် မှ စာမကျက်နိုင်ဘဲ တမှိုင်မှိုင်တတွေတွေ ဖြစ်နေရင် ဘယ့်နှယ်လုပ် မလဲ။ ဘေးမှာ ဘယ်သူမှမရှိနဲ့ ခက်နေမှဖြင့်"

ကျွန်မ မျက်နှာမပျက်အောင် အတော်ကြိုးစားရပါ၏။ သူစိမ်း တွေက မသိနိုင်ပေမယ့် ကိုယ့်ဆွေမျိုးသားချင်းတွေကဖြင့် သိနိုင်တာ





ပါလေ။ မိဇော်က ခုံသီးသန့်မထိုင်ဘဲ ကျွန်မထိုင်နေသည့် ခုံမှာပင် ပူးပူးကပ်ကပ် ထိုင်လိုက်လေ၏။ မိန်းကလေးတွေမို့ ခန္ဓာကိုယ်သေးပေ မယ့် တင်ပါးကြောင့် ကြပ်တော့တာပါလေ။

"ကျစ် . . . ခုံသပ်သပ်ထိုင်စမ်းပါဟယ်"

"မမယောက်ျားယူရင် ဒီလိုမထိုင်ချင်လို့ ဖြစ်မလား"

"မိဇော် . . . နင်နော်"

"ဘဘသမီးကို ကြည့်ထိန်းကြဦးနော်။ ကတုံးတုံးချင်နေပြီ တဲ့ ပြောတယ်"

"ဟယ်"

"အ . . . နာတယ်"

စိတ်ပေါက်ပေါက်ဖြင့် ပြောသမျှပြန်ပြီးဖောက်သည်ချနေ သည့် မိဇော်ပေါင်ကို ဆွဲလိမ်လိုက်မိပါ၏။ ဟိုကလေးလည်း အိမ်က ငိုင်းဆူကြလို့ ငိုနေရောပေါ့။ အချစ်ကိုမတွေ့ဖူးသေးသည့်အရွယ်ငယ် ငယ်မို့ ခံစားရရှာမှာပဲ။ သနားစရာပါ။ သို့သော် ကျွန်မကိုယ်ကျွန်မ ပြန်သနားမိတာက ပိုတာပါလေ။

"ဟိုသွားပြီး ပြန်လာချင်စိတ်ရော ရှိပါ့မလား"

"___"

"ကိုကို့သမီး ကြည့်ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ခက်တော့ခက်တယ် ဟန်ဇော်ရေ။ သမီးနဲ့ပတ်သက်လာတဲ့ လူငယ်နှစ်ယောက်စလုံးက အငယ်နှစ်ယောက်ရဲ့လူတွေ ဖြစ်နေတော့"

"အို . . . စံနဲ့ ဘာမှမပတ်သက်ပါဘူး။ ဖေဖေတို့လူကြီးတွေ လုပ်ကြတဲ့ ဇာတ်လမ်းကိုများ"

"ဟန်နီနဲ့က ပြတ်သွားတာကြာပါပြီ ဘာဘရယ်။ မမနဲ့ကျ သူလည်း အရှက်ဟက်တက်ကွဲရတာပါ။ နည်းတောင်နည်းသေး တယ်"

"အေး . . . လူငယ်ချင်းက ပြောရင် ရှင်းလို့နိုင်ပေမယ့် လူကြီးချင်းတော့ မျက်နှာပူစရာပါပဲ။ အထူးသဖြင့် ဒေါက်တာနေမျိုးနိုင် ပိုပြီးအားနာရတာ"

ကျွန်မ မျက်နှာငယ်သွားရပါ၏။ ဆရာဝန်ကြီးကိုတေ အားနာမျက်နှာပူမိတာအမှန်ပါ။ သို့သော် လူကို အတင်းလိုက်ကပ်နေသည့် သူ့ကို lesson ပေးချင်နေတာနှင့် အခွင့်ကြုံသွားလို့ လုပ်လိုက် တာပါပဲ။ အဲဒီအချိန်မှာ ညီမဖြစ်သူ မျက်ရည်ကျခဲ့တာကို အာရုံ မြင်လိုက်မိသည့်တွန်းအားက ပြင်းထန်သွားခြင်းကြောင့်ပါလေ။

"တစ်ရက်တော့ လာမယ်ထင်တာပဲ"

"ဘယ်သူလဲ ဒေါက်တာတို့လား"



"အေးပေါ့"

"အို . . . ဘာကိစ္စလာကြမှာလဲ။ လာဖို့မလိုပါဘူး။ စံတို့ကိစ္စက ပြီးပြတ်နေပြီပဲကို။ ဘာဆက်စရာမှ မရှိဘူး"

"ချော် . . . ဘယ်လိုဖြစ်ပြီး အကြောက်အကန် ငြင်းနေရတာလဲ သမီးရာ"

"ဟုတ်ပ့ါ . . . ဘာလဲ မေမေတို့သမီး အဲဒီကောင်လေးကို စိတ်ဝင်စားနေတာများလား"

"မေမေ"

"မဟုတ်ရင် ပြီးရောပေ့ါ။ ဆတ်ဆတ်ခါ နာပြမနေနဲ့"

"ဒါဆို . . . နောက်တစ်ယောက်ကရော"

"မိဇော်နော်"

"မမလို လောကကြီးကို အနားသတ်ပြီးမြင်တတ်တဲ့လူကို ပြော။ အားလားလား သေပါပြီ"

"နင် ဘယ်လိုဖြစ်နေတာလဲ"

မိဇော်က ဒီတစ်ခါတော့ အတော်နာသွားပြီထင့် ခုံပြောင်းထိုင်လေတော့၏။ ဘယ်လိုဖြစ်ပြီး လူကို အတင်းလိုက်ကြပ်နေပါလိမ့်။ ဘယ်သူနှင့်မှ မစေ့စပ်ဖြစ်လို့ ဒီပုံစံ ဒီအတိုင်းပဲ ဆက်နေသွားတော့ ယ်ဆိုမှ လူကို ငိုအောင်လုပ်ချင်နေကြရပါသလား။

www.burmeseclassic.com

www.burmeseclassic.com



"မင်းမင်းကိုရော"

"ဟင့်အင်း"

"ပြောတောင်မပြောရသေးဘူး ငြင်းတာကအရင်"

"ထင်တော့ ထင်သား။ ဖုန်းထဲမှာတော့ အဆင်ပြေနေကြပြီး ဟိုကလေးရောက်လာပြီးမှ အသံမြည်ကုန်တာ။ ဘာတွေ ငိုယိုပြီး ပြောသွားတယ်မသိပါဘူး။ ခရာနဲ့ကိစ္စ ဖျက်ပေးပါမေမေဆိုပြီး ဖြစ်တော့တာပဲ"

"အံမယ် . . . ခရာတွေ ဘာတွေ ဖြစ်တဲ့အထိ တိုးတက်လာဘာပေါ့လေ။ ဟီဟိ"

"မိဇော်"

"သမီးနှစ်သက်ရင်လည်း ဖေဖေတို့ စီစဉ်ပေးလို့ဖြစ်ပါတယ်။ မင်းမင်းက စနိုးကို ညီမလေးလို သဘောထားတာတဲ့။ ပွင့်တို့ပြောတာပဲ"

ကျွန်မ ခေါင်းကိုသာ ခါပြလိုက်ပါ၏။ ဘာလုပ်တော့မှာလဲ။ အာရုံထဲမှာ ကျွန်မကို ဘာမှမပြောဘဲ နောက်ဆုတ်သွားသည့်သူကိုသာ မြင်နေမိတာပါ။ ငဲ့ညှာထောက်ထားတာလား။ နားလည်ပေးတာလား။ သို့တည်းမဟုတ် ရင်မဆိုင်ချင်၍ ဖယ်ခွာရှောင်ရှားချင်တာများလား။ ကျွန်မ မသိပါ။ ခရာ့ရင်ထဲမှာ မြင်နိုင်စွမ်းမှ မရှိတာလေ။





"မသွားခင် ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း သိထားတော့ ကောင်းတာပေါ့ သမီးရယ်။ စိတ်ထဲရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်း ပြောမှပေါ့"

"ဟုတ်တယ် . . . ဒါမှ ဖေဖေတို့ စီစဉ်ပေးလို့ရမှာ သမီးရဲ့"

မသွားခင်တဲ့လား။ မသွားနဲ့လို့ တားမယ့်သူမှ မရှိတာလေ။ တကယ်ဆို ဟန်လေးပန်လေးနဲ့ တားပါတော့လား။ နေနန္ဒနိုင်ကတောင် ဘာမဆို ညှာမဆိုင်နဲ့ မခွဲနိုင်ဘူးဆိုပြီး ပြောသေးတာပါလေ။ ဆိုင်တဲ့သူက ရေငုံနှုတ်ဆိတ်နေမှဖြင့် မိန်းမသားဖြစ်တဲ့ ကျွန်မက ဘာများတတ်နိုင်မှာတဲ့လဲ။

မေးမှပြောတာ၊ ကျွန်မ လမ်းဖွင့်ပေးမှ လျှောက်ရဲတာ ဘာသဘောပါလဲ။ မရဲဝံ့တာလား သို့တည်းမဟုတ် မိန်းမသားမို့ ငဲ့ညှာပြီး ဦးတားပေးထားတာများလား။ ယောက်ျားဆိုတာ တကယ်တမ်း ဦးဆောင်ရသူပါ ခရာ။ ဒါတောင်မှ ရှင်က ရှေ့က ကြိုလျှောက်ပြီး သက်ကမ်းပေးရင် ကျွန်မက ဘာလုပ်ရပါ့မလဲ ရှင်ရယ်။

"သမီးကိစ္စကို အားလုံးဖျက်ပေးပါ ဖေဖေ။ ဒီကိစ္စမရှိခဲ့ဘူး ဆိုပဲ သတ်မှတ်ပေးပါ"

"မဟုတ်သေးဘူး သမီးရယ်။ သမီးကိုကြည့်ရတာ ဒီကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာချင်တဲ့ပုံ မရဘူး။ မေမေတို့ မလွှတ်ချင်တော့ဘူး စံ''

ကျွန်မ မျက်ရည်ဝဲသွားရပါ၏။ ပြန်လာတော့ရော ဒီမှာ ပျော်နိုင်မှာမို့လား။ ပတ်သက်ခဲ့ဖူးပါတယ်၊ ရင်းနှီးခဲ့ဖူးပါရဲ့။ ဖုန်းထဲမှာ လေသံတွေနဲ့အတူ နွေးထွေးမှုလည်း ရှိခဲ့ဖူးပါတယ်။ သို့သော် အခိုက် အတံ့လေးပါ၊ ခေတ္တခဏလေးပါ ခရာ။

ဘာစကားမှ ဟုတ်တိပတ်တိ မပြောဖြစ်ဘဲ လူကို ခပ်ငေး ငေးကြည့်ခဲ့တဲ့ သူ့အကြည့်တွေ။ ကျွန်မပြောတာကို နားထောင်ရင်း သဘောကျသည့်နှယ် ပြုံးလေ့ရှိတဲ့ သူ့အပြုံးချိုချိုတွေ။ ရှက်ရွံ့ဟန် အပြည့်ဖြင့် နားရွက်ဖျားတွေ ရဲလာပြီး အလိုက်သင့်ရယ်မောတတ် သည့် သူ့အသံခပ်တိုးတိုးတွေ။ ဒါတွေအားလုံးဟာ နောက်ဆုံး အိပ်မက်ဖြစ်ခဲ့ရပါပြီလေ။

''လူဆိုတာ မသေခင်အချိန်ထိ အောင်မြင်မှုရအောင် ကြိုးစားသွားမှ လူပီသမယ်။ လူ့တာဝန်ကျေပွန်မယ်လို့ ဖေဖေတို့ စံကို ဆုံးမပေးခဲ့တာပါ။ သမီးလျှောက်တဲ့လမ်းကို ပြီးဆုံးအောင် လျှောက်ပါရစေ မေမေ''

''အိမ်ထောင်ပြုခြင်းဆိုတာကလည်း လူ့တာဝန်တစ်ရပ် လင်းလက်စန္ဒာ၊ ဒါကို ဖေဖေ့သမီး မမေ့သွားစေချင်လို့ အသိပေး တာပါ''





စကားသံတို့ တိတ်ဆိတ်သွားပါ၏။ ပြောစရာစကားတို့ ကုန် လေပြီ။ ရင်ထဲမှာ နွမ်းလျနေတာအမှန်ပါ။ ကလေးဆိုလျှင်လည်း စိတ်ထဲရှိတဲ့အတိုင်း အသံကုန်အော်ပြည်လိုက်ရုံသာ ကျိတ်ခံစားနေစရာ မှ မလိုတော့တာလေ။

ခရာ ခင်ခဲ့ပါတယ်၊ ရင်းနှီးခဲ့ပါတယ်။ သံယောဇဉ်တွယ်သင့် သလောက်လည်း တွယ်တာမိခဲ့ပါတယ်၊ စိတ်ကူးထဲမှာပါတဲ့ စိတ်ကူး ဆိုတာ လက်တွေ့အကောင်အထည်မဖော်ဖြစ်တဲ့ အာရုံသက်သက် ဆိုတာကို ခရာလည်း သိမှာပါလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ကားကို ကန်တော်ကြီးပန်းခြံအတွင်းရှိ လမ်းမထက်မှာ ဦးဆိုင်လျှက် ရပ်လိုက်မိကြပါ၏။ ချိန်းထားသည့်နာရီအတိုင်း အ အကျ ရောက်လာကြတာမို့ မိနစ်ပင် မစွန်းပါချေ။ ငယ်သူငယ်ချ နှစ်ယောက်ဟာ မိန်းကလေးတစ်ယောက်ကြောင့် ရန်သူတွေအဖြ ရှိသင့်ပါသလား။

ကားပေါ်မှဆင်းကာ ကန်ဘောင်အနီးသို့ လျှောက်လာခဲ့ ပါ၏။ မြက်ခင်းစပ်မှာ ခြေစုံရပ်မိသည်အထိ မည်သည့်စကား မပြောဖြစ်ကြသေး။ ညနေခင်းနေက ခပ်နွေးနွေးသာ အပူရှိန်ရှိ





သလို ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လေကလည်း မအေးဘဲ ပူနွေးနေတာပါလေ။

မင်းအက္ခရာက ထုံးစံအတိုင်းပင် စွပ်ကျယ်ဖြူခံ၍ ရှပ်အဖြူကို ပုဆိုးဖြင့် တွဲဝတ်လာတာပါ။ ကတ္တီပါဖိနပ် အနက်ရောင်နှင့်မို့ ပို၍ ရှင်းသန့်နေသလိုပါလေ။ ဆံပင်တွေကို သေသပ်စွာဖြင့် မထားသော်ငြား ခပ်တိုတိုပင် ညှပ်ထားတာမို့ သိပ်ကြီး ပွယောင်းမနေပါချေ။

ဤပုံစံကိုက မြန်မာဆန်ဆန် ဝတ်လေ့ရှိသည့် သူ့မအမြင်နှင့် အံဝင်ခွင်ကျဖြစ်ခဲ့ပါသလား။ ယှဉ်ပြီး ရွေးရင်တောင် တစ်ကွက်ချင်း မြင်တတ်ပါက သူက တစ်မှတ်ချင်းပိုသာပြီးအမှတ်များနိုင်တာပါလေ။ ဒါနဲ့တောင်မှ ဒါနဲ့တောင်မှ စံရဲ့မျက်ဝန်းထဲမှာ သူက စွဲထင်ခြင်းမရှိဘူး တဲ့လား။

"ဘာပြောမှာလဲ ပြောလေ"

တိတ်ဆိတ်ခြင်းကို မင်းမင်းက စခွဲပါလေ၏။ သက်ပြင်းကို မှုတ်ထုတ်လိုက်မိပါသည်။ ရင်ထဲမှာ မွန်းကြပ်နေမှုက ပြောမပြနိုင် အောင်ပါပဲ။ အနိုင်ယူလိုသူ၏နောင်တတို့က ရင်တွင်းမှာ တန့်နှံ့ဖြင့် ခိုအောက်စေနေတာပါလေ။ မပြောမဖြစ်လို့ ပြောရတာဖြစ်ပေမယ့် ရင်ထဲမှာ နာတယ် မင်းအက္ခရာ။

"စံနဲ့ပတ်သက်တဲ့ကိစ္စပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျစ် ... အဲဒီကိစ္စဆိုရင် မပြောပါနဲ့တော့ နန္ဒ။ ငါ မကြားချင်တော့ဘူး။ ပြီးခဲ့တာ ပြီးပါစေတော့"

တွေ့လား။ မတူတာတွေကို မမြင်ပါလား လင်းလက်စန္ဒာ မင်းမင်းက တွေဝေတယ်။ မပြတ်သားဘူး။ လိုချင်လောဘနည်း တယ်၊ သူက ဖျတ်လက်တယ်၊ ပြတ်သားတယ်၊ လိုချင်တပ်မက်စိတ် လောဘရှိတဲ့လူပါ။ ဒါကိုတောင်မှ ယှဉ်ပြီးရွေးရတာ မမြင်နိုင်ဘူး လားကွယ်။

အာရုံက မနေ့ညနေက အဖြစ်ဆီသို့ ဖျတ်ခနဲ လွင့်ပါသွား ပါ၏။ တစ်ညနေလေးနဲ့ နေနန္ဒနိုင်ရဲ့ အရောင်တွေ မှေးမှိန်ပျက်ပြယ် ရတာပါလေ။ ဘယ်သူကထင်ထားပါ့မလဲ။ အမုန်းတွေရှိမနေ သို့သော် နှုတ်ခမ်းထက် အပြုံးတို့မထင်ကျန်ရစ်။ စိမ်းသက်ခြင်း ရှိမနေပါ။ သို့သော် လှို့ဝှက်ခြင်းတို့က နောက်ကွယ်မှာ အပြည့်အ ရှိနေလေ၏။

"လူကြီးတွေကိုတော့ အားနာမိပါတယ်၊ ဒါပေမဲ့ ... ကျွ ဘက်က မလွန်ဘူးဆိုတာကိုတော့ ရှင်သိမှာပါ နေနန္ဒနိုင်၊ လော Action ရှိလို့ Reaction ဆိုတာ ဖြစ်လာရတာပါ"

"ကိုယ်သိပါတယ် စိတ်မဆိုးပါဘူး စံ၊ လွန်မိတာက ကို ပဲ"





"ဒါတောင်မှ ရပ်တန်းက မရပ်တဲ့ ရှေ့ဆက်တိုးဝံ့တဲ့ ရှင့်သတ္တိ ကိုတော့ ကျွန်မ ချီးကျူးပါတယ် နေနန္ဒနိုင်။ တပ်ကူအင်အားက တောင့်ပါရဲ့"

"လာတောင်းပန်တာပါ စံ၊ တစ်မျိုးမထင်လိုက်ပါနဲ့။ ဒယ်ဒီ ကိုယ်တိုင်က စံကို တောင်းပန်ချင်လို့ဆိုလို့ ကိုယ်ခေါ်လာရတာပါ"

သူမတို့ ခြံဝင်းထဲမှာပါ။ တိုက်ရှေ့ မြက်ခင်းပြင်စပ်ရှိ ခုံတန်း ဖြူမှာ ခပ်လှမ်းလှမ်းခွာကာ ထိုင်နေခြင်းပါပဲ။ လေအဝှေ့လွင့်ပါလာ သည့် စကားပွင့်တို့က မြကမ္ဘလာထက် ကြွေကျငြိမ်သက်သွားပုံက ကဗျာဆန်စွာ လှပလွန်းတာပါလေ၊ ခေါင်းလျှော်ထားပါသည့် သူမထံမှ Shampoo နံ့ကို လေထဲမှာ ခပ်သင်းသင်း ရှူရှိုက်မိလေ၏။ သူမနှင့် စဆုံချိန်က ဤသို့ပင် ဆံပင်ရှည်တို့ကို ဖြန့်ထားတာကို အမှတ်ရမိတာ ပါလေ။

"ပြီးခဲ့တာ ပြီးပါစေတော့။ မေ့လိုက်တာအကောင်းဆုံးပဲ ဖြစ်မှာပါ"

"ကိုယ်က မမေ့နိုင်တော့ ခက်သားလား စံ"

သူမထံမှ သက်ပြင်းရှိုက်သံသဲ့သဲ့မျှ ထွက်လာလေ၏။ အဘယ်ကြောင့် ရင်မောနေရပါသနည်း။ အမြဲတစေ ဖျတ်လတ်တက် ကြွနေပါသည့် ပုံရိပ်တို့က ယခုနှင့် တခြားစီပင်။ အခုတော့ပြင် ...



www.burmeseclassic.com

www.burmeseclassic.com



ခုံတန်းပေါ်မှာ ကော်ရုပ်လေးချထားသည့်နှယ် မလှုပ်မယှက် ငြိမ်သက်နေသည်က သူ၏ စံတဲ့လား။

"အချစ်ဆိုတာ ဘာလဲဟင်"

"စံ"

"ရှင်က ချစ်သူတွေအများကြီးရှိခဲ့လို့ အဲဒီဘာသာဗေဒကို အကျွမ်းကျင်ဆုံးဖြစ်ကောင်းဖြစ်နေမှာပါ"

မဟုတ်ပါဘူး စံ၊ မဟုတ်ရပါဘူး။ ကိုယ်မကျွမ်းကျင်တဲ့ ဘာသာရပ်ပါလေ။ အချစ်ဆိုတာကို အလေးအနက် မထားတတ်လို့ တန်ဖိုးမထားတတ်ခဲ့လို့ အဲဒီအရာက ကိုယ့်ကို အခုလို ကောင်းကောင်းကြီး သင်ပေးနေတာပါ။ အချစ်ဆိုတာ ကစားစရာမဟုတ်မှန်း ကိုယ်သိနေရပါပြီ စံရယ်။

"ကျွန်မ လုံးဝမသိခဲ့ဘူး။ ဒီအရွယ်အထိ အဲဒီအရာနဲ့ မအော်စပ်ခဲ့တာအမှန်ပဲ။ ရှင့်ကိုမှ ပြောပြနေမိတာ ရှက်စရာပါ။ ဒါပေမဲ့ ... ပြောချင်နေတော့ ခက်သားလား။ ပြောပါရစေနော်"

"ပြောပါစံ ... ကိုယ် နားထောင်နေပါတယ်"

သူမ ခပ်ယဲ့ယဲ့ပြုံးလိုက်လေ၏။ အပြုံးက အသက်မပါလှချေ။ ရင်ထဲမှာ အဘယ်မျှ နာကျင်နေမှာပါလိမ့်။ ကိုယ် အစားယူလို့ရရင် စံ ခံစားနေရတဲ့ ဝေဒနာတွေကို မျှဝေယူပေးပါတယ် စံရယ်





"အချစ်ဆိုတာ ရုပ်ဝတ္ထုမရှိဘူး။ ကိုင်တွယ်လို့လည်း မရဘူး။ ဒါပေမဲ့ ... သူ့မှာ အစွမ်းသတ္တိတွေ ရှိနေတာအမှန်ပဲ"

သူ ခေါင်းညိတ်ပြလိုက်မိ၏။ ထောက်ခံတာရော သူမစကားကို ဆက်ပြောစေလိုတဲ့ သဘောနှင့်ပါလေ။ မြက်ခင်းထက်မှ စကားပွင့်လေးကို လှမ်းကောက်ကာ လက်ထဲမှာ ဝှေ့ပြီး လှည့်ကစားနေပါ၏။ ကလေးဆန်သည့် ဟန်တွေ သူမထံမှာ ရှိနေတုန်းပါလေ။ သို့သော် တည်ငြိမ်ရင့်ကျက်ခြင်းက ထိုဟန်တို့ကို ကွယ်ပျောက်စေသည်ဟု သူ ယူဆမိပါ၏။

"သူ့ကြောင့် လူတွေကို ရူးစေခဲ့တယ်။ လူကို ပြုစားစေတယ်။ အတွေးတွေ လွင့်မျောစေတယ်။ အိပ်မက်တွေ ဖန်ဆင်းပေးတယ်။ စိတ်ကူးတွေယဉ်တတ်လာတယ်။ ကျိတ်ပြီး ပျော်မွေ့စေတတ်အောင် သင်ပေးတယ်။ ဒါပေမဲ့ ..."

သူမစကားသံ တိခနဲရပ်သွားပါ၏။ ဘာများဖြစ်နေပါသလဲ။ ဘာကိုပြောချင်လို့ပါလဲ။ သူမရင်ထဲမှာရှိနေသည့် လူကရော ဘယ်သူများပါလဲ။ အဖြေကို သူမကသာ သိနေတာပါလေ။ မေးခွန်းတွေ တစ်သီကြီးမေးချင်ပေမယ့် သူ မမေးဖြစ်ပါချေ။

"ဒါပေမဲ့ ... အဲဒီအရာကပဲ အဲဒါတွေရဲ့ ဆန့်ကျင်ဘက်တွေကို ပြန်ပေးပြန်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"___"

"ရူးမိုက်စေတယ်။ စိတ်ကို ထွေပြားစေတယ်။ အတွေးတွေကို ရှုပ်ထွေးစေတယ်။ အိပ်မက်တွေ ပျက်သုန်းစေနိုင်တယ်။ စိတ်ကူးတွေ ပျောက်ပျက်ကုန်တယ်။ ဝမ်းနည်းငိုကြွေးစေနိုင်တယ်။ ရှေ့ဆက်မယ့် လမ်းခရီးကို ရှာမတွေ့အောင် ပိတ်ပင်နိုင်စွမ်းရှိတယ်"

"စံ တကယ်ချစ်တတ်နေပြီပဲ"

"မှန်ပါတယ် ကျွန်မ ဝန်ခံပါတယ်။ အဲဒီအချစ်ဆိုတာကို ကြောက်လွန်းလို့ မတွေ့နိုင်အောင် ရှောင်နေခဲ့တာ အရာမထင်ခဲ့ဘူးလေ"

အလွမ်းတွေ ဆွတ်ပျံ့လာသည့်နှယ်ပါ။ ဤမျှအထိ ခံစားသတဲ့လား စံရယ်။ ကိုယ် ဘာလုပ်ပေးရမလဲ။ ဘယ်လိုကူညီပေးရမလဲ။ ဘာနည်းလမ်းမျိုးပြပေးနိုင်မှ စံ ခံစားနေရတဲ့ ခံစားချက်နက်နဲတာတွေ လျော့ပါးပျောက်ကွယ်သွားမှာပါလဲ။ ကူညီပေးပါရစေလားကွယ်။

"ကျွန်မ သိလိုက်ရတဲ့အချိန်မှာအရာအားလုံး နောက်ကျသွားခဲ့ပါပြီ၊ စောင့်စည်းထိန်းချုပ်ထားရတဲ့ ကြွေခြေသိက္ခာတွေ၊ တည်ငြိမ်ရင့်ကျက်ခြင်းတွေ၊ တစ်သက်လုံး ဖုံးအုပ်ကာဆီးထားခဲ့တဲ့ ရှက်ကြောက်ခြင်းတွေ စတဲ့အရာအားလုံး အလကားဖြစ်ခဲ့ရပြီလေ . . ."





ပြီးတော့ အချစ်ဆိုတာ ပြန်လမ်းမရှိတဲ့ခရီးကိုသွားနေတဲ့ မြစ်တစ်စင်းနဲ့အတူတူပါပဲ။ တားဆီးလို့မရဘူး။ အရှိန်အဟုန် ပြင်းပြင်းနဲ့ စီးဆင်းနေတာမျိုးပါ။ ဒါကို ရှင်က ကျွန်မထက်ပိုသိနေမယ်လို့ ထင်ပါတယ်လေ"

အားလျော့လေသလား။ တွဲခေါ်မယ့်လူကို မစောင့်ချင်ဘူးလား စံ။ ဘာပဲဖြစ်ဖြစ် စံလို ကြွေခြေရှင်ကို အသက်တမျှ ချစ်နိုင်မယ့် ကိုယ်လိုလူမျိုးတွေ ထပ်ရှိလာနိုင်ပါသေးတယ်လေ။ တစ်သက်မှာ ဒီတစ်ယောက်ကိုပဲ ရင်ထဲမှာ တစ်သက်လုံး ပွေ့ပိုက်ထည့်သွားတော့မှာလား။ ရင်ခွင်တံခါးကို သော့ဖျောက်ပြီး အပြီးတိုင် ပိတ်ပစ်လိုက်တော့မှာလား စံရယ်။

"ဘာပဲဖြစ်ဖြစ် . . . ချစ်တတ်လာမှ ကိုယ်ချင်းစာ နာတတ်လာတယ်။ နားလည်ပေးတတ်လာတယ်။ ဝေမျှခံစားတတ်လာပါတယ်"

သူမကို ငေးကြည့်နေမိ၏။ ရှည်လျားကော့ညွှန်းနေပါသည့် မျက်တောင်တို့မှာ ပုလဲဥတို့ ခိုသီနေလေ၏။ သို့သော် သူမ မငိုပါ။ မျက်ရည်မကျဘဲ ရင်ထဲ မျိုသိပ်ခံစားရခြင်းက ရင်ကွဲလုမျှ ခံစားရတာကို စံ မသိဘူးလားကွယ်။ ကျိတ်ရှိုက်လိုက်ခြင်းက ပဲ့တင်သံကသို့ ရင်ကို နက်နက်ရှိုင်းရှိုင်း လာရိုက်ခတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို နားလည်ပေးပါလို့ ပြောပါရစေ နေနန္ဒနိုင်"

"စံ"

"အချစ်ဆိုတာ ချစ်တဲ့သူကိုရော အချစ်ခံရတဲ့လူကိုပါ ကူးစက်လောင်ကျွမ်းစေမှန်း ရှင်သင်ပေးခဲ့လို့ ကျွန်မ တတ်မြောက်သိနားလည်ခဲ့ရတာပါ"

"ကိုယ့်တစ်သက် တစ်ဘဝမှာ စံတစ်ယောက်တည်းကိုပဲ နှစ်နှစ်ကာကာ ချစ်ခဲ့တာပါ။ အဲဒီလို ချစ်တတ်လာအောင်လည်း စံက သင်ပေးခဲ့တာပါ။ တကယ်ပါ စံ"

"ကျွန်မ ယုံပါတယ်"

ညနေလေညှင်းက သူတို့နှစ်ယောက်ကို တိုက်ခတ်လိုက်လေ၏။ သက်ပြင်းငွေ့ငွေ့ကလေးနှင့်အတူ မျောပါသွားလေသည်။ သူမ ပြောခဲ့သလိုပင် အချစ်က အနီးရှိလူကိုပါ ကူးစက်ပျံ့နှံ့လောင်တတ်စေပါသလား။ ဒါဆိုရင် မင်းမင်းလည်း သူ့လိုပင် အနည်းနဲ့အများတော့ ရင်ထဲ ပူနေမည်သာ။

"ငါ့ကို သူ ရိုးသားပွင့်လင်းစွာ ဝန်ခံသွားခဲ့တယ်"

"ဘာကိုလဲ"

"ငါ မပြောချင်ဘူး"

"မင်းကလဲ"





"စောင့်စည်းရမယ့်ဝတ္တရားက ရှိနေလို့ပါ။ နားလည်ပေးပါ သူငယ်ချင်း။ သူက ငါ့ကို ပြောပေမယ့် မင်းကို မသိစေချင်ဘူးလေ"

မင်းမင်း စိတ်လှုပ်ရှားသွားပါ၏။ ဘယ်လောက်ပဲ ကြံ့ခိုင်ဆည်နေပါစေ၊ မျက်နှာထက်ပေါ် လွင်သိသာစေတာ မဟုတ်ပါလား။ သူငယ်ချင်းဆိုတဲ့ ကြိုးက မင်းနဲ့ငါ့ကြား စည်းအဖြစ်ရှိနေမယ်လို့ ထင်ထားခဲ့ပေမယ့် အဲဒီကြိုးကိုချည်တတ်ဖို့ စံက ငါ့ကိုပြသပေးခဲ့တာလေ။ (၅၂၈) ဆိုတဲ့ အဖြူရောင်ခပ်ပါးပါးအလွှာလေးကို ငါမြင်သာအောင် သူပြောပြသင်ကြားပေးခဲ့တာပါကွာ။

"မင်း သူ့ကို ချစ်နိုင်ရဲ့လား"

"နန္ဒ"

"ရင့်နှုတ်ပိတ်ခြင်းက အချစ်မဟုတ်ဘူးကွ"

"ငါ့ရင်ထဲရှိတာကို ငါပဲသိနေရင် လုံလောက်ပါတယ်"

"ဟင်း ဟင်း . . . ဒါကြောင့် စံပြောတာကိုး"

"ဘာများလဲ"

မျှော်လင့်ခြင်းအပြည့်ဖြင့် မင်းမင်း၏အကြည့်တို့က လက်ဖြာနေလေ၏။ ခပ်လဲ့လဲ့အရည်ကြည်တို့ထဲမှာ ချစ်ခြင်းတို့ ပျော်ဝင်နေသည်သာ။ ဒါကို မမြင်တတ်ခဲ့ဘူးလား စံရယ်။ မင်းအပေါ် ချစ်ခြင်းမျက်



www.burmeseclassic.com

www.burmeseclassic.com



မင်းကလည်း ချစ်နေပါလျက်နဲ့ တကယ်ချစ်နေကြသူတွေကို သူ့ကြောင့်နဲ့ မဝေးကွာစေချင်ပါလေ။

"အချစ်မှာ သတ္တိရှိဖို့လိုတယ်တဲ့"

"ဘာ"

"မင်းမှာ အဲဒီသတ္တိရှိမနေရင် စံနဲ့နီးစပ်ခွင့်ကို ဒီဘဝရမှာ မဟုတ်ဘူး မင်းအက္ခရာ"

"နန္ဒ . . . ငါ ငါ"

"သူ ည (၇) နာရီ Flight နဲ့"

သူ့စကားမဆုံးခင် မင်းမင်းတစ်ယောက် ကားပေါ် တက်ပြေး ချလေပြီ။ ပျော်ပါစေ သူငယ်ချင်းရယ်။

ပြောကြတာဖြင့် နေမင်းဝိုင်ဟာ မရှိဘူးဆို။ နေမင်းဝိုင်လို့ လမင်း ဖုံးပြီး နေပျောက်ခဲ့ရတဲ့ရက်က ဒီလောကမှာ ဖြစ်တတ်တာပါပဲ။ မျက်ရည်ကျနေသူရဲ့ အပြုံးကို စံသိနေမှာပါနော်။ ဩော် စံရယ်။



## အခန်း (၂၂)

ညှော်ဆောင်ခုံတန်းမှာ ခြေချိတ်လျက် ထိုင်နေမိပါ၏။ လေဆိပ်ထဲမှာ မီးတို့က ထိန်ထိန်လင်းနေလေသည်။ ရင်ထဲမှာ မပျော်နိုင်တာမို့ မျက်နှာက ရှိရင်းစွဲထက် ပိုတင်းမာနေမည်သာ။ ဟိုမှာ ဝတ်လေ့ရှိသည့် အနောက်တိုင်းဝတ်စုံကို ယခုဝတ်ထားပေမယ့် နေသားသိပ်မကျလှ။

ကိုယ့်ကိုယ်ကိုယ် မလုံခြုံသည့်နှယ် ခံစားနေရပါ၏။ ဆံပင်ရှည်တို့ကို ဖြတ်ချင်စိတ်ဖြစ်ခဲ့ပေမယ့် ညီမတွေတားမြစ်တာမို့ မဖြစ်ခဲ့။ ကျစ်ဆံမြီးတစ်ချောင်းတည်းကိုသာ သေသပ်စွာ ကျစ်ခဲ့တာမို့



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားသည့် Suite နှင့်ခြားနားနေမည်သာ။ မြန်မာအမျိုးသမီးနှင့် မအပ်စပ်သည့် Style ပေကိုး။

ရုံးခန်းမှ ထွက်ခွာတော့မည့် လေယာဉ် Airline ကို ကြေညာလိုက်တာမို့ သွားချိန်တန်ပြီမှန်း သိလိုက်ပါသည်။ လမ်းသွားရင် အလုပ်လုပ်တတ်သူမို့ Computer Note Book အသေးစားအိတ်နှင့် Slimbag ကိုသာ ပေါ့ပေါ့ပါးပါး ကိုင်ထားပါသည်။ လေယာဉ်ပေါ်တက်ကာနီးပေးရမည့် လေယာဉ်လက်မှတ်နဲ့ ပြရမည့် Passport ကိုအဆင်သင့် ထုတ်ကိုင်ထားရပါ၏။

သွားနေကျခရီးမို့ အဆန်းမဟုတ်သော်ငြား ခါတိုင်းလို လန်းဆန်း တက်ကြွမှုတို့ ရှိမနေပါဘဲ စိတ်ထဲ နုံးချိနေရလေသည်။ စိတ်ပညာသည့် ဘာသာရပ်ကို ကျွမ်းကျင်တတ်မြောက်ခဲ့ပါလျက် ထိုစိတ်ကပင် ကျွန်မကို နှိပ်စက်နေခဲ့တာပါလေ။ အမျိုးမျိုးသော ဥပမာတွေကို ပြောပြပြီး ကလေးတွေကို သင်ပြလမ်းညွှန်ပေးနိုင်ခဲ့တာပါ။

အခုတော့ အဲဒီလမ်းပြကြယ်က အရောင်မှိန်လို့ မြေသို့ကြွေကျနေခဲ့လေပြီ။ ကောက်ယူသူမဲ့နေသည့် ပန်းတစ်ပွင့်အဖြစ်နဲ့ပါလေ။ မဲ့ပြုံးတစ်ချက် ပြုံးလိုက်မိပါ၏။ မာနတရားကို ကိုးကွယ်မိခြင်းနဲ့ ရလဒ်က နလုံးသားအက်ကွဲခြင်းတဲ့လား။

ချစ်ခဲ့ပါတယ် ခရာ။ တစ်သက်မှာ ဒီတစ်ယောက်ကိုပဲ





ခိုတ်နိုးစွာ ချစ်ခဲ့မိတာပါ။ ဒါပေမဲ့ ဒါကို ခရာ သိစရာမလိုပါ။ ပြောဖို့လိုအပ်လို့ပါလေ။ ဒီကမ္ဘာပေါ်မှာ ကျွန်မတစ်ယောက်တည်း သိနေရုံနဲ့ သုံလောက်ပါတယ် ခရာ။

အချစ်ဆိုတာ မြဲသိပ်စွာ ဖုံးကွယ်ထားခြင်းလို့ပဲ ကျွန်မ ယူဆလိုက်ပါတော့မယ်နော်။

နံဘေးမှ ခရီးသည်တွေ တဖြည်းဖြည်း နည်းနေပြီမို့ လေးပင်စွာ ထရပ်လိုက်ရပါ၏။ တန်းစီပြီး လေယာဉ်ထဲသွားနေပါသည့် လူအုပ်စုနောက်မှ ခပ်ဖြည်းဖြည်း လျှောက်ခဲ့ပါသည်။ အဝတ်အိတ်တွေကအရင်ဆုံး လေယာဉ်ထက်ရောက်နေလေပြီ။

"တီ တီ တီ"

"တောက် . . . ဒီအချိန်မှ လမ်းက ကျပ်ရပြန်တယ်လို့ကွာ"

လေဆိပ်လမ်းကို မရောက်ခင် (၁၀) မိုင်မီးပွိုင့်မှာ အတော်ကြာအောင် ယာဉ်ကြောကျပ်နေပါ၏။ မီးမြန်မြန်စိမ်းလိုက်ပါတော့လား။ ကားကို ချိုးကွေ့လိုက်ပြီး သိပ်မကြာခင် လေဆိပ်ကိုရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



မှာလေ။ ရင်မောခြင်း၏ အဆုံးသတ်မှာ ပျော်ရွှင်ခြင်းတို့ ရှိပါသေး

"ဟောတော် . . . သားလာမယ်ဆို ဖုန်းကြိုဆက်ရောပေ့ သူကို ဘယ်သူမှ လိုက်ပို့တာမလိုချင်ဘူးဆိုပြီး ညနေစောင်းက တည်းက သွားနှင့်ပြီ"

"ကျွန်တော် ဖုန်းဆက်တိုက်ခေါ်နေတာ မရဘူး"

"ဟုတ်တယ် . . . လမ်းသွားရင် ဖုန်းသံက အနှောင့်အယှက် ဖြစ်လို့ဆိုပြီး ဖုန်းပိတ်သွားတာ သမီးအကျင့်ပဲ။ အခုလိုက်သွားလည်း မီနိုင်ပါတယ် သားရဲ့"

ရင်မောတယ် စံ။ ဒီလိုမောပန်းခြင်းတွေနဲ့ ကိုယ့်ကို ဒီမြေ မှာ တစ်ယောက်တည်း မထားခဲ့ပါနဲ့။ နန္ဒနဲ့တွေ့ပြီး လေဆိပ်တန်းပြီး သွားရင် ဖြစ်ပါလျက်နဲ့ အိမ်ကိုသွားရှာမိတာလေး မှားပါပေါ့လား စံ"

"အချစ်မှာ သတ္တိရှိဖို့လိုတယ်" တဲ့လား။ မှန်ပါတယ်စံ ကိုယ်က မရဲဝံ့ခဲ့တဲ့လူပါ။ ကိုယ်က တွေဝေခဲ့တဲ့သူပါ။ ကိုယ်သာလျှင် နှောင့်နှေးခဲ့တဲ့သူပါလေ။ သို့သော် ချစ်ခြင်းကြောင့် မဝံ့မရဲဖြစ်ခဲ့ရတာ ပါ။

အချစ်ကို ရယူပိုင်ဆိုင်ခြင်းထက် ပေးဆပ်ခြင်းဟုသာ ယူဆ သတ်မှတ်ခဲ့မိလို့ပါ။ အထူးသဖြင့် ဘုန်းရှင်ရဲ့ နှလုံးသားကို ဒဏ်ရာ





မပေးစေချင်လို့ ခြစ်ရာလေး မှိန်မှိန်ရေးရေးလေးသော်မျှ အရာမထင် စေချင်တဲ့ စိတ်ရင်းစေတနာကြောင့်ဆိုတာ စံ သိအောင် ဘယ်လို ပြောပြရပါ့မလဲ။

ပြောစရာတွေ ရင်ထဲမှာအပြည့်အသိပ်ရှိနေပါတယ်။ အဆို တော ကိုင်ဇာ (ကိုညီ) ရဲ့ သီချင်းစာသားထဲကလို "အာကာကို လှာပုံပြုလို့ မေယုနဲ့စုတ်တံချို ပင်လယ်ပြာ အဏ္ဏဝါသမုဒ်ကို မင်လုပ် လို့ရေးသီ" ရင်တောင်မှ စံကိုချစ်တဲ့ ချစ်ခြင်းက အဆုံးမသတ်နိုင်တာ ကို စံ သိနိုင်ပါလေစကွယ်။

"အိုး"

"Sorry! I'm so sorry"

"Ok Ok, No problem"

နှုတ်က ပြဿနာမရှိဘူးပြောလိုက်ပေမယ့် လာတိုက်မိသည့် နိုင်ငံခြားသား၏ တရွက်စာတမ်းတို့နှင့်အတူ သူမလေယာဉ် လက်မှတ် ပါ ရောပါသွားတာကမှ တကယ့်ပြဿနာပါလေ။ ပြီးတော့ . . . ထိုနိုင် ငံသားစုအဖွဲ့ဝင်တွေ၏ လက်မှတ်တွေပါ စုကိုင်ထားတာက ပိုဆိုးသွား



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ရယ်အားထက် ငိုအားသန်ပါလား။

ကိုယ်က ဒီနိုင်ငံသူမို့ ကူညီမှုပေးရမည့်တာဝန်က ရှိသေးတ
ပါလေ။ ဝင်မည့်ခရီးသည်တွေ တန်းစီနေသေးတာမို့ တော်ပါသေးရဲ့
Foreginer ကို ကူညီကာ စာရွက်စာတမ်းတွေ ကူကောက်ပေးလိုက်
၏။ လက်မှတ်တွေ ယူထပ်ကာ ကိုယ့်လက်မှတ်ကို အမြန်ရှာရသေ
သည်။

BURMESE CLASSIC

"It's my ticket"

"Oh, you find it. Thank you so much for your hel

"Yes, Sir. Never mine"

ယဉ်ကျေးစွာ နှုတ်ဆက်လိုက်ပြီး ကိုယ်ရပ်ရမည့်ဝင်ပေါ
တန်းဆီ ဆက်လျှောက်လိုက်ပါ၏။ ကျွန်မရှေ့မှာ သုံးဦးခန့်သာ ရှိ
တာမို့ သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိပါသည်။ ရုတ်တရက် ကျွ
လက်ထဲမှ Passport ကို ဆွဲယူခြင်းခံလိုက်ရလေ၏။

"ဟင်"

"စ်"

"ဘယ်ကနေပြီး"

"ပြန်လိုက်ခဲ့ပါ"

"မဟုတ်သေးပါဘူး ... ကျွန်မ"





"မသွားပါနဲ့လို့တားရင် မသွားဘဲနေမှာလား"

လက်ထဲမှာ Passport ရော လက်မှတ်ပါ ရှိမနေတော့တာမို့ ကျွန်မ ရှေ့ဆက်သွား၍ မရတော့ပါ။ အံ့သြစွာဖြင့် သူ့ကို အငေးသား ကြည့်နေမိစဉ် လက်ကောက်ဝတ်ကို ဆွဲယူခြင်းခံလိုက်ရလေ၏။ အလို! ကျွန်မကို အသားချင်းမထိခဲ့သည့်သူက လက်ဆွဲသည်အထိ ရဲနေရတယ်လို့။

"ခရာ ... ကျွန်မ"

ပြောစကားက ဘာမှ ထွက်မလာပါဘဲ သူဆွဲခေါ်ရာဆီ ပါလာခဲ့လေတော့၏။ ပြဿနာပဲ။ ဘာတစ်ခွန်းမှ ထပ်မပြောဘဲ လူကို ဒီအတိုင်း ဆွဲခေါ်လာရသတဲ့လား။ ရှင် ဘယ်လိုပါလဲ မင်းအကြွရာ။

"ကျွန်မ Suitcase က Flight ပေါ်ရောက်နေပြီ ခရာ။ ပြီးတော့"

"စာရွက်စာတမ်းတွေ အကုန်က စံရဲ့လက်ထဲမှာ မဟုတ်လား။ မပျောက်ဘဲ ရှိနေတာလေ"

"ဟုတ်တော့ ဟုတ်ပါတယ် ... ဒါပေမဲ့"

"အချစ်က အရာရာကို တားဆီးနိုင်တယ်ဆို"

"ရှင်"

"ဒါဖြင့် ... ကိုယ့်ကို ထားမသွားပါနဲ့လို့ စံကို တားပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက"

"ပြီးတော့ . . . အချစ်မှာ သတ္တိရှိဖို့ လိုအပ်တယ်ဆို"

"ခရာ"

"ကိုယ့်မှာ ဖွင့်ပြောဖို့ သတ္တိအပြည့်ရှိပါတယ် စံ။ ဖွင့်ပြောဖို့လည်း ကြိုးစားခဲ့ပါတယ်။ အချိန်အခါကို စောင့်နေမိတဲ့ တွေဝေမှုကြောင့် ဆိုတာ"

"ခရာ . . . တစ်ဆိတ်၊ ကျွန်မပြောတာ"

"ကိုယ် စံကို သိပ်ချစ်ပါတယ်။ တစ်သက်မှာ တစ်ယောက်ကိုပဲ ပြောဖို့ သိမ်းဆည်းထားတဲ့စကားတစ်ခွန်းပါ"

အလိုလေး ပြောမယ့်ပြောတော့လည်း လူကြားထဲ ဒီတိုင်းပြောချလိုက်တာပါလေ။ ဘေးဘီဝဲယာမှာ ရှိနေသည့် လူတွေ၏ အကြည့်တို့က ကျွန်မကို နေရခက်စေပါ၏။ သူဆုပ်ကိုင်ထားသည့် ကျွန်မလက်ကို ရုန်းနေပေမယ့် သူက လွှတ်မပေးပါလေ။

"ဘာလဲ . . . ကဗျာဆန်ဆန် ဖွင့်ပြောတာမဟုတ်လို့ မကျေနပ်တာလား"

"ခရာနော် . . . လူကိုများ"

"လိုက်မယ်မဟုတ်လား"

"ဘယ်ကိုလဲ"





"လူတွေနဲ့ အဝေးဆုံးကို"

"အို . . . မဟုတ်တာ"

"ဒါဆို . . . မလိုက်ဘူးလား"

မျက်စောင်းတစ်ချက်သာ ထိုးမိလေတော့၏။ ကားရှိရာဆီ လျှောက်ခဲ့ကြပြီး ကားပေါ်တက်စဉ် ဘာမှမပြောပါဘဲ ကျွန်မနဖူးကို သူ စည်းကျော်လေသည်။ ကျွန်မ စိတ်မဆိုးဖြစ်ပါချေ။ သေချာတာကတော့ ကျွန်မကို သူချစ်၍ ဤသို့ပြုမူခြင်းဟု ယူဆမိခြင်းကြောင့်ပါပဲ။

ကျေးဇူးပါ နေနန္ဒနိုင်။ တစ်ခါတလေ ရန်သူဆိုတာလည်း မိတ်ဆွေဖြစ်ကောင်း ဖြစ်နိုင်တယ်ဆိုတာကို လက်တွေ့သိလိုက်ရလို့ပါလေ။ ရှင့်အတွက် စိတ်မကောင်းဖြစ်ပေမယ့် ရင်ထဲမှာ ပျော်နေမိတဲ့ လင်းလက်စန္ဒာရဲ့ ချစ်ခြင်းကြောင့် နားလည်ခွင့်လွှတ်စေချင်ပါတယ်။

လေးစားလျက် . . .

မမသဒ္ဒါမောင်

14th March 2015

AM (00:22)



www.burmeseclassic.com